http://www.dhammadownload.com




အလှူခံတစ်ကျိပ်လေး

ဓမ္မဒူတ အရှင်ပညာဇောတ

အလှူခံတစ်ကျိပ်လေး ဓမ္မဒူတ အရှင်ပညာဇောတ

http://www.dhammadownload.com



http://www.dhammadownload.com

အလှူခံတစ်ကျိပ်လေး

ကျမ်းစာအမှတ် (၁၇)

ဓမ္မဒူတ အရှင်ပညာဇောတ

(ဝိသိဋ္ဌ ဒီဃ ဘာဏက နှင့် သိရိပဝရ ဓမ္မာစရိယ)

ဖြန့်ချိရေး

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်၊
ပေါက်စေတီဓမ္မရိပ်သာ ဝေယျာဝစ္စအဖွဲ့မှ ဖြန့်ချိသည်။
ဖုန်း-၆၆၀၁၄၇

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

တန်ဖိုး - ( ) ကျပ်

စာမူခွင့်ပြုခြင်းအမှတ် - ၉၈၉/၉၂ (၁၀)

မျက်နှာဖုံးခွင့်ပြုခြင်းအမှတ် - ၁၄၁/၉၂ (၁၂)

မျက်နှာဖုံးပန်းချီ - ဒီဖိုင်းဝင်းပေါ်မောင်

ပုံနှိပ်ခြင်း - ဒုတိယအကြိမ်

စာအုပ်ရေ - (၂၀၀၀) အုပ်

ထုတ်ဝေသည့်လ - ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ

မျက်နှာဖုံးပုံနှိပ်သူ - ဦးတိုးဝင်း (ဝ၂၄၃၁)
နေလရောင်အော့ဖ်ဆက်
(၉၆/ခ)၊ ၁၁-လမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ - ဦးဇင်းကို (ဝ၁၄၈၄)
ဟိန်းစိုးပုံနှိပ်တိုက်
အမှတ်(၁၅၈)၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးသန်းမြင့် (ဝ၁၀၄၀)
လင်းလင်းစာပေ
(၉၃၇)၊ ၁၀-မိုင်၊ အင်းစိန်၊ ရန်ကုန်မြို့။

http://www.dhammadownload.com

မာတိကာ

* အတ္ထုပ္ပတ္တိ အကျဉ်းချုပ် ... ၈
* နိဒါန်း ... ၁
၁။ အနုမောဒနာ ... ၁၃
၂။ ညီညွတ်ခြင်းကြောင့် ... ၁၇
၃။ ဒကာ ၂-ယောက် ရောက်လာ ... ၂၁
၄။ တောင်ကျောတွေ့ပုံထားတယ် ... ၂၄
၅။ ကုသိုလ်ကမှ နိဗ္ဗာန်ပို့ ... ၂၈
၆။ အလှူခံရွေး-မရွေး ... ၃၅
၇။ တိရစ္ဆာန်လူ ... ၃၈
၈။ သီလမဲ့လူ ... ၄၀
၉။ ခွေးတစ်ကောင်နှင့်
လူဆိုးတစ်ယောက် ... ၄၂
၁၀။ သီလရှိလူ ... ၄၄
၁၁။ သာသနာ့လယ်မြေ ... ၄၇
၁၂။ ဝေလာမအလှူကြီး ... ၄၉
၁၃။ အလှူရှင် သီလပြည့်ရမည် ... ၅၂

http://www.dhammadownload.com

၁၄။ အလှူခံလည်း သီလရှိရမည် ... ၅၄
၁၅။ အရပ်ထဲမှာ ဖြစ်ခဲ့ပါ ... ၅၇
၁၆။ ကောင်းတာမပါ ... ၅၉
၁၇။ အတင်းလာပြောသေးတယ် ... ၆၁
၁၈။ တရားတိုတိုဟောပါ ... ၆၂
၁၉။ သတ်ဖြတ်လှူ ... ၆၂
၂၀။ အသံခွဲစက် ဒုက္ခ ... ၆၄
၂၁။ ဘုန်းကြီးကြွမှ ဇော်ချ ... ၆၆
၂၂။ သီလပျက်အောင် ဖျက်ရာကျ ... ၆၈
၂၃။ တရားနှင့် လျော်ရမည် ... ၇၁
၂၄။ စေတနာသုံးတန် ပြည့်စုံရမည် ... ၇၃
၂၅။ ကံနှင့်ကံကျိုး ယုံကြည်ခြင်း ... ၇၃
၂၆။ ပုတ်မှောက်ထားရတဲ့အလှူ ... ၇၅
၂၇။ ကောသလမင်း အမေး ... ၇၈
၂၈။ ဈာန်ရလှူ ... ၈၃
၂၉။ သောတာပန်လောင်းအလှူခံ ... ၈၆
၃၀။ တရားလည်းလှူ
နိဗ္ဗာန်လည်းလှူ ... ၈၉
၃၁။ တရားအလှူအဓိက ... ၉၂
၃၂။ မေ့မရတဲ့ကုသိုလ် ... ၉၅
၃၃။ စနစ်တကျတိုက်ခိုက်နေ ... ၉၈
၃၄။ နေရာမှန် လူမှန် ... ၁၀၀
၃၅။ တရားလှူမှ ကြီးမြတ်လှ ... ၁၀၆

http://www.dhammadownload.com

၃၆။ အားကိုးလောက်တဲ့ အလှူကြီး ... ၁၀၇
၃၇။ ဘဝချုပ်ငြိမ်းရေး ... ၁၀၈
၃၈။ ဇောတိကသူဌေး ... ၁၁၁
၃၉။ ဘုရားအဆူဆူ ... ၁၁၇
၄၀။ သံဝေဂဖြစ်ရဟန်းပြု ... ၁၂၁
၄၁။ သံသရာရှည်တို ... ၁၂၃
၄၂။ ဘေးကိုကြည့်ပါ ... ၁၂၄
၄၃။ တောင်းလို့ရတာလား ... ၁၂၇
၄၄။ ကုသိုလ်ကပို့တယ် ... ၁၂၈
၄၅။ ဆိပ်ကမ်းများလို့ကြာ ... ၁၂၉
၄၆။ သာဓုခေါ်နည်း ... ၁၃၁
၄၇။ နားမလည်သူ ... ၁၃၅
၄၈။ ရေစက်ချ ... ၁၃၆
* နိဂုံး ... ၁၄၁

http://www.dhammadownload.com

http://www.dhammadownload.com

ဘိုးလင်းမြို့နယ် တောင်စွန်း
ဓမ္မဒူတတောရဇ၏

ပဓာန နာယက ဓမ္မဒူတ အရှင်ပညာဖောတ၏

ထေရုပ္ပတ္တိအာကျဉ်း

၁။ (က) **ဘွဲ့တော်** ဓမ္မဒူတအရှင်ပညာဖောတ
(ခ) **အသက်သီကာ** ၅၈ နှစ် ၃၈ ဝါ
(ဂ) **သီတင်းသုံးရာဌာန** မွန်ပြည်နယ်၊
ဘိုးလင်းမြို့နယ်၊
တောင်စွန်းဓမ္မဒူတတောရ

၂။ ဖွားမြင်တော်မူခြင်း
(က) **ဖွားမြင်ရာဌာန** ပဲခူးစုကျေးရွာ၊ လက်ပံလှ
ကျေးရွာအုပ်စု
ဟသံတမြို့နယ်၊
ရောဝတီတိုင်း။

http://www.dhammadownload.com

(ခ) **ခမည်းတော်** ဦးတွတ်
မယ်တော် ဒေါ်ငွေတင်

(ဂ) **ဖွားသက္ကရာဇ်** ၁၂၉၆ခုနှစ်၊
နတ်တော်လပြည့်
ကျော် ၁၄ ရက်
ကြာသပတေးနေ့
နံနက် ၁၀း၁၅ နာရီ။

(ဃ) **မွေးချင်းအရေအတွက်**

၁။ ဒေါ်သိန်း ၂။ အရှင်သုမိတ္တာဘိဝံသ
၃။ ဦးသန်းမောင် ၄။ ဦးသောင်း
၅။ ဦးလှထွန်း ၆။ ဓမ္မဒူတအရှင်ပညာဇောတ
၇။ ဒေါ်မြင့် ၈။ ဦးအုန်းမောင်
အားဖြင့် (၈) ယောက် ဖြစ်သည်။

၃။ **ရှင်ရဟန်းအဖြစ်သို့ရောက်ခြင်း –**

(က) **ရှင်ဖြစ်ရာဌာန** ဟင်္သာတမြို့နယ်
ရေလဲကျေးရွာ
စာသင်တိုက်။

ခုနှစ် လ ရက်နေ့ ၁၃၀၈ ခုနှစ်၊ ဝါဆိုလဆန်း
၈ ရက်နေ့။

(ခ) **ဥပဇ္ဈာယ်ဆရာ** အရှင်ဥတ္တမ
ရေလဲကျေးရွာ
စာသင်တိုက်။

ဒါယကာ မိဘနှစ်ပါး။

http://www.dhammadownload.com

(ဂ) **ရဟန်းပြစ်ရာဌာန** ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရွှမ်းလမ်း အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်၊ ဗဒ္ဓသိမ်။

ခုနှစ် လ ရက်နေ့ ၁၃၁၆ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်နေ့ နံနက် ၉း၁၅ နာရီ။

(ဃ) **ရဟန်းဥပဇ္ဈာယ်ဆရာ** ဖေယျဝတီ ကျောင်းတိုက်၊ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင် ဥက္ကံသမဟာထေရ်။

ရဟန်းဒါယကာ ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်း သင်္ဃာပွဲရုံ၊ ဦးစံ-ဒေါ်တင်။

(င) **ရှင်ဘွဲ့တော်** ရှင်ပညာဇောတ

ရဟန်းဘွဲ့တော် အရှင်ပညာဇောတ

၄။ **စာပေပရိယတ္တိသင်ကြားတော်မူခြင်း** -

၁၂-နှစ်အရွယ်မှစ၍ နောင်တော် အရှင်သုမိတ္တာဘိဝံသစာသင်ရာ ဟင်္သာတမြို့နယ်၊ ရေလဲရွာ စာသင်တိုက်ဆရာတော်အရှင်ဥတ္တမထံ၌ သဒ္ဒါ သင်္ကြိုဟ် စသော

http://www.dhammadownload.com

အခြေခံကျမ်းစာများ နှင့် ငါးရာငါးဆယ်၊ ဓမ္မပဒဝတ္ထု စသော ကျမ်းစာများကို သင်ယူခဲ့ပါသည်။

အထက်တန်းပညာများကို ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရှမ်းလမ်း၊ အောင်မင်္ဂလာသိဒ္ဓိ ကျောင်းတိုက် ဆရာတော်အရှင် ဥတ္တမ၊ နောင်တော် အရှင်သုမိတ္တာဘိဝံသ (စ-အ ဓမ္မာစရိယ) အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ၊ မန္တလေးမြို့ မစိုးရိမ်တိုက် နာယကဆရာတော် အရှင်ကောဝိဒါဘိဝံသ (သ-စ-အ ဓမ္မာစရိယ) မန္တလေးမြို့၊ ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင်နာရဒါဘိဝံသ၊ စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဣန္ဒက၊ စစ်ကိုင်းတောင်ရိုးနန်းဦးတိုက်သစ် ဆရာတော် အရှင်နန္ဒိယ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်များထံတွင် သင်ကြားခဲ့ပါသည်။

အင်္ဂလိပ်စာ စသော ခေတ်ပညာများနှင့် သာသနာပြုနည်းများကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ သံဃတက္ကသိုလ်မှ နာယက ဆရာတော် ကမ္ဘာသာသနာပြု အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သေဋ္ဌိလ၊ ဆရာကြီးဦးလှမောင်၊ ဦးဖေအောင်၊ ဦးစင်္ကွန်းမှတ်ဝင်း စသော ဆရာများထံ၌ သင်ကြားခဲ့ပါသည်။

ပဋိပတ်ကျင့်နည်းကို ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပ မြို့နယ် ရွှေဥမင်တောရဆရာတော် အရှင်ကောသလ္လထံ၌ နည်းခံကျင့်သုံးခဲ့ပါသည်။

http://www.dhammadownload.com

တရားဟောအတတ်ကို အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာ ဘိဝံသ၊ တိပိဋကဓရမဟာဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဝိစိတ္တသာရာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ပဒ္မာန်းဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးတို့၏ အဆုံးအမ သြဝါဒများကို နာခံရာမှ တတ်ခဲ့ပါသည်။

စာပေကျမ်းဂန် ရေးသားပြုစုခြင်းအတတ်ကို အဂ္ဂမဟာပဏ္ဍိတ ကျမ်းပြုအကျော် အရှင်ဇနကာဘိဝံသနှင့် နိုင်ငံကျော် စာရေးဆရာကြီး ဦးသော်ဇင်တို့၏ နည်းညွှန်မှုဖြင့် တတ်ခဲ့ပါသည်။

၅။ **အောင်မြင်ခဲ့သော စာမေးပွဲများ** –

အစိုးရစာချတန်း၌ မြန်မာဂုဏ်ထူးတန်းနှင့်တကွ အောင်မြင်ခဲ့၍ 'သာသနဓဇ သိရီပဝရဓမ္မာစရိယ' ဘွဲ့တံဆိပ်ကို ရရှိခဲ့ပါသည်။ တိပိဋကဓရ ရွှေးချယ်ပွဲ၌ သုတ်သုံးကျမ်းကို အထောက်အမလွတ်ကင်းသန့်ရှင်းစွာ ပြန်ဆိုနိုင်သဖြင့် 'ဗုဒ္ဓသာသန ဝိသိဋ္ဌ ဒီဃဘာဏက' ဘွဲ့တံဆိပ်ကို ရရှိခဲ့ပါသည်။ စေတီယင်္ဂဏစာမေးပွဲ၌ သုတ်သုံးကျမ်းကို အထောက်အမလွတ်ကင်း သန့်ရှင်းစွာ ပြန်ဆိုနိုင်သဖြင့် 'အဘိသိရိပဝရ သာသနာလင်္ကာရ ဒီဃနိကာယဓရ' ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့ပါသည်။

http://www.dhammadownload.com

၆။ **စာပေကျမ်းဂန်များ ရေးသားပြုစုခြင်း –**

၁။ ဒါနဝတ္ထု (၃)ကြိမ်ရိုက်ဆဲ
၂။ သီလဝတ္ထု ″
၃။ ဗုဒ္ဓဓမ္မပြဿနာများ(၁) ″
၄။ ဘာဝနာဝတ္ထု ″
၅။ ဒေါသဖြေဖျောက်နည်း (၂)ကြိမ်ရိုက်ဆဲ
၆။ ဗုဒ္ဓဓမ္မပြဿနာများ(၂) ″
၇။ ဗုဒ္ဓ၏သက်သတ်လွတ် ″
၈။ ဗုဒ္ဓဓမ္မပြဿနာများ(၃) ″
၉။ ရှင်လောင်းသင် ရှင်ကျင့်ဝတ် ″
၁၀။ ဗုဒ္ဓဓမ္မပြဿနာများ(၄) ″
၁၁။ အယူဝါဒ ရှင်တမ်း ″
၁၂။ ဗုဒ္ဓဓမ္မပြဿနာများ(၅) ″
၁၃။ ဗုဒ္ဓဓမ္မပြဿနာများ(၆) ″
၁၄။ ငြင်းခုံပွဲမှ အမြတ် ″
၁၅။ မွေးမွေးမေတ္တာ ″
၁၆။ ဗုဒ္ဓဓမ္မပြဿနာများ(၇) ″
၁၇။ အလှူခံတစ်ကျိပ်လေး (၂)ကြိမ်ရိုက်ပြီး
၁၈။ ဗုဒ္ဓဓမ္မပြဿနာများ(၈) (၂)ကြိမ်ရိုက်ဆဲ
၁၉။ ဓမ္မာနုပဿနာသတိပဋ္ဌာန်းရွှမ်းနည်း
အချုပ် (၄)ကြိမ်ရိုက်ဆဲ
၂၀။ ဝေဒနာရွှမ်းနည်း (၃)ကြိမ်ရိုက်ပြီး

http://www.dhammadownload.com

၂၁။ မီးကျီးတွင်းမှ ပွင့်သော ကြာ (၂)ကြိမ်ရိုက်ဆဲ
၂၂။ ဓမ္မစ္ဆရာယ် ကာကွယ်ရေး (၂)ကြိမ်ရိုက်ဆဲ
၂၃။ ဗုဒ္ဓဓမ္မပြဿနာများ(၉) ။
၂၄။ သာသနာ့လမ်းစဉ် (၂)ကြိမ်ရိုက်ပြီး
၂၅။ မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော် (၂)ကြိမ်ရိုက်ဆဲ
၂၆။ အလှူသင်တန်း (၂)ကြိမ်ရိုက်ဆဲ
၂၇။ အမှောင်နှင့် အလင်း (၂)ကြိမ်ရိုက်ဆဲ
၂၈။ မျှတမှ တရားရ (၂)ကြိမ်ရိုက်ဆဲ
၂၉။ အနေကဇာတင်နည်း(၇)နည်း (၁)ကြိမ်ရိုက်ပြီး
၃၀။ ဓာရဏာပရိတ်တော်နှင့်
ဘုရားရှိခိုးများ ။
၃၁။ သက်ရှင်ဆွမ်းကျွေးတရားတော် (၂)ကြိမ်ရိုက်ပြီး
၃၂။ ဗုဒ္ဓဓမ္မပြဿနာများ(၁၀) (၁)ကြိမ်ရိုက်ပြီး
၃၃။ ဓာရဏာပရိတ်နှင့်
ပါဠိဖတ်နည်း ပုံသေနည်း (၁)ကြိမ်ရိုက်ပြီး
၃၄။ ဝိဇ္ဇာနှင့် စရဏ (၁)ကြိမ်ရိုက်ပြီး
တို့ ဖြစ်ပါသည်။

ဆက်လက်ရေးသားဆဲ ကျမ်းစာများမှာ –

၁။ ဗုဒ္ဓဓမ္မပြဿနာများ(၁၁)
၂။ မဲ့သေပြီးသေ
၃။ အလှူပေးခြင်းအကြောင်းရင်း
၄။ ဒဏ်ဆယ်ပါး
စသည်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

၇။ **တည်ထောင်ခဲ့သော စာသင်တိုက်များ –**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် တောင်စွန်း၌ ဓမ္မဒူတ တောရစာသင်တိုက်ကို တည်ထောင်၍ ရှင်ရဟန်း ၆၀ ကျော်တို့အား မူလ–ငယ်–လတ်–ကြီး စာချတန်း စာဝါများကို သင်ကြားပို့ချလျက်ရှိပါသည်။

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် တောင်စွန်း၌ မဏိဇေယျုံသီလရှင်စာသင်တိုက်ကို တည်ထောင်ကာ မူလ–ငယ်–လတ်–ကြီး စာချတန်း တို့ကို သင်ကြား ပို့ချလျက် ရှိပါသည်။

မဏိဇေယျုံသီလရှင် စာသင်တိုက်၌ သီလရှင် (၅၀) ကျော် ရှိကာ ၁၃၅၀ခုနှစ်၌ တစ်နိုင်ငံလုံး သီလရှင် အငယ်တန်း ပထမ၊ ၁၃၅၁ ခုနှစ်၌ တစ်နိုင်ငံလုံး၌ မူလတန်း သီလရှင် ပထမ၊ ၁၃၅၂ ခုနှစ်၌ တစ်နိုင်ငံလုံး၌ သီလရှင်အငယ်တန်း ပထမနှင့် အလတ်တန်း ပထမ ရရှိခဲ့ပါသည်။

ရောဝတီတိုင်း၊ ကျုံပျော်မြို့နယ်၌ အင်းရဲ ဓမ္မဒီပ ရိပ်သာကို တည်ထောင်ကာ ရှင်ရဟန်း သီလရှင်များကို ပရိယတ်–ပဋိပတ် သင်ပြလျက် ရှိပါသည်။ ရှင်ရဟန်း (၁၀)ကျော်နှင့် သီလရှင် (၂၀)ကျော်ရှိပါသည်။ မူလ–ငယ်–လတ်များ အောင်ကြပါသည်။

http://www.dhammadownload.com

၈။ **ကြည်ညိုဖွယ်ရာ ထူးခြားသောဂုဏ်ရည်များ –**

ဆရာတော်၏ ဟောပြောပြသမှုကြောင့် ဘာသာခြားများစွာပင် ဗုဒ္ဓသာသနာဝင်ဖြစ်လာပြီး ခေတ်ပညာတတ် ဘွဲ့ရ ကျောင်းသူကျောင်းသားများ၊ ဆရာ ဆရာမများ၊ ရှင်ရဟန်း သီလရှင် အဖြစ်သို့ ကူးပြောင်းလာကြသည်။

ဆရာတော်၏ ဓမ္မဒူတ–မဏိဇေယျ်–ဓမ္မဒီပ ကျောင်းတိုက်သုံးတိုက်၌ ခေတ်ပညာတတ် ဘွဲ့ရ ရဟန်းသီလရှင်တို့ကဆရာတော်၏လက်ထောက်အဖြစ် တာဝန်ခွဲဝေယူကာ သာသနာ ပြုလျက်ရှိပါသည်။ ဆရာတော်သည် သာသနာတော်အတွက် အဓိကကျသော ဘုရားပွဲကြီးများ၊ စာပြန်စာမေးပွဲကြီးများ၊ အလှူပွဲကြီးများ၌ တရားဓမ္မဟောပြလျက်ရှိရာ ယနေ့ထိပင် ဖြစ်ပါသည်။

ဆရာတော်သည် ဓမ္မာနုပဿနာ သတိပဋ္ဌာန်နည်းဖြင့် ဆယ်ရက်စခန်းများပြသလျက်ရှိရာ တစ်နှစ်၌ ရှိသော ရက်ထက်ပင်များနေ၍ လက်ထောက် သုံးလေးပါးနှင့် တွဲဖက်ကာ ရက်အား မရှိသလောက်ပင် တရားပြလျက်ရှိရာ ယနေ့ထိပင် ဖြစ်ပါသည်။

၉။ **ထူးခြားသော မိန့်မှာချက်များ –**

"သာသနာတော်၌နေသော သာသနာ့ဝန်ထမ်းဆိုတာ အမြဲတမ်းဝန်ထမ်းနေရမယ်။ ဝန်ပေါ့နေလို့ မဖြစ်ဘူး။ သာသနာ့ တာဝန်ဆိုတာ သင်တာ ကျင့်တာပဲ။

http://www.dhammadownload.com

သင်ယူရင်း ကျင့်ရမယ်။ ကျင့်ရင်းလည်း သင်ယူရမယ်။ မသင်မကျင့်လျှင်သာသနာ့ဝန်ထမ်းမဟုတ်ဘူး။ သာသနာတော်နဲ့ မထိုက်တန်ဘူး"

"မိမိတို့အတွက် သင်ကျင့်ပြီးလျှင် အများအတွက် သာသနာပြုရမယ်။ တစ်ကိုယ်ကောင်း ကြောင့်ကြမဲ့ မနေရဘူး။ ဗုဒ္ဓဘုရားသည် ပရိနိဗ္ဗာန်ဝင်စံသည့်တိုင် အောင် သတ္တဝါများအတွက် အကျိုးဆောင်သွားသလို မိမိတို့အတွက်လည်း သေသည့် တိုင်အောင် သာသနာ့ အကျိုးကို သည်ပိုးရွက်ဆောင်ကြပါ"ဟု မိန့်ကြားလေ့ ရှိပါသည်။



http://www.dhammadownload.com

နိဒါန်း

၁။ အဘယ်တရားတို့ကို ဒါနဟုခေါ်သနည်း။
၂။ အဘယ်ကြောင့် ဒါနဟု ခေါ်သနည်း။
၃။ ဒါန၏ လက္ခဏာ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်
တို့ကား အဘယ်တရားများ ဖြစ်ကြသနည်း။
၄။ ထိုဒါနသည် အဘယ်မျှ အပြားရှိသနည်း။
၅။ ထိုဒါန၏ အာနုဘော် ကြီးမြင့်ကြောင်းကား
အဘယ်နည်း။
၆။ ထိုဒါန၏ အာနုဘော်ဆုတ်ယုတ်ကြောင်းကား
အဘယ်နည်း။

အိုစာရှူသူ မိမိသည်ယင်းစိစစ်ချက် ၆ ချက်ကို အခြေခံထား၍ "ဒါနဝတ္ထု" အမည်ဖြင့် စာတစ်အုပ် ရေးသားခဲ့ပါသည်။ စာရှူသူ ဖတ်ရှုပြီးကောင်း ပြီးပါလိမ့်မည်။

သို့ဖြစ်၍ ယင်းအချက်တို့နှင့်ပတ်သက်၍ သိချင်ပါမူ "ဒါနဝတ္ထု" ကိုသာ ပြန်လည်ဖတ်ရှုပါဟု ညွှန်ကြားလိုပါသည်။ ယခုအလှူခံ တစ်ကျိပ်လေးဦးမှ ယင်းတို့ကို မရေး

http://www.dhammadownload.com

တော့ဘဲ အလှူခံတစ်ကျိပ်လေးတို့အား လှူဒါန်းရာ၌ အကျိုးချင်းကွာခြားပုံကိုသာ ရေးထားပါသည်။ အလှူခံ တစ်ကျိပ်လေးကို မဖတ်မီ ယင်း ၁၄ တို့ကို ကြိုတင် သိသင့်ပါသည်။

၁။ ဘုရားရှင်အား လှူဒါန်းခြင်း၊

၂။ ပစ္စေကဗုဒ္ဓါတို့အား လှူဒါန်းခြင်း၊

၃။ ဘုရားတပည့်သား ရဟန္တာပုဂ္ဂိုလ်အား သို့မဟုတ် အရဟတ္တဖိုလ်၌ တည်သောပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊

၄။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ကြံ နေသောပုဂ္ဂိုလ်သို့မဟုတ် အရဟတ္တမဂ်၌ တည်သော ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊

၅။ အနာဂါမ်ပဂ္ဂိုလ် သို့မဟုတ် အနာဂါမိဖိုလ်၌ တည်သော ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊

၆။ အနာဂါမ်ဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ကြံ နေသော ပုဂ္ဂိုလ် သို့မဟုတ် အနာဂါမိမဂ်၌ တည်သောပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊

၇။ သကဒါဂါမိပုဂ္ဂိုလ် သို့မဟုတ် သကဒါဂါမိဖိုလ်၌ တည်သောပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊

၈။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုနိုင်ရန်

http://www.dhammadownload.com

ကျင့်ကြံနေသောပုဂ္ဂိုလ် သို့မဟုတ် သကဒါ
ဂါမိမဂ်ဌတည်သောပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊

၉။ သောတာပန်ပုဂ္ဂိုလ်သို့မဟုတ် သောတာပတ္တိ
ဖိုလ်ဌတည်သောပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊

၁၀။ သောတာပတ္တိဖိုလ်ကိုမျက်မှောက်ပြုနိုင်ရန်
ကျင့်ကြံနေသောပုဂ္ဂိုလ် သို့မဟုတ် သောတာ
ပတ္တိမဂ်ဌတည်သောပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊

၁၁။ သာသနာတော်ပ အခါ ဈာန်အဘိဉာဉ်ရသော
ရသေ့တို့အား လှူဒါန်းခြင်း၊

၁၂။ သီလရှိသောလူ ပုထုဇဉ်တို့အား လှူဒါန်းခြင်း၊

၁၃။ သီလမဲ့သောလူ ပုထုဇဉ်တို့အား လှူဒါန်းခြင်း၊

၁၄။ တိရစ္ဆာန်တို့အား လှူဒါန်းခြင်း။

ဟူ၍ အလှူခံတစ်ကျိပ်လေးရှိပါသည်။ ယင်းကို အလွယ်မှတ်နိုင်ရန် လက်ာနှင့်မှတ်လိုသော်–

"ဘုရားမြတ်စွာ၊ ပစ္စေကာနှင့်၊ ရိယာရှစ်ဝ ဈာန်ရ ဗာဟာ၊ နှစ်လီပုထုဇဉ်၊ တိရစ္ဆာန်၊ လှူခံတစ်ကျိပ်လေး" ဟူ၍ ကျက်မှတ်ရာ၏။

အို–စာရှုသူ၊ ဤလောကဌ မပေးလှူသူဟူ၍မရှိပါ။ ပေးလှူဖူးကြသူချည်း ဖြစ်ကြပါသည်။ ယင်းသို့ပြုရာဌ အကျိုးကြီး အကျိုးမကြီးဟူ၍ ခွဲခြားသိမြင်သူ နည်းပါးပါသည်။ တချို့ကလည်း ဒါနကို သံသရာရှည်သည်ဟု

http://www.dhammadownload.com

ပယ်ကြပြန်သည်။ ဤသို့ဖြင့် ဒါနအရေးမှာ ရှုပ်ထွေးနေပါသည်။

အို–စာရှုသူ၊ ယခုဘဝမှာပင် ရဟန္တာစင်စစ် ဖြစ်နိုင်သော စွမ်းရည် သတ္တိရှိသူမှန်ပါက စွမ်းရည်သတ္တိရှိသည့်အတိုင်း ရဟန္တာဖြစ်ပါက နောင်ဘဝအသစ် ထူထောင်ရန် မလိုတော့ပါ။

ဒါနဟူသည် ဘဝအသစ် စည်းစိမ်အသစ်တွေကို ဖြစ်စေနိုင်သောတရား ဖြစ်ပါသည်။ ယခုဘဝ၌ပင် သံသရာကိစ္စတုံးစေ မည့်ပုဂ္ဂိုလ်မှာ အနာဂတ် ဘဝ အသစ်ဟူ၍ မရှိသောကြောင့် ဒါနပြုလုပ်သော်လည်း ဒါနအကျိုးပေးစရာ ဘဝသစ်မရှိတော့သည့်အတွက် ဒါန သည် အပိုသာဖြစ်၍နေပါသည်။

ထို့ကြောင့် နောက်တစ်ဖန် ဘဝ မဖြစ်တော့ပါ။ ယခုဘဝ အတွင်းမှာပင် ကိလေသာကုန်ခန်း ရဟန္တာ ဖြစ်အောင် အားထုတ်နိုင်စွမ်းရှိသော အာဇာနည်ပုဂ္ဂိုလ် ကြီးများအတွက်–

"တိဟိတ် ပဋိသန္ဓေနေသော ရင့်မာသော ပညာရှိဟူသည် ထက်မြတ်သော လုံလဝီရိယဖြင့် သီလမှာတည်၍ စိတ်တည်း ဟူသော သမာဓိ တရား၊ ဝိပဿနာတရားတို့ကို ပွားများလျှင် တဏှာ အရှုပ်အထွေးကို ဖြေရှင်းနိုင်ရာ၏"

ဟူ၍ ဒါနအကြောင်း အရိပ်အမြွက်မျှ မပါဘဲ

http://www.dhammadownload.com

သီလ-သမာဓိ-ပညာသိက္ခာ ၃-ပါးကိုသာ အဓိကထား၍ မြတ်စွာဘုရားဟောကြားတော်မူခြင်း ဖြစ်ပါသည်။

ယင်း၌ ဒါနအကြောင်းအရာ အရိပ်အမြွက်မျှ မလာမရှိပါ။ နိဗ္ဗာန်ရောက်ကြောင်းမဂ္ဂင်တရား ၈-ပါး၌လည်း သီလဆိုင်ရာမဂ္ဂင်၊ သမာဓိဆိုင်ရာမဂ္ဂင်၊ ပညာဆိုင်ရာမဂ္ဂင်အားဖြင့် ၃-ပါးသာ ပါဝင်ပါသည်။ ဒါနဆိုင်ရာမဂ္ဂင်ဟူ၍ မလာမရှိပါ။

သို့ဖြစ်၍ ဒါနတရားသည် ဘုရားအလိုတော်ရှိသောတရား မဟုတ်၊ နိဗ္ဗာန်ရောက်ကြောင်း တရားလည်း မဟုတ်၊ သံသရာကိုခဲ့ထွင်သောတရားသာဖြစ်သည်ဟု အထင်လွဲတတ်ပါသည်။ ယင်းသို့ကား မဟုတ်ပါ။

ဒါနတရားသည် စိတ်နှလုံးကို နူးညံ့စေတတ်သောတရား ဖြစ်၏။ တစ်စုံတစ်ခုသောအလှူဒါနကို ပြုလုပ်သူသည် ထိုဒါန၏ ကျေးဇူးပြုမှု ဥပနိဿယပစ္စည်းတပ်ပေးမှုကြောင့် သီလဆောက်တည်ရန် သမာဓိဘာဝနာတရားပွားများရန် ပညာဘာဝနာတရား ပွားများရန် စိတ်နှလုံးနူးညံ့ပြီး ဖြစ်ပါတော့သည်။

လှူဖွယ်ဝတ္ထု တစ်ခုခု မပါရှိဘဲ ကျောင်း ကန် ဘုရား သွားရောက်၍ သီလ သီတင်းဆောက်တည်ရန် တရားဓမ္မနာယူရန်၊ တရားအားထုတ်ရန်အတွက် စိတ်နှလုံး မနူးညံ့ ရှိုးတိုးရှိုးတန့် တဆန့်ကျင်ဖြစ်ရသည်

http://www.dhammadownload.com

မှာ သဒ္ဓါတရားရှိကြသော ဗုဒ္ဓဝါဒီ သူတော်စင်တိုင်း၏ ကိုယ်တွေ့ပင် ဖြစ်ပါသည်။

ထို့ကြောင့်ပင် ဘုရားရှင်လက်ထက်တော်အခါက အရိယ သူတော်ကောင်းဖြစ်ကြသော ဝိသာခါ အစ ရှိသော သူတော်စင် တို့သည် ဘုရားကျောင်းတော်သို့ သွားရောက်လျှင် နံနက်အခါ၌ ခဲဘွယ်ဘောဇဉ်၊ ညနေ အခါ၌ အဖျော်ယမကာ စတုမဓုစသော ဆေးပစ္စည်း လှူဖွယ်ပစ္စည်းများကိုယူဆောင်၍ သွားကြမြဲဖြစ်ပါသည်။

ယခုဘဝအတွင်း၌ ကိလေသာကုန်ခန်း ရဟန္တာ ဖြစ်မည့်သူမဟုတ်ပါက သံသရာခရီးကို အနည်းအများ ကူးသွားရမည်သာ ဖြစ်ပါသည်။ ဒါနမပါဘဲ သံသရာ ခရီးသွားရလျှင် ဒါနကင်းသည့် အတွက် သုဂတိဘဝ ကောင်းကို ရရန်ခက်ပါသည်။ ရပြန်လျှင်လည်း အသုံး အဆောင်ပြည့်စုံဖို့ရန် ခက်ပြန်ပါသည်။

ထိုအခါ ဒါနသီလဘာဝနာကုသိုလ်များကို ရှာဖွေ ချင်သော်လည်း ရှာဖွေနိုင်တော့မည်မဟုတ်ပါ။ ဒါန မပါဘဲ သီလ သမာဓိ ပညာ သိက္ခာ ၃-ပါးကုသိုလ်များ ကိုသာရှာဖွေအံ့ဟု ဆန့်ကျင်ဘက်စကား ပြောနိုင်ငြား သော်လည်း ထိုအချက်မှာ ပြောရုံသာပြောနိုင်၍ တကယ် စင်စစ် အလုပ်လုပ်၍ မဖြစ်နိုင်ပါပေ။

မှန်၏။ ဒါနတရားက ကျေးဇူးအပြုခံရမှသာ အောင်မြောက်သော သီလ-သမာဓိ-ပညာတို့ ဖြစ်နိုင်ပါ

http://www.dhammadownload.com

သည်။ ထို့ကြောင့် သံသရာခရီးသွားမရပ်စဲသေးသော သူများမှာ ဒါနတရားကို အထူးအားထုတ်ဖို့ အရေးကြီးလှပါသည်။

ဒါနရိက္ခာပါရှိမှ သံသရာ၌ ကောင်းသော သုဂတိဘဝသို့ ရောက်ရှိခြင်း၊ ထိုဘဝ၌ လိုရာအသုံးအဆောင်နှင့် ပြည့်စုံခြင်းရှိ၍ မိမိအားထုတ်လိုသော ကုသိုလ်မှုကို အားထုတ်နိုင်ကြမည် ဖြစ်ပါသည်။

သံသရာခရီးသွားတို့တွင် မြတ်စွာဘုရားအလောင်းတော်ကြီးများသည် အကြီးမားဆုံးသော သံသရာခရီးသွားကြီးများ ဖြစ်တော်မူကြပါသည်။ အလောင်းတော်ကြီးများသည် နိယတဗျာဒိတ်ရတော်မူကြပြီးသည့်နောက် သဗ္ဗညုတဉာဏ်တော်ကိုရဖို့ရန် ပါရမီတော်တို့ကို ဖြည့်ကျင့်ရမည့် အချိန်အခါမှာ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး အနည်းဆုံးသော သံသရာမှာ ကျင်လည်၍ အားထုတ်တော်မူကြရပေသည်။

ပစ္စေကဗုဒ္ဓါအလောင်းတို့ နှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ပါရမီတော်တို့ကို ဖြည့်ကျင့်ရပေသည်။

အဂ္ဂသာဝကအလောင်းတော်တို့မှာ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ပါရမီတော်တို့ကို ဖြည့်ကျင့်ရပေသည်။

http://www.dhammadownload.com

ထိုတွင် ဘုရားအလောင်းတော်ကြီးများမှာသံသရာခရီးသွား အကြီးမားဆုံးသော ပုဂ္ဂိုလ်ကြီးများ ဖြစ်သောကြောင့် ဒါနပါရမီသည် အရေးကြီးဆုံး ဖြစ်နေသည့် အတိုင်း ဗုဒ္ဓဝင် ပါဠိတော်မှာ ဒါနပါရမီကို ရှေးဦးစွာ အစွဲအမြဲ ပြုကာ ဆောက်တည်၍ ဖြည့်ကျင့်ရမည့် အကြောင်း ဟောတော်မူရခြင်း ဖြစ်ပါသည်။

အလှူဒါနပြုသည်မှာ မိမိပိုင် ပစ္စည်းကို အလှူခံပုဂ္ဂိုလ်လက်ထဲသို့စွန့်ကြဲလိုက်ခြင်း ဖြစ်ပါသည်။ ယင်းသို့ စွန့်ကြဲရာ၌ အလှူခံပုဂ္ဂိုလ်သည်မိမိကြည်ညိုသောပုဂ္ဂိုလ် ဖြစ်ပါမှ ရက်ရောစွာ စွန့်ကြဲနိုင်ပါမည်။ သို့မဟုတ် မစွန့်လှူနိုင်ပါ။

ယင်းသို့ ကြည်ညိုသောပုဂ္ဂိုလ်ကို စွန့်ကြဲရာ၌ ကြည်ညိုသော ပုဂ္ဂိုလ်တွေများနေက အသို့ပြုမည်နည်း၊ အဘယ်ကြည်ညိုသူအားလှူမည်နည်း။ ဤတွင်ပြဿနာ ဖြစ်လာပါသည်။

ယင်းပြဿနာကို ဖြေရှင်းရသော် သာမညဖြစ်သူ နတ်လူ တို့သည် လောကီစည်းစိမ် အမျိုးမျိုးတို့ကို အလိုရှိရာ ရည်ရွယ် လှူဒါန်းကြသည်ဖြစ်၍ အကောင်းဆုံးသော အလှူခံပုဂ္ဂိုလ်ကို ရွေးချယ် လှူဒါန်းကြရမည် ဖြစ်ပါသည်။

တစ်နည်းဆိုသော် သာမညဖြစ်သော နတ်လူတို့မှာ လှူဖွယ် ပစ္စည်းတို့ကို များစွာရှိနေပါက အလှူခံပုဂ္ဂိုလ်

http://www.dhammadownload.com

အယုတ်အလတ် အမြတ်မရွေး လှူဒါန်းနိုင်ပါသည်။ လှူဖွယ်ပစ္စည်းက နည်းနေပါမူ အမြတ်စား အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်၍ လှူဒါန်းရပါမည်။

ဘုရား အလောင်းတော်ကြီးများမှာမူ ရည်ရွယ်ရင်းက သဗ္ဗညုတဉာဏ်တော်ကို ရဖို့ရန် လိုလား ရည်ရွယ်ရင်း ဖြစ်ပါသည်။

သဗ္ဗညုတဉာဏ်တော်မှာ အယုတ်-အလတ်-အမြတ် ဟူ၍ မရှိပါ။ တစ်မျိုးတစ်စားတည်းသာ ဖြစ်၍ မိမိမှာရှိသော လှူဖွယ်ပစ္စည်းကို ရောက်လာသမျှသော အလှူခံပုဂ္ဂိုလ်တို့အား လှူဒါန်းရန်သာရှိပါသည်။

"ဤ အလှူခံပုဂ္ဂိုလ်က ယုတ်ညံ့သေးသည်။ ဤ အလှူခံ ပုဂ္ဂိုလ်အား လှူဒါန်းလိုက်လျှင် ငါ့မှာ ယုတ်ညံ့နိမ့်ကျသော သဗ္ဗညုတဉာဏ်တော်ကို ရနေလိမ့်မည်၊ ဤအလှူခံကား အလတ်စားမျှသာရှိသည်၊ ဤ အလှူခံအား လှူလိုက်လျှင် အလတ်စား သဗ္ဗညုတဉာဏ်တော်ကို ရနေလိမ့်မည်"

ဟု တွေးတောဖွယ်မရှိပါ။ သို့ဖြစ်၍ အလှူခံပုဂ္ဂိုလ် မရွေးချယ်ဘဲလှူဒါန်းခြင်းသည် သဗ္ဗညုတဉာဏ်တော်ကို လိုလားသော ဘုရားအလောင်းတော်တို့၏ ဓလေ့ဖြစ်ပါသည်။

http://www.dhammadownload.com

အို-စာရှသူ၊ ပါရမီ ၁၀-ပါးတွင် ဒါနပါရမီသည် အဦးအစ ဖြစ်ပါသည်။ လူတိုင်းနှင့်လည်းဆက်ဆံပါသည်။ သို့သော် ဒါနပြုတတ်သူမှာ နည်းပါသည်။

ယခုခေတ်တွင် သာ၍ပင် ဒါနပြုတတ်သူ နည်းပါးပါသည်။ ယင်းသို့ မလှူတတ်က အကျိုးမရနိုင်ပါ။ ရက လည်း နည်းပါးပါမည်။

၁။ လှူသူက သီလရှိ၍ ခံယူသူက သီလမရှိသော ဒါန၊

၂။ ခံယူသူကသီလရှိ၍ လှူသူက သီလမရှိသော ဒါန၊

၃။ လှူသူ ခံယူသူနှစ်ဦးလုံးပင် သီလမရှိသောဒါန၊

၄။ လှူသူ ခံယူသူနှစ်ဦးလုံးပင် သီလရှိသောဒါန၊

ဟူ၍ ယခုလောကဝယ် လှူနေသော အလှူဒါနတို့ကို ခွဲဝေလိုက်သော် ဤဒါန ၄-မျိုး တစ်မျိုးမျိုးထဲသို့ ပါဝင်ပါမည်။ အများအားဖြင့် ၁-၂-၃ အလှူဒါနမျိုးသာ အဖြစ်များပါမည်။ ယင်းသို့ဆိုသော် အကျိုးနည်းပါမည်။ ၄ အလှူဒါနမျိုးပါမှ အကျိုးကြီးပါမည်။

လှူရတာ တယ်ပြီးရှုပ်တာပဲ၊ ကုန်လည်းကုန်သေး၊ အကျိုးလည်းနည်းသေး မလှူတာဘဲကောင်းပါတယ်ဟု ကြံစည်ကာ မလှူဘဲနေပြန်လျှင်လည်း မဖြစ်ပါ။ ယင်းကို မဃဒေဝလက်ာ၌ ဤသို့ဖော်ပြပါသည်။

http://www.dhammadownload.com

"ယူမှာမိစ္ဆာ၊ မောဟကာ၍၊ သဒ္ဓါကင်းထ၊ မစ္ဆေရ နှင့်၊ ထိုမျှသသူ၊ စိတ်မဖြူသို့၊ လှူမည်ဝမ်းထဲ၊ ကြံမရဲဘူး၊ ကြံခဲအလို၊ ဝန်တိုငတ်ငတ်၊ မယုဉ်ကဲသို့၊ တစ်သက် လုံးလုံး၊ မသုံးရက်ဟု မလှူရက်ဘဲ၊ ခန္ဓာစဲက မူးပဲမပါ ငတ်မွတ်စွာလျှင်၊ ပြိတ္တာ ပြိတ္တာ၊ ဖြစ်ကုန်ဘိ၏"

"မှတ်ဘိသေချာ၊ ဤအရာကို၊ မိစ္ဆာမောဟ၊ မှောင်ကြီးကျ၍၊ လောဘငြိစွဲ၊ မစေးနဲ့နှင့်၊ မွဲမည့်အရေး၊ ကြံတွေးမလှူ၊ ကြောက်အေးမူကား၊ တိုသူလွန်က၊ သူ့ထက်မွဲ၏၊ ဆင်းရဲမည့်အရေး၊ တွေးဘိမလှူ၊ မပေး သူလည်း၊ ထိုလူအမြဲ၊ နောင်ဆင်းရဲလိမ့်"

"စေးနဲ့မရှိ၊ ကယ်မငြိဘဲ၊ သံဝိဘာဂ၊ လှူဒါနဖြင့်၊ ဝေမျှခွဲခြမ်း၊ လွေ့လွေ့ရမ်းလော့၊ ပေးကမ်းလေ့ဟု၊ မရှိ သူတို့၊ နတ်-လူ-နိဗ္ဗာန်၊ ချမ်းသာမွန်ကို၊ ကောန်ဘယ်မှာ မရရာတည်း"

"သံသရာရှည်ငြောင်း၊ ဝဲခနောင်း၌၊ တီးတောင်း သော်ယွန်း၊ ကမ်းရေစွန်းက၊ ကျွန်းကိုမမြင်၊ ခွေးကျ သွင်သို့၊ အကြောင်သူ၊ အလှူမရှိ၊ သုဂတိနှင့်၊ ဗောဓိ သုံးတန်၊ ချမ်းသာမွန်ကို၊ ကောန် ဘယ်ခါ၊ မရရာဟု၊ ကျမ်းလာအလို၊ ဟောမိန့်ဆိုရှင့်"

အို-စာရှူသူ၊ အလှူဒါနကိုမပြု၍မဖြစ်ပါ၊ ပြုရမည် သာဖြစ်ပါသည်။ ယင်းသို့ ပြုရာ၌ အလှူဒါနပြုတတ် ဖို့ရာမှာ အလွန်တရာအရေးကြီးပါသည်။ ထိုသို့ အရေး

http://www.dhammadownload.com

ကြီးသည့်အတွက် ဤစာအုပ်တွင် အလှူခံတစ်ကျိပ်လေး ကို ထုတ်ပြကာ အကျိုးကြီးမကြီး ခွဲဝေဟောကြားထား သည်ကို ပြန်လည်ရေးသားထားပါသည်။

ယင်းသို့ စေ့ငသေချာစွာဖတ်ရှုပြီး အလှူ လှူတတ် သူ တစ်ယောက်ဖြစ်၍ အလှူရေစက်လက်နဲ့မကွာ လှူဒါန်း နိုင်ပါစေဟုရည်ရွယ်ကာ ဤစာအုပ်ကိုရေးသားပါသည်။

မှတ်တမ်းတင်ပါသည်

ဤအလှူခံတစ်ကျိပ်လေးတရားတော်ကို တိပ်ခွေမှ စာမူကြမ်းအဖြစ်သို့ မုတ္တမမှ ခင်မာလာထွန်းက ကူးယူ ပေး၍ စာမူချောအဖြစ် သထုံမြို့မှ ဆရာမဒေါ်မူမူသွယ် (အ-ဆ-ပြ)က ကူးယူပေး၍ စာအုပ်အဖြစ် ရောက်လာ ပါသည်။

သို့ဖြစ်၍ ခင်မာလာထွန်းနှင့် ဒေါ်မူမူသွယ်တို့ကို အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ပါသည်။

အလှူခံတစ်ကျိပ်လေးကို ဖတ်ရှု၍ အလှူ လှူတတ် သူ ဖြစ်ကြပါစေသော်-

ဓမ္မဒူတ-အရှင်ပညာဇောတ
၁၃၄၄-ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်
(၂၁-၂-၈၃)

http://www.dhammadownload.com

အလှူခံတစ်ကျိပ်လေး

နမောတေ ပုရိသုတ္တမ

အနုမောဒနာ

သာသနာတော်နှစ် ၂၅၂၄ ခုနှစ် ကောဇာသင်္ကရာဖ် ၁၃၄၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ရက် နေ့ ညတွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ် သပိတ်အိုင်တောရအတွင်း၌ ကျင်းပအပ်သော ပထမအကြိမ် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ၁၀ ရက်စခန်း တရား အလုပ်ပေးပွဲ ၁၀ ရက် ပြည့် နိဂုံးချုပ်အောင်ပွဲ၌ ဟောကြားအပ်သော 'အနုမောဒနာ' တရားတော်။

"ဘုန်းကြီးတို့ ယနေ့ဆိုရင် တန်ခူးလပြည့်ကျော် ၁ ရက် နေ့ကစပြီး တန်ခူးလပြည့်ကျော် ၂ ရက်နေ့ နံနက်မှာ ယောဂီတွေ စတင်ပြီးတော့ တရားအားထုတ်ကြပါတယ်။ တန်ခူးလပြည့်ကျော် ၁၂ ရက်နေ့ နံနက်မှာ ၁၀ ရက် တင်းတင်း ပြည့်ပါမယ်"

http://www.dhammadownload.com

အဲဒီ ၁၀ ရက်စခန်း တရားအလုပ်ပေးပွဲကြီး အောင်မြင် ပြီးမြောက်သွားတော့ ယောဂီပုဂ္ဂိုလ်တွေ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ တရားတော်တွေကို ကျင့်ကြံကြိုးကုတ်အားထုတ်နိုင်ကြပါ စေဆိုတဲ့ စေတနာ သဒ္ဓါတရားကောင်းတွေနဲ့ အဘက်အဘက်က လိုအပ် သော ဆွမ်းခဲဘွယ်၊ ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာနှင့် တကွ လှူဖွယ်ပစ္စည်းအသီးသီးတွေကို လှူဒါန်းထောက်ပံ့ ကြတဲ့ အလှူဒါယကာ အလှူဒါယိကာမတွေ၊ ဝေယျာဝစ္စ ပြုလုပ်ကြတဲ့ ပုဂ္ဂိုလ်တွေ ဒီ ၁၀ ရက်စခန်းတရားပွဲကြီး ကို ထပ်ခါထပ်ခါအောင်မြင်အောင်လှူဒါန်းခြင်း၊ ဝေယျာ ဝစ္စ ပြုလုပ်ခြင်းဖြင့် ဘယ်လို အကျိုးကျေးဇူးတွေရှိသလဲ၊ ဘယ်လို ဝမ်းမြောက်စရာတွေ ရှိမလဲလို့ အကျိုးရှိပုံ၊ ဝမ်းမြောက်စရာ ရှိပုံတွေကို အလှူဒါယကာ အလှူ ဒါယိကာမများ ဝေယျာဝစ္စပြုလုပ်သူများ ဝမ်းမြောက်ရန် ဟောတဲ့ တရားတော်ကို အနုဓမာဒနာတရားတော်လို့ ခေါ်ပါတယ်။

ယနေ့ညဟောမယ့် တရားတော်ကတော့ ယောဂီ ပုဂ္ဂိုလ်တွေနဲ့မဆိုင်တော့ဘူး၊ ယောဂီပုဂ္ဂိုလ်တွေအတွက် တရားကတော့ ယနေ့ နေ့ခင်းပိုင်းမှာပဲ နိဂုံးချုပ်လိုက်ပြီ၊ ယခုညဟောမယ့် တရားတော်ကတော့ အလှူဒါယကာ အလှူဒါယိကာမတွေနှင့် ဝေယျာဝစ္စပြုလုပ်သူတို့အတွက်

http://www.dhammadownload.com

သီးခြားဟောတဲ့ အနုမောဒနာ တရားတော်ပဲလို့ မှတ်သား ထားလိုက်ဖို့ရှိပါတယ်။

အာသီသပတ္ထနာ

ဘုန်းကြီးတို့ ၁၀ ရက်စခန်းတရားပွဲကြီး စခဲ့စဉ်က ဘုရားရှိခိုးပြီး တရားစခဲ့ပါတယ်။ ယခု ၁၀ ရက်စခန်း တရားပွဲကြီး နိဂုံးချုပ်မယ်ဆိုတော့ အာသီသပတ္ထနာနဲ့ နိဂုံးချုပ်ကြပါစို့။

အားလုံးသော ယောဂီသူတော်စင်များ၊ အလှူ ဒါယကာ အလှူဒါယိကာမများ၊ ဝေယျာဝစ္စပြုလုပ်သူများ တောင့်တပန်ဆင်သမျှ ဆုထူးဆုမြတ်က ဘာလဲဆိုတော့ နိဗ္ဗာန်ပါပဲ၊ အဲဒီနိဗ္ဗာန်က နောက်ကပါ၊ အဲဒီနိဗ္ဗာန်ရဲ့ရှေ့မှာ ဘာရှိသလဲဆိုတော့ မဂ်ဖိုလ်ပါ။ အဲဒီ မဂ်–ဖိုလ်–နိဗ္ဗာန် ရရေးအတွက် အာသီသပတ္ထနာ ပြုရအောင်–

ဝိဝါဒံ သယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။
သမဂ္ဂါ သခိလာ ဟောန္တု၊ သော အတ္ထာက ပတ္ထနာ။

သာဓုဝေါ နှလုံးပျော့ပျောင်း အိုသူတော်ကောင်း တို့...၊ ဝိဝါဒံ သူမတရား၊ ငါတရားနှင့်၊ သူကားလွဲစင် ငါမှန်အင်ဟု ဆန့်ကျင်စကား၊ အချင်းချင်းများခြင်းကို ဘယတော၊ အကျယ် အကျယ် စကားကြွယ်မည်၊ ကြောက်ဖွယ်ရန်လေး၊ ဘေးအနေ အားဖြင့် ဒိသွာ

http://www.dhammadownload.com

ပသန္နန္တု။ ယထာဘူတ၊ သဘာဝဉာဏ်ဝင်၊ အမှန်အတိုင်း၊ သိမြင်နိုင်ကြပါစေကုန်သတည်း။

ဒိသွာ ယထာဘူတ၊ သဘာဝဉာဏ်ဝင်၊ အမှန်အတိုင်း သိမြင်ကြကုန်သည်ဖြစ်၍၊ အဝိဝါဒဒွေ နောင်ရင်းညီရင်း၊ အစ်မရင်း၊ ညီမရင်း၊ မိရင်းဖရင်း မိတ်ဆွေအချင်းချင်း၊ အငြင်းကာဘိတ်၊ အဒေါသ စေတသိက်ဖြင့်၊ ကိုယ်စိတ်နှစ်စင်း၊ အချင်းချင်း ညီညွတ်ခြင်းကိုလည်း၊ ခေမတော နိဗ္ဗာန်တိုင်ထိ၊ အကျိုးရှိသည့်-ဘာဝိတပုဗ္ဗမှန်ငြား၊ တို့တဝေတွပွားရမည့် ဘေးမဲ့တရားအနေအားဖြင့်၊ ဒိသွာ-ပသန္နန္တု-ယထာဘူတ၊ သဘာဝဉာဏ်ဝင် အမှန်အတိုင်း သိမြင်ကြပါစေကုန်သတည်း။

ဒိသွာ-ယထာဘူတ၊ သဘာဝဉာဏ်ဝင်၊ အမှန်အတိုင်း သိမြင်ကြကုန်သည်ဖြစ်၍၊ သမဂ္ဂါပြုတဲ့နေရာ-ပြောတဲ့နေရာ-ကြံစည်တဲ့နေရာ ဤသုံးဌာနဝယ်၊ ကိုယ်စိတ်နှစ်စင်း၊ အချင်းချင်း ညီညွတ်ကြကုန်သည် လည်းကောင်း။

သခိလာ-မေတ္တာခြေမြစ်၊ အရေစစ်ဖြင့် ပြေပြစ်နူးညံ့သော စကားအချင်းချင်း ပြောကြားနိုင်ကြကုန်သည် လည်းကောင်း။

ဟောန္တု-မြေလက်ခတ်နဲ့-မြှောက်သည့်ခဲသို့ မလွဲမသွေ ဖြစ်ကြပါစေကုန်သတည်း။

သော-ဤတောင့်တချက်သည်ကား

http://www.dhammadownload.com

အသွာက်–တရားဟောကြား၊ ဘုန်းကြီးများတို့၏ ပတ္ထနာ–ဗုဒ္ဓါနုသိဋ္ဌိ၊ အဆုံးအမ၊ သြဝါဒကောင်း၊ အဓိကောင်းရရှိသဖြင့် သင်သူတော်ကောင်းတို့၏ အပေါ် ဝယ် အဟိတာ ပနယန–အစီးအပွားမဲ့ကို ပယ်ရှားလိုခြင်း ဟိတူပသံဟာရ–အကျိုး စီးပွားကို လိုလား တောင့်တ ခြင်းဆိုတဲ့ အဒေါသရေဇလာ၊ မေတ္တာနှစ်ပါး ဆင့်ဆင့် ပွား၍ လိုလားတောင့်တချက် ဖြစ်ပေသတည်း။

"သာဓု...သာဓု...သာဓု ပါ ဘုရား"

ကဲ...ဘုန်းကြီးတို့ ပြုချင်တဲ့ အာသီသ ပတ္ထနာကို တရား မဟာမိ ပြုလိုပြီးသွားပြီ၊ ပြီးသွားတော့ တရား ဆက်ဟောဖို့ပေါ့။ ယခု ဘုန်းကြီးတို့ ၁၀ ရက်စခန်း တရားအလုပ်ပေးပွဲကြီးဟာ သပိတ်အိုင်တောရအနေနဲ့ ပထမအကြိမ်ပေါ့။ ယခုဆိုရင် အောင်မြင်ပြီးပြီပေါ့။

ညီညွတ်ခြင်းကြောင့်

အဲဒီ တရားအလုပ်ပေးပြီးပြီ၊ ဘာဖြစ်လို့ အောင်မြင် သွားသလဲဆိုတော့ တရားပွဲဖြစ်မြောက်အောင် အလုပ် လုပ်တဲ့နေရာမှာ ဆောင်ရွက်တဲ့နေရာမှာ ညီညွတ်ခြင်း ကြောင့်ပါ။ ဒီလိုအောင်မြင်သွားတော့ ဝမ်းသာလွန်းလို့ နောင်နှစ်တွက်ဆိုပြီးတော့ တကာ–တကာမတွေ ဒီကနေ့ နေ့လယ်မှာ စည်းဝေးပြီး ဘုန်းကြီးဆီ လာပြီး လျှောက် ကြတယ်။

http://www.dhammadownload.com

"အရှင်ဘုရား၊ နောက်နှစ်ဆိုရင်လဲ တပည့်တော်တို့ လှူဖို့တန်းဖို့ တိုင်ပင်ဆွေးနွေးပြီးပါပြီတဲ့၊ နောင်နှစ်ခါအတွက်လဲ ရက်ပေးပါလို့ လာလျှောက်ကြတယ်"

အင်း... ဘုန်းကြီးတို့အနေနဲ့ အာသီသ ပတ္ထနာတင်ပြချင်တာက ယခုနှစ် ၁၀ ရက်စခန်းပြီးသွားတာဟာ မိမိတို့ အမှုဆောင်တွေ တက်ညီလက်ညီနှင့် အဖက်အဖက်က ညီညွတ်မှုကြောင့် အောင်မြင်သွားတာပါ။

ရှေ့လာမည့် ဒုတိယအကြိမ်၊ တတိယအကြိမ် စသည်အတွက် လှမ်းမျှော်ပြီး ရက်တောင်းကြတဲ့အခါမှာလဲ ယခုနှစ်မှာလိုပဲ တက်ညီ လက်ညီ လုပ်ကိုင်ဆောင်ရွက်ကြမယ်ဆိုရင် ယခုနှစ် ပထမအကြိမ် ၁၀ ရက်စခန်းတရားပွဲကြီး ထမြောက်အောင်မြင်သွားသလို အောင်မြင်ကြလိမ့်ဦးမယ်။

ယခုအောင်မြင်ပြီးခဲ့တဲ့ ၁၀ ရက်စခန်းတရားပွဲကြီးကိုပြန်ကြည့်လိုက်မယ်ဆိုရင် အားထုတ်ကြတဲ့ ယောဂီပုဂ္ဂိုလ်တွေ ဘက်ကရော၊ လှူဒါန်းကြတဲ့ အလှူဒါယကာဒါယိကာမတွေဘက်ကရော၊ ဝေယျာဝစ္စလုပ်တဲ့ ပုဂ္ဂိုလ်တွေဘက်ကရော မိမိတို့မှာ အသီးသီး အဖက်ဖက်က ကုသိုလ်အမျိုးမျိုး အကျိုးတရား အမျိုးမျိုးရကြတယ်ဆိုတာ သိပြီ။ အဲဒါ ဘာဖြစ်လို့လဲဆိုရင် ညီညွတ်ခြင်းကြောင့် ရတာပါ။

http://www.dhammadownload.com

မငြင်းခုံလို့

တကယ်လို့ ဒီ ၁၀ ရက်စခန်းတရားပွဲကြီး ပြီးသွားတာ ငါကောင်းလို့ ပြီးသွားတာ၊ သူကောင်းလို့ပြီးသွားတာမဟုတ်ဘူး၊ ငါက ဒီအထဲမှာ ခေါင်းအဆောင်ဆုံး၊ အလုပ်အလုပ်ဆုံးဆိုပြီး သူကောင်း-ငါကောင်း ငြင်းခုံနေရင် မင်းတစ်ယောက်တည်း နောက်နှစ်ခါ ပြီးအောင်လုပ်စမ်းပါ၊ နောက်တစ်ယောက်ကလဲ ပြီးအောင်လုပ်စမ်းပါ ဆိုပြီး အပြန်အလှန် သူ့အတာချ၊ ကိုယ့်အတာချနဲ့ ချနေစမ်းပါ။

သူကောင်းလို့ ငါကောင်းလို့နဲ့ ဂုဏ်ယူနေကြမယ်ဆိုရင် နောက်နှစ်ခါ ၁၀ ရက်စခန်းတရားပွဲကြီး ဖြစ်ပါဦးမလားဆိုတော့ မဖြစ်တော့ပါဘူး။

ယခုလို တရားပွဲကြီးလုပ်တဲ့နေရာမှာ လက်ကောင်းတဲ့လူ ရှိတယ်၊ ကိုယ်ကောင်းတဲ့လူ ရှိတယ်၊ နှုတ်ကောင်းတဲ့လူ ရှိတယ်၊ အကြံဉာဏ်ကောင်းတဲ့လူ ရှိတယ်၊ ငွေအားကောင်းတဲ့လူ ရှိတယ်။

အဲဒီလို သူ့ဘက်နဲ့သူ၊ ကောင်းတဲ့ပုဂ္ဂိုလ်အားလုံး အကောင်းညီညွတ်မှ ယခုလိုတရားပွဲကြီးတစ်ခု ဖြစ်ပါတယ်။ နို့မဟုတ်ရင် မပြီးနိုင်ပါဘူး။

သူကတော့ နှုတ်ကလေးနဲ့ပဲပြီးသွားတာပဲ ဆိုပြီး ကဲ့ရဲ့ပြစ် တင်တတ်တယ်၊ ကဲ... အဲဒီ နှုတ်ကလေးနဲ့

http://www.dhammadownload.com

ပြီးသွားတဲ့နေရာ ကိုယ်သွားပြီး ပြောကြည့်စမ်းပါ၊ ဖြစ်မလားလို့၊ မဖြစ်ပါဘူး။

သူကတော့ လက်ကလေးနဲ့ပဲ ပြီးသွားတာပဲတဲ့၊ ကဲ... အဲဒီ လက်ကလေးနဲ့ပြီးသွားတဲ့နေရာမှာ ကိုယ် သွားနေကြည့်စမ်းပါ၊ ဖြစ်မလားလို့ မဖြစ်ပါဘူး။

သူကတော့ အထမ်းအပိုးလောက်ပဲရတာပါပဲဆိုပြီး ပြောတတ်တယ်၊ အဲဒီအထမ်းအပိုးနေရာမှာ ကိုယ် သွားထမ်းကြည့်စမ်းပါ၊ ရမလားလို့၊ မရပါဘူး။

သူကတော့ ငွေကလေးပဲပါတယ်ဆိုပြီး ကိုယ်က အဲဒီငွေကလေးနေရာ သွားကြည့်စမ်းပါ၊ နိုင်ပါ့မလား၊ မဆိုနိုင်ပါဘူး။

သူကတော့ အကြံဉာဏ်လောက်ပဲပါတာပဲဆိုပြီး ကိုယ်က အဲဒီအကြံဉာဏ်နေရာသွားပြီး အကြံဉာဏ် ပေးစမ်းပါ၊ ဖြစ်မလား၊ မဖြစ်ပါဘူး။ အဲဒီအကြံဉာဏ်က ပိုပြီးတော့တောင် အရေးကြီးပါသေးတယ်။

ဒီတော့ အားလုံး နှုတ်ကောင်းတဲ့လူက နှုတ်နဲ့ အကူအညီပေးလို့၊ လက်ကောင်းတဲ့လူက လက်နဲ့အကူ အညီပေးလို့၊ အထမ်းကောင်းတဲ့လူက အထမ်းအပိုးနဲ့ အကူအညီပေးလို့၊ ကိုယ်ကောင်းတဲ့လူက ကိုယ်နဲ့အကူ အညီပေးလို့၊ ငွေကောင်းတဲ့လူက ငွေနဲ့အကူအညီပေးလို့ စသည်ဖြင့် အဖက်ဖက်က အားလုံး အကောင်းတွေ

http://www.dhammadownload.com

စုပေါင်းလိုက်မှ ဒီ ၁၀ ရက်စခန်း တရားပွဲကြီး တစ်ခု ဖြစ်ပါတယ်။

အဲဒီ အကောင်းတွေထဲက အကောင်းတစ်ခုခုကို နုတ်လိုက်စမ်းပါ။ ဖြစ်ပါဦးမလား၊ မဖြစ်တော့ပါ။ ဒါဖြင့် ယခုတရားပွဲကြီး ပြီးသွားတာ သူကောင်း၊ ငါကောင်း မငြင်းခုံလို့ ဖြစ်တာပါ။

ဒကာ ၂-ယောက် ရောက်လာ

ဒါကြောင့် ကြည့်လိုက်မယ်ဆိုရင် ယခု မိမိတို့ ၁၀ရက် စခန်းတရားပွဲကြီးမှာ နောင်ရင်း၊ ညီရင်း၊ အစ်မ ရင်း၊ ညီမရင်း၊ မိရင်းဖရင်း၊ မိတ်ဆွေအချင်းချင်းဆိုပြီး အားလုံးကောင်းကြတဲ့ ပုဂ္ဂိုလ်တွေ ဒီ ၁၀ ရက်စခန်း တရားပွဲကြီး၊ ဒီသပိတ်အိုင်တောရထဲမှာ ဖြစ်လိမ့်မယ်လို့ နည်းနည်းမှ မမျှော်လင့်ခဲ့ပါဘူး။

ဖြစ်ဖို့ရာ အစအနလည်း မရှိပါဘူး၊ စောစောပိုင်း ကတော့ တကာ ဦးထွန်းကြွင်တို့ တကာ ကိုအောင်ဘော်တို့ ဘုန်းကြီးနဲ့တွေ့တဲ့အခါ တရားအားထုတ်ရင်းနဲ့ သပိတ်အိုင်တောရမှာလည်း ၁၀ ရက်စခန်း တရားပွဲကြီး ဖြစ်ချင်တဲ့ဆန္ဒတော့ ပြောကြားကြပါတယ်။

ဒါပေမယ့် ဒီလောက်မြန်မြန်ဆန်ဆန်နဲ့ ဒီနှစ်ထဲမှာ ဖြစ်ဖို့ရာ မပါပါဘူး၊ ဖြစ်မယ့်ဖြစ်တောင် နောင်နှစ်ခါ

http://www.dhammadownload.com

လောက်တော့ မှန်းတယ်။ ဒါလည်း ဒီတောထဲမှာ မဟုတ်ပါဘူး၊ ရွာမှာပဲ ဖြစ်ဖို့ရာ မှန်းပါတယ်။

ဘုန်းကြီးလည်း ဒီနှစ်တော့ ဖြစ်မယ်လို့ မမှန်းပါဘူး။ ဒါကြောင့် ကြံစည်တာလည်း ပျက်တတ်တယ်၊ မကြံစည်တာလည်း ဖြစ်တတ်တယ် ဆိုတာဟာ အလွန်တရာမှပဲ မှန်ပါတယ်။

ဒီလိုနဲ့ ဘုန်းကြီးလည်း တစ်ရွာကနေ တစ်ရွာ၊ တစ်မြို့ကနေ တစ်မြို့ ဓမ္မဒေသနာခရီးသည်အဖြစ် လှည့်လည် ဟောပြောပြသရာ ရေးမြို့ မာလာနန္ဒဝန်ကျောင်း ၁၀ ရက်စခန်း တရားပြဖို့ဆိုပြီးတော့ တပေါင်းလပြည့်ကျော် ၂ ရက်နေ့ ရေးမြို့ ရောက်တယ်။ ၃ ရက်နေ့ကျတော့ တကာဦးစံသွင်နဲ့ တကာကိုအောင်ဘော်တို့ တကာ ၂ ယောက် ရောက်လာကြတယ်။

ဦးကေလာသရဲ့ စာ

ဘုန်းကြီးကတော့ အေးအေးပါပဲ၊ ဒီတကာတွေ ရေးမြို့ ၁၀ ရက်စခန်းတရားပွဲမှာ တရားအားထုတ်ရအောင် လာတယ်လို့ပဲ သိပါတယ်။ ဒါနဲ့ သူတို့ကို "တကာကြီးတွေ ၁၀ ရက် စခန်းက အဝေးကြီးရှိသေးတယ်၊ ဘာလို့ရောက်လာတာလဲဆိုတော့ တပည့်တော်တို့ အကြောင်းရှိလို့ပါဘုရားတဲ့"

http://www.dhammadownload.com

အဲဒီလိုပြောပြီးတော့ နောက်ထပ် ဘာမပြော ညာမပြောနဲ့ သူတို့မှာပါလာတဲ့ စာရွက်စာတမ်းတွေကို ထုတ်ပြီး ကပ်တယ်၊ ယခုသပိတ်အိုင်တောရမှာ အကြီးအကဲအနေနဲ့ စောင့်ရှောက်နေတဲ့ ဦးကေလာသ ထံကလည်း စာပါလာတယ်၊ ဒါယကာ ဒါယိကာမတွေထံကစာလည်း ပါတယ်။

ဦးကေလာသရဲ့စာထဲမှာ ဘာတွေပါလာသလဲဆိုတော့ ဆရာတော်ဘုရားတဲ့ တပည့်တော်တို့ သပိတ်အိုင်တောရဟာ ဆရာတော်ဘုရားကိုယ်တိုင် သီတင်းသုံးသွားတဲ့ နေရာဌာန ဖြစ်ပါတယ်။

တခြားမြို့ရွာတွေမှာ ၁၀ ရက်စခန်းတွေ ဖြစ်ငြားသော်လည်း တပည့်တော်တို့ သပိတ်အိုင်တောရမှာတော့ မဖြစ်ပါတဲ့၊ တပည့်တော်တို့ သပိတ်အိုင်တောရမှအခြားမြို့ရွာဒေသတွေမှာလလည်း လိုက်ပြီးတော့ အားမထုတ်နိုင်ကြပါတဲ့။

ကိုယ်နေရာကိုယ့်ဒေသမှာဖြစ်မှပဲ အားထုတ်နိုင်ကြပါလိမ့်မယ်တဲ့။ ကိုယ့်နေရာကိုယ့်ဒေသနဲ့ ကိုယ့်စရိုက်နဲ့ကိုက်ကိုက်ညီညီဖြစ်တော့ တပည့်တော်တို့သပိတ်အိုင်တောရ တည်နေရာ တောထဲမှာပဲ ကျင်းပကြပါမယ်ဘုရား။

"တရားအားထုတ်ကြမယ့် ဒါယကာ ဒါယိကာမတွေကို စုစည်းလိုက်တော့ တကယ်ကို စိတ်ဆန္ဒ

http://www.dhammadownload.com

ထက်သန်စွာနဲ့ တောထဲမှာ ကျောက်ခဲခေါင်းအုံးပြီး သစ်ပင်အောက်မှာပဲ အိပ်ကြပါမယ်တဲ့။ စားသောက်စရာ အနေနဲ့ကတော့ တောထဲမှာရှိတဲ့ တောင့်ကျောတွေ တို့ပြီး ငါးပိချက်နဲ့စားကြပါမယ်တဲ့။ ဆန်တို့၊ ငါးပိတို့ အလုံအလောက်ရှိပါတယ်တဲ့"

"ဆရာတော်ဘုရားကိုယ်တိုင်လည်း သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်မှာ အိပ်ပြီး အဲဒီတောင့်ကျောကို အတို့အမြှုပ်လုပ်ကာ ငါးပိချက်နဲ့ ဘုန်းပေးပြီး တရားပြ ပေးပါလို့ ပင့်တယ်"

"တကာဦးစံသွင်က ဘုန်းကြီးကလာသမှ စာရေး လို့သာ ယူလာရတာပါတဲ့၊ တပည့်တော် ဒီစာကို ဆရာ တော်ဘုရားအား မပြချင်ပါဘုရားတဲ့။ တကယ်တော့ တောထဲမှာ ဆိုပေမယ့် ဒီလောက်တော့လည်း အခြေ အနေဆိုးမယ် မထင်ပါဘူး ဘုရားတဲ့..."

တောင့်ကျောတွေပုံထားတယ်

ဘုန်းကြီးကတော့ ဒါယကာ ဒါယိကာမတွေဆီက စာလည်း ဖတ်ရ၊ တကာဦးစံသွင်၊ တကာအောင်ဘော်တို့ လျှောက်ထားချက်လည်း ကြားသိရ၊ ဦးကေလာသရဲ့ စာလည်း ဖတ်ရတော့ စဉ်းစား ကြည့်တယ်၊ ဘာပဲ ဖြစ်ဖြစ်ပေါ့လေ၊ မိမိနေထိုင်ခဲ့တဲ့ သပိတ်အိုင်တောရက

http://www.dhammadownload.com

ဒါယကာ–ဒါယိကာမတွေကို ကျေးဇူးဆပ်တဲ့အနေနဲ့ တရားပြပေးပါ့မယ်လို့ အာမခံလိုက်ပါတယ်"

အာမခံထားလိုက်သည့်အတိုင်း တရားပြရအောင် ဒီ သပိတ်အိုင်တောရရောက်လာတော့ အဟုတ်ပဲ။ တောင်ကျောပင်တွေ ပုံထားတာ တွေ့ရပါတယ်။ တောပိန်းဥတွေလည်း အများကြီးတွေ့ရပါတယ်။

တွေ့လိုသာ တွေ့ရတယ်၊ တကယ်တမ်းကျတော့ ယခု(၁၀)ရက်ပြည့်သွားပြီး တစ်ခါမှလည်းတောင်ကျော တွေကို မစားရပါဘူး၊ ဒါနဲ့ ဘုန်းကြီး ဦးကေလာသကို မေးကြည့်တယ်။ "ဦးကေလာသ တပည့်တော် တောင်ကျောလည်း တို့မစားရပါလား၊ ပိန်းဥလည်း မစားရပါလားလို့" ဆိုတော့ "ဒါယကာ–ဒါယိကာမတွေက ဘာဖြစ်လို့ ထည့်မပေးလဲ မသိပါဘူးဘုရားတဲ့၊ ဘုန်းကြီးဆွမ်းပွဲထဲ ငါးပိချက်တောင် မပါလို့ တစ်နေ့ တကာ ဦးထွန်းကြိုင်ကို မေးရတယ်၊ ဒီအရပ်က ငါးပိ ရှားသလားလို့ဆိုတော့မှ နောက်တစ်နေ့ ငါးပိပါလာတယ်။ ဘုန်းကြီးကလည်း တောင်ကျောတို့၊ တောပိန်းဥတို့ မစားရလို့ ကျေကိုမကျေနပ်သေးဘူး။

မေလ (၁) ရက်

ပြီးတော့ ဝမ်းသာစရာတစ်ခု တိုက်တိုက်ဆိုင်ဆိုင် ကြုံရပါတယ်။ ဘာလဲဆိုတော့ ဘုန်းကြီးတို့ မနက်ဖြန်ခါ

http://www.dhammadownload.com

ပြန်ရမယ် ဆိုတော့ မေလ(၁)ရက်ပဲ၊ ဘုန်းကြီးတို့ ဒီသပိတ်အိုင်တောရရောက်စဉ်က ၁၉၇၁ ခု မေလ (၁) ရက်နေ့ ရောက်ပါတယ်။

ယခု ၁၀ ရက်စခန်းပြီးလို့ ပြန်တဲ့အခါကျတော့ လည်း ၁၉၈၁ ခု၊ မေလ ၁ ရက်နေ့ ဖြစ်နေတယ်။ ဒီတော့ ဘုန်းကြီးတို့ သပိတ်အိုင်တောရသို့ ရောက်တဲ့နေ့မှ သပိတ်အိုင်တောရက ၁၀ ရက် စခန်း ပထမအကြိမ် အပြီးဟာ ၁၀ နှစ် တင်းတင်း မနက်ဖြန်ခါ ပြည့်ပါမယ်။

အဲဒီလို ၁၀ နှစ်တိတိပြည့်တဲ့နေ့မှာ ပထမအကြိမ် ၁၀ ရက်စခန်းပွဲကြီး ပြီးသွားတယ်ဆိုတော့ အထိမ်းအမှတ်တစ်ခုအနေနဲ့ တော်တော်ကောင်းတဲ့ မင်္ဂလာအခါကောင်းကြီးတစ်ခု ဖြစ်နေပါတယ်။

ဒီတော့ ဘုန်းကြီးက စဉ်းစားကြည့်တယ်။ အင်မတန် တိုက်ဆိုင်ခဲတဲ့ အဖြစ်ကြီးပဲ။ သက်သက်မဲ့ တိုက်ဆိုင်တာလည်း မဟုတ်ဘူး၊ ဖန်တီးတာလည်း မဟုတ်ဘူး၊ တအံ့တသြဖြစ်နေတော့ ဒီ ၁၀ ရက်စခန်းမှ တရားတွေကို သပိတ်အိုင် ၁၀ နှစ်ခရီး၏ ၁၀ ရက် စခန်းဆိုပြီး စာအုပ်တစ်အုပ်ရေးရရင် ကောင်းမှာပဲလို့ စဉ်းစားထားတယ်။ ဖြစ် မဖြစ်တော့ မသိဘူးပေါ့လေ။ ဖြစ်လာမှပဲ ဖြစ်ပြီလို့ မှတ်ရမှာပါပဲ။ ဘာဖြစ်လို့လည်း ဆိုတော့ ဘုန်းကြီးက အလုပ်များလို့ပါ"

http://www.dhammadownload.com

ညီညွတ်နေရင်

ယခု ၁၀ ရက်စခန်း တရားပွဲကြီးဖြစ်သွားပြီးတဲ့ ဥစ္စာက ဒီမှာရှိကြတဲ့ ဒါယကာဒါယိကာမတွေ အဘက်ဘက်က ခေါင်းဆောင်တဲ့ ပုဂ္ဂိုလ်တွေ၊ ကိုယ်တိုင်က လည်းပဲ အားထုတ်ချင်ကြတယ်။

တခြားမြို့ရွာတွေမှာ ၁၀ ရက်စခန်းတွေ ဖြစ်တယ်။ တို့သပိတ်အိုင်တောရမှာ နေသွားတဲ့ဘုန်းကြီးတွေ တို့ရဲ့ သပိတ်အိုင်တောရမှာ ၁၀ ရက်စခန်း မဖြစ်ဘူးဆိုရင် တို့အတွက် အင်မတန်နစ်နာပါတယ်။

"စဉ်းစားကြည့်ရင် ဟုတ်လည်း ဟုတ်ပါတယ်။ ကျွေးရမွေးရ ပြုစုစောင့်ရှောက်ရတော့ ကိုယ်က ကျွေးရမွေးရ ပြုစုစောင့်ရှောက်ရတယ်၊ စားသောက်သွားတော့ သူများတွေက စားသောက်သွားတယ်ဆိုတော့ မနစ်နာဘူးလား"

"နစ်နာပါတယ်ဘုရား"

"ဒါကြောင့် သူတို့ကလည်း ဖြစ်အောင်လုပ်မယ်ဆိုပြီး နှိုင်တဲ့အားနဲ့စုဆောင်းလိုက်တဲ့အခါကျတော့ ယခု ၁၀ ရက်စခန်း တရားအားထုတ်ပွဲကြီး ဖြစ်သွားပြီ"

"အဲဒါဟာ ဘာဖြစ်လို့ ဖြစ်လာတာလဲ ဆိုတော့ မိမိတို့မှာ ရှိထားတဲ့ အင်အားနဲ့ ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင်ဖြစ်လို့ ဖြစ်သွားတာပါ။ ရှေ့ကို ဆက်လက်ပြီး ညီညွတ်နေ ၅င် ဒီလိုပဲ ဖြစ်ဦးမှာပဲ"

http://www.dhammadownload.com

လက်ဆင့်ကမ်းဖို့

"ဒါကြောင့် ဘုန်းကြီးက ပြုတဲ့နေရာ၊ ပြောတဲ့နေရာ၊ ကြံစည်တဲ့နေရာ ဤ(၃)ဌာနဝယ် ကိုယ်စိတ်နှစ်သင်း အချင်းချင်းညီညွတ်ကြပါစေလို့ မေတ္တာပြုတာပါ"

"ပြေပြစ်နူးညံ့တဲ့စကား အချင်းချင်း ပြောကြား နိုင်ကြပါစေလို့ မေတ္တာပြုတာပါ"

"မိမိတို့ ရှေ့ကို ဆက်လက်ပြီးတော့ သွားရမယ့် ခရီးက နိဗ္ဗာန်တိုင်ထိဆိုတော့ မဝေးဘူးလား ဝေးလား"

"အဝေးကြီးပါဘုရား"

"မိမိတို့ ဘဝသက်တမ်းအနေနဲ့ ကြည့်ရင်လည်း အဝေးကြီးပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ ဒီနှစ် ၁၀ ရက်နဲ့ နိဗ္ဗာန်မရရင်လည်း နောက်နှစ် ၁၀ ရက်၊ အဲဒီနောက်နှစ် ၁၀ ရက်မရ ရင်လည်း နောက်နှစ် ၁၀ ရက် စသည်ဖြင့် လက်ဆင့်ကမ်းဖို့ အများကြီးရှိပါသေးတယ်"

ကုသိုလ်က နိဗ္ဗာန်ပို့

"အဲဒီလို လက်ဆင့်ကမ်းတယ်ဆိုတာ ညီညွတ်မှုကမ်း နိုင်မှာ၊ ညီညွတ်မှုကြောင့် လက်ဆင့်ကမ်းသွား

http://www.dhammadownload.com

ရင်လည်း မိမိတို့ အစဉ်အဆက်ဟာ ကုသိုလ်တွေ အများကြီးဖြစ်ကြမှာပါ။ အဲဒီလို ကုသိုလ်တွေ အများကြီး ဖြစ်မှ အဲဒီကုသိုလ်တွေက မိမိတို့ကို နိဗ္ဗာန် ပို့မှာ။ နိဗ္ဗာန် ပို့တာက ကုသိုလ်ကမှ နိဗ္ဗာန်ပို့တာပါ။ ပုဂ္ဂိုလ် တစ်ယောက်က ပုဂ္ဂိုလ်တစ်ယောက်ကို နိဗ္ဗာန် မပို့နိုင်ပါဘူး။ ဒါကြောင့် ကုသိုလ်များများရဖို့ အရေးကြီးပါတယ်"

ကိုယ်စားမျှသာ

ဘုန်းကြီးတို့ အခုဟောပြောပြတာဟာ ကိုယ်ပိုင် ဉာဏ်နဲ့ကိုယ့်နည်းနဲ့မဟုတ်ပါဘူး။ ဘုရားရှင်ကိုယ်တော် မြတ်ကြီးရဲ့ အဆုံးအမ သြဝါဒဒေသနာတော်တွေကို ကိုယ်တိုင် နာခံ မှတ်သားပြီး တတ်နိုင်သမျှ ကျင့်ကြံ အားထုတ်ပြီးတော့မှ အဲဒီ အဆုံးအမ သြဝါဒကောင်းတွေကို အမှီပြု လက်ကိုင်ထားကာ ညွှန်ကြား ပြသနေတာပါပဲ"

"ဘုန်းကြီးတို့ကအမှန်အတိုင်းပြောရရင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ကိုယ်စားမျှသာ ဖြစ်ပါတယ်။ ဘုန်းကြီးတို့ အလိုဆန္ဒအနေနဲ့ တရားနာ ပရိသတ် အပေါင်း သူတော်ကောင်းတွေ အပေါ်မှာ အကျိုးစီးပွား ရှိတာကိုပဲ လိုလားပါတယ်။ အကျိုးမဲ့တာကို မကြိုက်ပါဘူး"

http://www.dhammadownload.com

မေတ္တာ(၂)မျိုး

မေတ္တာ ၂-မျိုးရှိပါတယ်။ အကျိုးမဲ့ကိုပယ်ရှားတဲ့ မေတ္တာက တစ်မျိုး၊ အကျိုးစီးပွားဖြစ်ထွန်းဖို့ကို လိုလား တောင့်တတဲ့ မေတ္တာက တစ်မျိုးလို့ ၂-မျိုးရှိပါတယ်။ အဲဒီမေတ္တာ ၂-မျိုး တစ်ဦးနဲ့ တစ်ဦး အပြန်အလှန် ထားရှိနိုင်ဖို့ အရေးကြီးပါတယ်။

အကျိုးလိုလား မေတ္တာ

မေတ္တာပို့တယ်ဆိုတာ သတ္တဝါများအပေါ်မှာ အကျိုး လိုလားပြီး မေတ္တာပို့တာ၊ အကျိုးမဲ့ပယ်ရှားပြီးပို့တဲ့မေတ္တာ ရယ်လို့ ၂-မျိုးမှ အကျိုးလိုလားမေတ္တာကို ဦးစွာပို့ပါမယ်။ ဘုန်းကြီးတို့ ပရိသတ်ကလဲ ပို့ပြီးသား ဖြစ်သွားအောင် လိုက်ဆိုပါ။

၁။ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်များစွာသတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် ပြည့်ပါစေ။

၂။ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်များစွာသတ္တဝါ၊ ဘယာ ဘေးမှ ဝေးပါစေ။

၃။ လန့်တတ် မလန့်တတ် နှစ်ရပ်များစွာသတ္တဝါ၊ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။

၄။ မြင်ဖူး မမြင်ဖူး နှစ်ဦးများစွာသတ္တဝါ ချမ်းသာ ကိုယ်စိတ် ပြည့်ပါစေ။

http://www.dhammadownload.com

၅။ မြင်အပ် မမြင်အပ် နှစ်ရပ်များစွာသတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။

၆။ ဝေးနေ နီးနေ နှစ်ထွေများစွာသတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။

၇။ ဘဝဇာတ်သိမ်း မသိမ်း များစွာသတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။

၈။ သန္ဓေ ပဝတ္တိ နှစ်ရှိများစွာသတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။

၉။ ရှည် တို လယ် လတ် သုံးရပ်များစွာသတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။

၁၀။ ကြီး ငယ် လယ် လတ် သုံးရပ်များစွာသတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။

၁၁။ ဝိုင်း သေး လယ် လတ် သုံးရပ်များစွာသတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။

"အဲဒီ ယခု ပို့ခဲ့တဲ့မေတ္တာအားလုံး သတ္တဝါများ အပေါ်မှာ အကျိုးကိုလိုလားပြီး ပို့တဲ့အတွက် 'အကျိုးလိုလား မေတ္တာ' ဖြစ်ပါတယ်"

တစ်ပုံ ပုံပို့

"အဲဒီ အကျိုးလိုလားမေတ္တာကို တစ်ခါ ထပ်ခွဲလိုက်ရင် ၃-မျိုး ဖြစ်လာပြန်ပါတယ်။ ဘယ်လို ၃-မျိုးလဲဆိုတော့ သတ္တဝါ အားလုံးကို တစ်စုတစ်ပုံတည်း

http://www.dhammadownload.com

ပုံပြီး တစ်ခွန်းတည်းဖြင့် နှံ့အောင် ပို့တဲ့မေတ္တာက တစ်မျိုးပါ။ အဲဒါဘာလဲဆိုတော့-

၁။ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်များစွာသတ္တဝါ၊ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။

၂။ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်များစွာသတ္တဝါ၊ ဘယာဘေးမှ ဝေးပါစေ။

"ကဲ... အဲဒီလို ပို့လိုက်တော့ (၃၁)ဘုံရှိတဲ့ သတ္တဝါတွေ အကုန်လုံး ကုန်မသွားဘူးလား၊ အဲဒီသတ္တဝါအားလုံးကို တစ်ခွန်းတည်းဖြင့် တစ်ပုံထဲပုံပြီး ပို့လိုက်တဲ့ အကျိုးလိုလားမေတ္တာပို့ပါပဲ"

နှစ်ပုံ ပုံပို့

"ပြီးတော့ သတ္တဝါအားလုံးကို နှစ်ခုနှစ်ပုံပုံပြီး နှစ်ခွန်းတည်းနှင့် နှံ့အောင်ပို့တဲ့မေတ္တာက တစ်မျိုးပါ။ အဲဒါဘာလဲဆိုတော့-

၁။ လန့်တတ် မလန့်တတ် နှစ်ရပ်များစွာသတ္တဝါ၊ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။

၂။ မြင်ဖူး မမြင်ဖူး နှစ်ဦးများစွာသတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။

၃။ မြင်အပ် မမြင်အပ် နှစ်ရပ်များစွာသတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။

http://www.dhammadownload.com

၄။ ဝေးနေ နီးနေ နှစ်ထွေများစွာသတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။

၅။ ဘဝဇာတ်သိမ်း မသိမ်း များစွာသတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။

၆။ သန္ဓေ ပဝတ္တိ နှစ်ရှိများစွာသတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။

"ကဲ... အဲဒီလို ပို့လိုက်တော့ (၃၁)ဘုံရှိတဲ့ သတ္တဝါတွေ အဲဒီ စကားနှစ်ခွန်းတည်း အကုန်လုံး ပါမသွားဘူးလား၊ အဲဒီ သတ္တဝါအားလုံးကို နှစ်ခွန်းဖြင့် နှစ်ပုံပုံပြီး ပို့လိုက်တဲ့ အကျိုးလိုလားမေတ္တာပို့ပါပဲ"

သုံးပုံ ပုံပို့

"ပြီးတော့ ၃၁-ဘုံရှိ သတ္တဝါအားလုံးကို သုံးခုသုံးပုံပုံ ပို့ပြီး သုံးခွန်းဖြင့် နှုံ့အောင်ပို့တဲ့ မေတ္တာက တစ်မျိုး ရှိပါတယ်။ အဲဒါဘာလဲဆိုတော့-

၁။ ရှည် တို လယ် လတ် သုံးရပ်များစွာသတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။

၂။ ကြီး ငယ် လယ် လတ် သုံးရပ်များစွာသတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။

၃။ ဝိုင်း သေး လယ် လတ် သုံးရပ်များစွာသတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။

http://www.dhammadownload.com

"ကဲ...အဲဒီလိုပို့လိုက်တော့ (၃၁)ဘုံရှိတဲ့ သတ္တဝါတွေ အဲဒီ စကားသုံးခွန်းတည်း အကုန်လုံး ပါမသွားဘူးလား၊ အဲဒီ သတ္တဝါအားလုံးကို သုံးခွန်းဖြင့် သုံးပုံပုံပြီး ပို့လိုက်တဲ့ အကျိုးလိုလားမေတ္တာပို့ပါပဲ"

"ဒီမှာ အားလုံး မေတ္တာပို့ သုံးခွန်း ပါပါတယ်။ တစ်ခွန်းဖြင့် နှံ့အောင်ပို့တဲ့မေတ္တာ၊ နှစ်ခွန်းဖြင့် နှံ့အောင်ပို့တဲ့မေတ္တာ၊ သုံးခွန်းဖြင့် နှံ့အောင်ပို့တဲ့မေတ္တာရယ်လို့ သုံးခုပါပါတယ်"

အကျိုးမဲ့ပယ်ရှားမေတ္တာ

"အကျိုးလိုလားမေတ္တာဟာ ၃-ခု ဖြစ်ပါတယ်။ အကျိုးမဲ့ ပယ်ရှားမေတ္တာကတော့ ၃-ခု မရှိတော့ပါဘူး၊ ၃-ပုဒ်ပဲရှိပါတယ်၊ ၃-ပုဒ်ဆိုတာကတော့ မေတ္တာသုတ်လာတဲ့ အတိုင်း ပို့တာပြောတာပါ၊ ကဲ... ပို့ကြည့်ရအောင်-

၁။ တစ်ယောက်သူကား တစ်ယောက်အား၊ လှည့်စားအပြု ကင်းပါစေ။

၂။ တစ်ရပ်ရပ်တွင် တစ်ယောက်မြင် မာန်ဝင်ထေမဲ့ ကင်းပါစေ-တဲ့။

၃။ ကိုယ်နှုတ်စိတ်ထင့် ဒေါသဖြင့်၊ ပြုကျင့်ဆင်းရဲ ကင်းပါစေ-တဲ့။

http://www.dhammadownload.com

"အဲဒါက အကျိုးမဲ့ပယ်ရှားမေတ္တာပို့ ၃-ပုဒ်ပေါ့။ အဲဒီမှာ ကြည့်ပါလား၊ တစ်ယောက်သောသူဟာ တစ်ယောက်သောသူကို မလှည့်စားပါစေနဲ့၊ လှည့်စားခြင်း၊ လှည့်စားမှုမှ ကင်းပါစေ၊ လိမ်ညာလှည့်ဖြားမှုမှ ကင်းပါစေဆိုတာက အကျိုးမဲ့လား၊ အကျိုးရှိလား ဆိုတော့ အကျိုးမဲ့တွေပယ်ရှားနိုင်အောင်ပို့တဲ့မေတ္တာပေါ့"

"တစ်စုံတစ်ခုသောအရပ်မှာ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ကို မြင်တဲ့တွေ့တဲ့အခါမှာ မာန်မာန မထောင်ပါစေ၊ မာန်ထောင်လွှားမှုကင်းပါစေလို့ ပို့တာပါ၊ အကျိုးမဲ့ကိုပယ်ရှားတဲ့မေတ္တာပဲပေါ့"

"တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ကို ဒေါသရွေ့ထားပြီးတော့ ဆင်းရဲသမှုမပြုပါစေနှင့်၊ မပြောပါစေနှင့်လို့ ပို့တာလည်း အကျိုးမဲ့ပယ်ရှားတဲ့မေတ္တာပါပဲ။ ယခု ဘုန်းကြီးတို့ မေတ္တာဟာ အကျိုးလိုလားမေတ္တာရော အကျိုးမဲ့ပယ်ရှားမေတ္တာရော ၂-မျိုးလုံး ပါဝင်ပါတယ်"

အလှူခံရွေး-မရွေး

ကဲ... တရားမဟာမိ ဘုန်းကြီးတို့ ပြုချင်တဲ့ အာသီသပတ္ထနာကို ပြုလို့ မေတ္တာပို့လို့ ပြီးသွားပါပြီ၊ ယခု တရားဟောဖို့ပဲ ရှိပါတော့တယ်၊ တရားဟောဖို့

http://www.dhammadownload.com

ဆိုတော့ ဘုန်းကြီး ဘာတရား ဟောမယ်လို့ ပြော ထားလဲ"

"အလှူခံတစ်ကျိပ်လေး တရားပါဘုရား"

"ဟုတ်ပြီ၊ အလှူခံတစ်ကျိပ်လေး တရား၊ ဘုန်းကြီး ဘာဖြစ်လို့ ဒီတရားကို ဟောရတာလဲဆိုတော့ အလှူခံ ပုဂ္ဂိုလ်တစ်ဦးနဲ့တစ်ဦး ကွာခြားပုံကို သိစေချင်လို့ ဟော တာနော်"

"မှန်ပါဘုရား"

"ယခု ၁၀ ရက်စခန်းတရားပွဲကြီး အောင်မြင်အောင် ဆိုပြီးတော့ လှူဒါန်းကြတာ ငွေတစ်သောင်းကျော်ပါတယ်၊ အားလုံးပဲ အဲဒီငွေတွေလှူ စားသောက်ဖွယ်တွေ၊ ပစ္စည်း တွေ လှူကြတာဟာ ယောဂီပုဂ္ဂိုလ်တွေ ဒီပစ္စည်းတွေ စားသောက်သုံးဆောင်ပြီးတော့ ချမ်းချမ်းသာသာ တရား အားထုတ်နိုင်ရေးအတွက်ပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဘုန်းကြီးတို့ ပရိသတ်တွေလည်း ကြားဖူးနေ ကြပါတယ်၊ တချို့ပုဂ္ဂိုလ်တွေက အလှူခံပုဂ္ဂိုလ် ရွေးချယ် ပြီးတော့ လှူကြတယ်၊ အချို့ပုဂ္ဂိုလ်တွေက အလှူခံပုဂ္ဂိုလ် မရွေးချယ်ဘဲ လှူကြတယ်၊ အဲဒီလို အလှူခံပုဂ္ဂိုလ် ရွေး မရွေး ၂-မျိုး ၂-စားဟာ ဘယ်မြို့ဘယ်ရွာမှာပဲဖြစ်ဖြစ် ရှိပါတယ်"

http://www.dhammadownload.com

ဆန့်ကျင်ဘက်ပြော

"အဲဒီလို မြို့ပဲဖြစ်ဖြစ် တောပဲဖြစ်ဖြစ် အလှူခံ ရွေးတဲ့ ပုဂ္ဂိုလ်၊ မရွေးတဲ့ ပုဂ္ဂိုလ် ၂-ယောက် တို့ဟာ တစ်ယောက်နဲ့ တစ်ယောက် အမြင်ချင်း မတူတော့ ဆန့်ကျင်ဘက်စကားတွေ ပြောကြတယ်၊ သူကောင်း ကိုယ်ကောင်း ငြင်းခုံကြတယ်"

"မရွေးတဲ့ပုဂ္ဂိုလ်က ရွေးတဲ့ပုဂ္ဂိုလ်ကို မင်းတို့က သိပ်ပြီးတော့ အလှူခံပုဂ္ဂိုလ်ရွေးတာပဲလို့ ပြောတယ်၊ အလှူခံတစ်ကျိပ်လေး ခွေးတောင်ပါတာပဲ လူပေါ့ကွ၊ အကျိုးရှိတာပဲလို့ ဆိုတယ်"

"ရွေးတဲ့ပုဂ္ဂိုလ်ကလဲ အေး-တို့က အလှူခံပုဂ္ဂိုလ် ရွေးတယ်၊ ရွေးလှူရမှပဲ ကြိုက်တယ်လို့ ပြောပြန်တယ်၊ အဲဒီလို ရွေးတဲ့လူနဲ့ မရွေးတဲ့လူဟာ မြို့ရောတောမှာ ရှိပါတယ်"

အလှူခံပုဂ္ဂိုလ် ရွေးတဲ့သူက အမြင်ကျယ်တဲ့သူ မရွေးတဲ့သူက အမြင်ကျဉ်းတဲ့သူ ဖြစ်ပါတယ်၊ အဲဒီလို အမြင်ကျဉ်း၊ အမြင်ကျယ်တဲ့သူ နှစ်ဦး တွေ့ကြတော့ အမြင်ချင်းမတူတော့ တစ်ဦးနဲ့တစ်ဦး ဆန့်ကျင်ဘက် ပြောတော့တာပေါ့"

ဟောသင့် ဟောထိုက်တဲ့တရား

"အဲဒါတွေကြားရတော့ ဘုန်းကြီးက ဟောသင့် ဟောထိုက်တဲ့ တရားတော်ကို ဟောပေးမှပဲလို့ စဉ်းစားမိ

http://www.dhammadownload.com

တယ်၊ ဟုတ်တယ်လေ၊ ရွေးတဲ့ပုဂ္ဂိုလ်ကလည်း သူ ရွေးသင့် ရွေးထိုက်လို့ရွေးပြီး လှူတဲ့အတွက် အကျိုးရှိ လိမ့်မယ်၊ မရွေးတဲ့ပုဂ္ဂိုလ်ကလည်း ရွေးရမှန်းမသိဘဲ မရွေးဘဲလှူတဲ့အတွက် အကျိုးနည်းလိမ့်မယ်"

"ဒါကြောင့် အလှူခံတစ်ကျိပ်လေး တရားတော်ကို မဟောရသေးတဲ့ တရားပွဲအပြီးသတ်မှာ အလှူရှင်တွေ ဝမ်းမြောက်ဝမ်းသာဖြစ်အောင် အလှူခံတစ်ကျိပ်လေး တစ်ဦးနဲ့တစ်ဦး အကျိုးပေးကွာပုံကို ဒီတရားတော်ကို နာကြားကြည့်မှသိမယ်။ ကဲ... လိုက်ဆိုကြည့်ပါ"

တိရစ္ဆာန်အလှူ၊ အကျိုးမှု၊ ရယူဆတရား။

တိရစ္ဆာန်လှူ

"အလှူခံတစ်ကျိပ်လေး ခွေးတောင်ပါတယ် ဆို တာက ခွေးဟာ တိရစ္ဆာန်ဖြစ်လို့ပြောတာပါ၊ အလှူခံ တစ်ကျိပ်လေးမှာ အောက်ထစ်ဆုံး အလှူခံပုဂ္ဂိုလ်ဟာ အဟိတ်တိရစ္ဆာန် ဖြစ်ပါတယ်၊ အထက်စားအလှူခံ ပုဂ္ဂိုလ်က ဘုရားရှင် ဖြစ်ပါတယ်"

"အဲဒီလို အလှူခံပုဂ္ဂိုလ်မှာ အောက်နဲ့ အထက် အယုတ်အမြတ်ကွာခြားသလို အကျိုးပေးကျတော့လည်း ကွာခြားပါတယ်၊ ဘယ်လိုကွာခြားသလဲဆိုတော့ တိရစ္ဆာန် မှာ ကြက်ငှက်ပဲ ဖြစ်ဖြစ် နွား၊ ဆိတ်ပဲ ဖြစ်ဖြစ်၊ ပုရွက်ဆိတ်ပဲ ဖြစ်ဖြစ် အဲဒီ တိရစ္ဆာန်တစ်ကောင်ကို

http://www.dhammadownload.com

စေတနာသုံးတန်ပြဋ္ဌာန်းပြီး တစ်နပ်စာ ဝအောင်ကျွေးမွေး လိုက်ရင် အဲဒီအလှူရှင်မှာ ဘဝတစ်ရာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာ ကြီးခြင်းဆိုတဲ့ အကျိုးထူးတရား ငါးပါး ရပါတယ်"

"အဲဒီမှာ သေသေချာချာသတိပြုပါ။ တစ်ယောက်စာ၊ တစ်နပ်စာချင်းအတူတူ စေတနာသုံးတန်ချင်း အတူတူ၊ ပစ္စည်းချင်းအတူတူ တိရစ္ဆာန်တစ်ကောင်ကို တစ်နပ်စာပေးလှူတော့ အကျိုးပေးက ဘဝတစ်ရာပါ"

မွေးမြူရေးမပါ

"အဲဒီမှာ ဘုန်းကြီးတို့ ပရိသတ်အယူအဆ လွဲမှားတတ်ပါတယ်၊ ဘယ်လိုလဲ ဆိုတော့ဟာ ဟန်ကျပြီ၊ တိရစ္ဆာန်တစ်ကောင်လှူတာ ဘဝတစ်ရာ ကောင်းကျိုးပေးတယ်ဆိုတော့ တိရစ္ဆာန်တွေအများကြီး မွေးဦးမှပဲလို့ အယူအဆ မလွဲပါနဲ့"

"အဲဒီ အများကြီးမွေးပြီး မွေးမြူရေးလုပ်တဲ့ အကျွေးအမွေးမျိုးက တစ်မျိုးပါ၊ လှူတာကတစ်မျိုးပါ၊ မွေးမြူရေးလုပ်တဲ့စေတနာက တစ်မျိုးပါ၊ ငါ့အကောင်လေးတွေ ကြီးလာပြီး တစ်ဆယ်သား၊ နှစ်ဆယ်သားကောင်ရှိပြီ၊ ရောင်းရတော့မယ်၊ ရောင်းရရင် ဘယ်လောက်ရမယ် ဆိုတဲ့ စေတနာနဲ့ မွေးကျွေးတာ"

http://www.dhammadownload.com

"အဲဒီစေတနာက သူတို့ ကျွေးတာမွေးတာဟာ သူတို့ အသားတိုးလို့ ရောင်းရတော့ ကိုယ့် စီးပွားဖြစ်ရေးအတွက်ပါ။ အဲဒီတော့ စီးပွားပဲ ဖြစ်မယ်၊ ဘဝတစ်ရာတော့ ကောင်းကျိုးငါးမျိုး မပေးပါဘူး"

"မိမိတို့ ကျွေးမွေးတာက လောဘနဲ့ ကျွေးမွေးတာပါ။ အလှူဖြစ်အောင် ကျွေးမွေးနည်းက အဲဒီ အလှူခံဖြစ်တဲ့တိရစ္ဆာန်ချမ်းသာရေးအတွက် ကျွေးတာပါ။ ကိုယ့် အကျိုးအတွက် ကျွေးတာ မဟုတ်ပါဘူး"

"သူ့မှာ ကောင်းမွန်စွာစားနိုင်ပါစေ၊ စားပြီးတော့ လည်း ကိုယ်စိတ်နှစ်ဖြာချမ်းသာပါစေဆိုတဲ့ သဘောနဲ့ ကျွေးတာ၊ အဲဒီလို ကျွေးမှလည်း ဘဝတရာ ကောင်းကျိုးချမ်းသာ ပေးမှာပါ။ အဲဒါလည်း ခွဲမှတ်ထားဦး"

သီလမဲ့လှူ

"ကဲ...ယခု အလှူခံတစ်ကျိပ်လေးမှာ တိရစ္ဆာန်ဆိုတဲ့ အလှူခံတစ်မျိုး ပြီးသွားပြီ။ နောက်တစ်မျိုးက ဘာလဲ ဆိုတော့ လိုက်ဆိုကြည့်ပါ"

သီလမဲ့လှူ အကျိုးမူ ရယူတစ်ထောင်သာ။

"ဘာသီလမှမရှိတဲ့ လူဆိုး သူခိုးတစ်ယောက်ကို တစ်နပ်စာ စေတနာသုံးတန်ပြဋ္ဌာန်းပြီး ကျွေးမွေးလိုက်ရင် အလှူရှင်မှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာ

http://www.dhammadownload.com

ကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း ဆိုတဲ့ အကျိုးတရားငါးပါးကို ဘဝပေါင်းတစ်ထောင်ရမယ်"

"ခုနက တိရစ္ဆာန်တစ်ကောင်ကို တစ်နပ်စာ ကျွေးမွေးတုန်းက ဘဝတစ်ရာ၊ ယခု လူဆိုးသူခိုးကို တစ်နပ်စာကျွေးမွေးတော့ ဘဝတစ်ထောင်နော်"

"မှန်ပါဘုရား"

"အဲဒါ ဘာကွာသွားတာလဲဆိုတော့ အလှူခံပုဂ္ဂိုလ် ကွာသွားတာ၊ လူဖွယ်ပစ္စည်းအတူတူ၊ စေတနာ အတူတူပါပဲ၊ ဒီတော့ အလှူခံပုဂ္ဂိုလ်မရွေးသင့်ဘူးလား၊ ရွေးသင့်လား"

"ရွေးသင့်ပါတယ်ဘုရား"

ပစ္စည်းတစ်ခု

"အခုနေဆိုပါတော့ ဘုန်းကြီးတို့ ပရိသတ်ရဲ့ လက်ထဲမှာ ပစ္စည်းတစ်ခုရှိတယ်၊ အဲဒီပစ္စည်းကို လူ တစ်ယောက်က ကျွန်တော့်ကို ရောင်းပါ၊ တစ်ရာပေးပါ့ မယ်လို့ပြောတယ်၊ နောက်တစ်ယောက်က ကျွန်တော့် ရောင်းပါ၊ တစ်ထောင်ပေးပါ့မယ်လို့ ပြောတယ်၊ အဲဒီလို လူ ၂-ယောက် ပြိုင်တူ အပြိုင်ဝယ်တဲ့ အခါ ဘယ်သူ့ကို ရောင်းမလဲ"

"တစ်ထောင်ပေးတဲ့လူ ရောင်းပါ့မယ်ဘုရား"

http://www.dhammadownload.com

"အင်း... ဒါကျတော့ တယ်ပြီးစေးရောင်းတတ်ပါ လား၊ အလွှာလွှာတော့ ဘယ့်နယ်လဲ၊ မရွေးရဘူးလား၊ ရွေးရမှာလား"

"ရွေးရမှာပါဘုရား"

ခွေးတစ်ကောင်နှင့် လူဆိုးတစ်ယောက်

"ကဲ...မေးစမ်းပါရစေ၊ မိမိအနားကို အစာရေစာ ဆာလောင်မွတ်သိပ်နေတဲ့ ခွေးပိန်တာလေးတစ်ကောင် လည်း လာတယ်၊ အစာရေစာ မစားရမသောက်ရသေး တဲ့ ဆာလောင်မွတ်သိပ်နေတဲ့ လူဆိုးသူခိုးတစ်ယောက် လည်း လာတယ်၊ မိမိမှာလည်း တစ်ယောက်စာ စားသောက်စရာ အစားအစာတွေ ရှိနေတယ်ဆိုရင် လူဆိုးသူခိုး ကျွေးမလား၊ ခွေး ကျွေးမလား"

"လူဆိုးသူခိုး ကျွေးပါ့မယ်ဘုရား"

"အင်း... အဲဒါကတော့ မဟုတ်ဘူးနဲ့ တူတယ်၊ ဘုန်းကြီးက တစ်ရာနဲ့တစ်ထောင်ခွဲပြထားလို့သာ လူဆိုး သူခိုး ကျွေးမယ် ပြောတာနဲ့တူတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဘုန်းကြီးတို့ ကြားဖူးတယ်၊ 'အမယ်လေး၊ ဒီလိုကောင်မျိုး ကျွေးမည့်အတူတူ ခွေး ကျွေးရတာ ကောင်းသေးတယ်'လို့ ပြောကြတယ်၊ ဘုန်းကြီး ကိုယ် တိုင် ကြားဖူးပါတယ်၊ အဲဒီလိုတော့ မလုပ်ပါနဲ့"

http://www.dhammadownload.com

"တချို့ကလည်း လူမိုက်အားပေးကွတဲ့၊ တချို့ကလည်း အဆိပ်ပင် ရေလောင်းတဲ့၊ မသိပြော ပြောနေကြတာပါ၊ အဲဒီလူဆိုးဟာ ဆိုးတဲ့အခါ ဆိုးပေမယ့် တစ်နေ့ကောင်းရင် မဂ်ဖိုလ်နိဗ္ဗာန်အထိမရနိုင်ဘူးလား"

"ရနိုင်ပါတယ်ဘုရား"

"တိရစ္ဆာန်ကတော့ ဘာသီလမှလည်း မရှိ၊ နောင်လည်း ရှိမှာမဟုတ်၊ မဂ်ဖိုလ်နိဗ္ဗာန်လည်း ရမှာမဟုတ်ပါဘူး၊ အဲဒါလည်း ကြည့်ရှုပါ၊ အမှန်ကြည့်ရမှာက မိမိမှာပစ္စည်းတွေ ပေးမကုန်လူမကုန်ဆိုရင်တော့ ကိစ္စမရှိပါဘူး၊ ယခုက ရှာဖွေရတာ ခက်တယ်၊ ကုန်ဖို့ရာလွယ်တယ်"

အလှူခံအဓိက

"အဲဒီလောက် ရှာဖွေဖို့ရာခက်ခဲ၊ ရဖို့ရာခက်ခဲတဲ့ပစ္စည်းကို အကျိုးမရှိတဲ့နေရာမှာလှူရင် မိမိပဲနစ်နာမယ်၊ အလှူအကျိုးပေးတယ်ဆိုတာ လှူဖွယ်ပစ္စည်းက အကျိုးပေးတာလား၊ အလှူခံပုဂ္ဂိုလ်က အကျိုးပေးတာလား၊ သေသေချာချာ သတိထားကြည့်ပါ၊ အလှူခံပုဂ္ဂိုလ်က အဓိကအကျိုးပေးတာပါ၊ အဲဒါကြောင့် အလှူခံပုဂ္ဂိုလ်ရွေးချယ်ပြီးမှ လှူရမယ်နော်၊ မရွေးချယ်ဘဲမလှူရပါဘူး"

http://www.dhammadownload.com

မရွေးချယ်နဲ့

"ဆိုပါတော့ မိမိမှာ စားသောက်စရာ အစားအစာ ၂-ယောက်စာရှိတယ်၊ အစာမစားရသေးတဲ့ ခွေးပိန်တာလေး တစ်ကောင်နှင့် အစာမစားရသေးတဲ့ လူဆိုးသူခိုးတစ်ယောက် ပြိုင်တူရောက်လာကြတယ်၊ မိမိမှာလည်း လူချင်တဲစေတနာရှိနေတယ်၊ အဲဒီအခါမျိုးမှာတော့ မရွေးပါနှင့်တော့ ၂-ယောက်စာရှိနေတဲ့အတွက် ခွေးရော၊ လူဆိုးသူခိုးပါ လူလိုက်ပေါ့၊ ဆိုလိုတာက လူဖွယ်ပစ္စည်းတွေ သိပ်ပေါနေတယ်ဆိုရင်တော့ မရွေးပါနှင့်၊ မပေါဘူးဆိုရင်တော့ အကျိုးရှိရာမှာ ရွေးလူရမယ်"

သီလရှိလူ

"ကဲ... အလူခံတစ်ကျိပ်လေးမှာ ယခုနှစ်ယောက်ပြီးသွားပြီ၊ အဲဒီနှစ်ယောက်ရဲ့ အကျိုးပေးကွာသလို နောက်နောက် အလူခံပုဂ္ဂိုလ်တွေနှင့် ညှိနှိုင်းကြည့်ရအောင် လိုက်ဆိုကြည့်ပါ"

သီလရှိလူ၊ အကျိုးမူ၊ ရယူတစ်သိန်းပါ။

"သီလရှိတဲ့ အလူခံပုဂ္ဂိုလ်တစ်ယောက်ကို တစ်နပ်စာ ဝအောင်ကျွေးမွေးလူဒါန်းလိုက်ရင် အလူရှင်မှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်းဆိုတဲ့ အကျိုးထူးတရား ငါးပါး ဘဝပေါင်းတစ်သိန်းရမယ်"

http://www.dhammadownload.com

"အဲဒါ လှူဖွယ်ပစ္စည်းကတစ်ယောက်စာပဲ၊ အလှူခံပုဂ္ဂိုလ်ကွာသွားတာနဲ့ အကျိုးပေးကွာသွားတာပါ၊ အလှူခံကို စာလိုတော့ခေတ်လို့ခေါ်ပါတယ်၊ ခေတ်ကစင်ကြယ်တယ်၊ မွန်မြတ်တယ်ဆိုရင် လှူဖွယ်ပစ္စည်းသေးတာ ကြီးတာ၊ နည်းတာများတာနဲ့ မဆိုင်ပါဘူး၊ အကျိုးပေးကြီးပါတယ်"

အလှူခံမှာ လယ်ပမာ

"လူအများသိတဲ့ လယ်ယာမြေဆိုတာ ရှိပါတယ်၊ အဲဒီ လယ်ယာမြေဟာ ပထမတန်းစားလယ်မြေ၊ ဒုတိယတန်းစား လယ်မြေ၊ တတိယတန်းစား လယ်မြေလို့ ၃-မျိုးရှိပါတယ်၊ အဲဒီ လယ်မြေ ၃-မျိုးကို လယ်သမားတစ်ယောက်အား ပေးကြည့်ပါ၊ ဘယ်လိုပြောပေးမလဲဆိုတော့ 'ကြိုက်တဲ့လယ်ကို ရွေးစိုက်ပါ' လို့ ပြောပေးကြည့်ပါ၊ ပထမတန်းစား လယ်မြေကို ရွေးပြီး လုပ်မှာစိုက်မှာ သေချာပါတယ်"

"ယခု အလှူခံပုဂ္ဂိုလ် ၃-မျိုးရှိသွားပါပြီ၊ တိရစ္ဆာန်ရယ်၊ သီလမဲ့သူရယ်၊ သီလရှိသူရယ်၊ အဲဒီအလှူခံပုဂ္ဂိုလ် ၃-မျိုးမှာ ကြိုက်တဲ့အလှူခံပုဂ္ဂိုလ်ကို ရွေးလှူပါဆိုရင် ဘယ်အလှူခံပုဂ္ဂိုလ်ကို ရွေးလှူမလဲ"

"သီလရှိတဲ့ အလှူခံပုဂ္ဂိုလ်ကို ရွေးပါ့မယ်ဘုရား"

http://www.dhammadownload.com

"အင်း ပထမတန်းစား လယ်မြေကောင်းကြီးမှာ မျိုးစေ့ကလည်း ကောင်းတယ်၊ အချိန်ကလည်း ကောင်းတယ်၊ စိုက်ပျိုးတဲ့လယ်သမားကလည်း ကောင်းတယ်၊ ကျွမ်းကျင်တယ်ဆိုရင် အောင်မြင်တဲ့ အရသာပြည့်တဲ့ အသီးအနှံတွေ ရနိုင်ပါတယ်"

"အေး... လယ်မြေကတော့ ပထမတန်းစား လယ်မြေကောင်းကြီးပဲ၊ မျိုးစေ့လည်း ကောင်းတယ်၊ အချိန်လည်း ကောင်းတယ်၊ ဒါပေမယ့် စိုက်ပျိုးတဲ့ လယ်သမား မကောင်းရင်၊ မကျွမ်းကျင်ရင် အဲဒီလယ်ဟာ မကောင်းပါဘူး၊ အောင်မြင်တဲ့၊ အရသာရှိတဲ့ အသီးအနှံတွေ မရနိုင်ပါဘူး"

"လယ်မြေက ပထမတန်းစားလယ်မြေကောင်းပါ၊ ဒါပေမယ့် မျိုးစေ့လည်း မကောင်းဘူး၊ အချိန်လည်း နှောင်းတယ်၊ စိုက်ပျိုးသူ လယ်သမားလည်း မကောင်းဘူး၊ မကျွမ်းကျင်ဘူးဆိုရင် ပိုပြီးတော့ မကောင်းဖြစ်ပါမယ်"

"လယ်မြေလည်း မကောင်း၊ မျိုးစေ့ကလည်း မကောင်း၊ အချိန်ကလည်းနှောင်း၊ လယ်သမားကလည်း မကောင်း၊ မကျွမ်းကျင်ဘူးဆိုရင် တော့ ဆိုဖွယ်ရာမရှိ မကောင်းတော့ပါဘူး"

"ဒီတော့ လယ်လုပ်တဲ့နေရာမှာ လယ်ယာမြေ ကောင်းရမယ်၊ မျိုးစေ့ကောင်းရမယ်၊ အချိန်အခါ ကောင်း

http://www.dhammadownload.com

ရမယ်၊ မနှောင်းစေရဘူး၊ လယ်သမားကလည်း ကောင်းရမယ်၊ ကျွမ်းကျင်ရမယ် ဆိုရင်တော့ အထွက်ကောင်းပါတယ်၊ အနှစ်သာရာနှင့်ပြည့်စုံတဲ့ အသီးအနှံတွေ များစွာရတယ်"

"ဒီတော့ လူတစ်ယောက်ကိုလယ်သုံးမျိုးပေးပြီး မျိုးစေ့ အတန်းအစားသုံးမျိုးလည်းပေးပြီး စိုက်ခိုင်းရင် လယ်သုံးမျိုးလုံး စိုက်ရမယ်၊ ဒါပေမယ့် လယ်ကတော့ သုံးမျိုးပေးထားတယ်၊ မျိုးစေ့က တစ်မျိုးတစ်စားပဲ ရှိတယ်ဆိုရင် ပထမတန်းစား လယ်မြေကို ရွေးပြီးစိုက်ရမယ်၊ မျိုးစေ့နှစ်မျိုးရှိရင် ပထမတန်းစားလယ်နှင့် ဒုတိယတန်းစားလယ်မှာ စိုက်ရမယ်"

သာသနာ့လယ်မြေ

"အဲဒီဥပမာအတူပါပဲ၊ ရှင်တော်ဘုရား တည်ထားမိန့်မှာ သာသနာတော်မြတ်ကြီးမှာ သာသနာ့လယ်မြေကောင်းဆိုတာ ရှိပါတယ်၊ သံဃာတော် အရှင်မြတ်တွေဟာ ကောင်းမှုတည်းဟူသော မျိုးစေ့ကို စိုက်ပျိုးကြဲချရာ လယ်ယာမြေစစ် ပုညခေတ်ဖြစ်ပါတယ်"

"ဒီတော့ သာသနာတော်တည်းဟူသော လယ်ယာမြေစစ် ပုညခေတ်ထဲမှာ အချိန်သင့်ပြီး လူဖွယ်ပစ္စည်းအသီးသီးဆိုတဲ့ မျိုးစေ့ကောင်းတွေကို လူဒါန်းကြဲချသောအားဖြင့် ထွန်ယက်စိုက်ပျိုးလိုက်မယ်ဆိုရင် လူ့

http://www.dhammadownload.com

ပြည်မှာလည်း သူ့ထက်သာ၊ နတ်ပြည်မှာလည်း သူ့ထက်ပို၊ ဗြဟ္မာနယ်တရိုးမှာ အဘိဉ်ဉာဏ်စွာန်တန်ခိုးတွေနဲ့ ဟိုးဟိုးကျော်ခံစားပြီး နိဗ္ဗာန်တိုင် အရောက်သွားမယ့် မြောက်မြားစွာသော ချမ်းသာတွေကို လူဒါန်းကြဲချစိုက်ပျိုးတဲ့ ဒါယကာ ဒါယိကာမတွေ အားရလေအောင် ကောင်းစွာရနိုင်ပါတယ်"

နှစ်ဖက်ညီမှုကျိုးကြီးရ

"သာသနာလယ်မြေလို့ခေါ်တဲ့ အလှူခံပုဂ္ဂိုလ်တွေဟာလည်း ပကတိလယ်မြေသုံးမျိုးရှိသလို အလှူခံပုဂ္ဂိုလ်လယ်မြေလည်း သုံးမျိုးရှိပါတယ်၊ လှူဒါန်းတဲ့နေရာမှာ အလှူခံပုဂ္ဂိုလ် ကောင်းပေမယ့် လှူဒါန်းတဲ့ အလှူရှင်မကောင်းရင် အကျိုးကြီးမှာလား ဆိုတော့ အကျိုးမကြီးပါဘူး၊ တစ်ဖက်ပဲ အကျိုးကြီးတယ်"

"အလှူခံပုဂ္ဂိုလ် လယ်မြေမကောင်းဘဲ လှူဒါန်းတဲ့ အလှူရှင် ကောင်းရင်ကော အကျိုးပေးကြီးမှာလား ဆိုတော့ မကြီးပါဘူး၊ တစ်ဖက်ပဲ အကျိုးကြီးတယ်"

"လယ်ကောင်းတယ်၊ လယ်လုပ်တဲ့သူမကောင်းရင် လယ်အတွက်ပဲ ရမယ်၊ လုပ်တဲ့လူအတွက် မရဘူး၊ တစ်ဖက်ပဲ အကျိုးကြီးတယ်ပေါ့"

"လယ်မကောင်းဘူး၊ လယ်လုပ်တဲ့သူ ကောင်းရင် လုပ်တဲ့ လူအတွက်ပဲ ရမယ်၊ လယ်အတွက် မရဘူး၊ တစ်ဖက်ပဲ အကျိုးကြီးတယ်ပေါ့"

http://www.dhammadownload.com

"လယ်လည်း မကောင်းဘူး၊ လုပ်တဲ့လူလည်း မကောင်းဘူးဆိုရင် လယ်အတွက် လုပ်တဲ့လူအတွက်ပါ မရတော့ဘူး၊ အဲဒါ ၂-ဖက်စလုံး အကျိုးမကြီးတော့ ဘူးပေါ့"

"အေး... အဲဒီအတူပဲ၊ အလှူပေးတဲ့နေရာမှာလည်း အလှူခံ ပုဂ္ဂိုလ်ရော၊ အလှူပေးတဲ့ပုဂ္ဂိုလ်ရော၊ လှူဖွယ် ပစ္စည်းဆိုတဲ့ မျိုးစေ့ပါကောင်းမယ်ဆိုရင် အကျိုးဟာ အင်မတန်ကြီးပါတယ်"

ဝေလာမအလှူကြီး

"အဲဒါနဲ့ပတ်သက်ပြီး သာဓကတစ်ခုပြချင်ပါတယ်၊ နှစ်ဖက်စင်ကြယ်ပုံနှင့်ပတ်သက်ပြီး အရေးကြီးပုံပေါ့၊ တစ်ဖက်စင်ကြယ်ရင် တစ်ဖက်ပဲရပုံပေါ့၊ သာသနာပ အခါတုန်းက ဝေလာမပုဏ္ဏားကြီးဆိုတာ ရှိပါတယ်"

"သူ့ကို ဘာလို့ဝေလာမလို့ခေါ်လဲဆိုတော့ ဝေလာမ ဆိုတာ အပိုင်းအခြားပါ၊ သူက အပိုင်းအခြား လွန်ပြီး ပစ္စည်းဥစ္စာ ရှိတယ်၊ ပညာလည်း တတ်တယ်၊ ရုပ် အဆင်းကလည်း လှလို့ ဝေလာမ လို့ ခေါ်ပါတယ်"

"အဲဒီ ဝေလာမပုဏ္ဏားကြီးဟာ တစ်နေ့တော့ စဉ်းစားပါတယ်။ ငါသည် လူမယ်ဆိုပြီး ရွှေခွက်ပေါင်း ရှစ်သောင်းလေးထောင်၊ ငွေခွက်ပေါင်း ရှစ်သောင်း လေးထောင် စသည်ဖြင့် လှူဖွယ်ပစ္စည်း တစ်မျိုး

http://www.dhammadownload.com

တစ်မျိုးမှာ ရှစ်သောင်းလေးထောင်စီ စိတ်ကူးစဉ်းစား စီမံပါတယ်"

"အဲဒီအလှူပွဲကြီးမှာ အခု သပိတ်အိုင်တောရ ၁၀-ရက် စခန်းမှာ ယောဂီတွေကို ကျွေးဖို့မွေးဖို့ ၁၀-ရက် တိုင်တိုင် ချက်ပြုတ်သလို အလှူခံပုဂ္ဂိုလ်တွေကို ရက်ရှည် လများကျွေးမွေးဖို့ချက်ပြုတ်တဲ့ထမင်းရည်ဟာ ချောင်းစီး မက မြစ်ကြီးသဖွယ် စီးဆင်းပါတယ်"

"အဲဒီအလှူကိုလာတဲ့ပုဂ္ဂိုလ်တွေကို လှူတဲ့ အဝတ် အထည်ဟာ ဘယ်လောက်လို့ ဂဏန်းချမပြနိုင်အောင် များပါတယ်။ အဲဒီလောက်ကြီးကျယ်တဲ့ နှစ်ရှည်လများ အလှူကြီးရဲ့ ကုန်ကျစရိတ်ဟာ ဘယ်လိုတွက်မရနိုင် အောင် များပြားပါတယ်၊ အသချေအနန္တ ပေါ့"

စဉ်းစားစမ်းသပ်

"ဝေလာမပုဏ္ဏားကြီးက အဲဒီအလှူကြီးကို လှူခါနီး မှာ ဘယ်လိုစဉ်းစားလဲဆိုတော့ 'အင်း...ငါသည် ဒီရွှေ ဒီမျှ ကြီးကျယ်တဲ့ အလှူကြီးကို လှူတော့မယ်၊ ငါ့ရဲ့ အလှူကို အလှူခံမယ့် သီလ သမာဓိ ပညာရှိတဲ့ မြင့်မြတ်တဲ့ အလှူခံပုဂ္ဂိုလ်တွေ ရှိ-မရှိ၊ ငါ စမ်းသပ် ကြည့်ဦးမယ်'လို့ စဉ်းစားပြီး ရွှေကရားထဲ ရေ အပြည့် ထည့်ပါတယ်"

http://www.dhammadownload.com

"ထည့်ပြီးတော့ 'ငါ့အလှူကြီးကို ဖွဖွဖြိုးဖြိုး အကျိုးပေးနိုင်တဲ့ အလှူခံပုဂ္ဂိုလ်တွေ ဒီလောကထဲမှာ ရှိတယ်ဆိုရင် ငါ ရွှေကရားထဲမှာ ရေတွေသည် အောက်သို့ အကုန်လုံးကျပါစေသတည်း' လို့ အဓိဋ္ဌာန်ပြီး ရွှေကရား အဖုံးဖွင့်ပြီး သွန်ချတာ ရွှေကရားထဲမှ ရေတွေဟာ အောက်သို့ တစ်ပေါက်တစ်စက်မှမကျပါဘူး"

"ဒီတော့ သူ့အလှူရဲ့ အကျိုးကို ဖွဖွဖြိုးဖြိုး ပေးနိုင်တဲ့ အလှူခံပုဂ္ဂိုလ်ကောင်းတွေ ဒီလောကမှာ မရှိဘူးပေါ့၊ ဒါနဲ့နောက်တစ်ခါပြောင်းပြန်လုပ်ပြန်ပါတယ်၊ ငါ့အလှူရဲ့ အကျိုးကို ဖွဖွဖြိုးဖြိုး အကျိုးပေးနိုင်တဲ့ အလှူခံပုဂ္ဂိုလ်ကောင်းတွေ ဒီလောကမှာမရှိဘူးဆိုရင် ဒီရွှေကရားထဲက ရေတွေအောက်သို့အကုန်ကျပါစေသတည်းလို့အဓိဋ္ဌာန်ပြီး အဖုံးဖွင့်သွန်ချလိုက်တယ်၊ ရေတွေအကုန်ကျကုန်ရော"

"အဲဒီသာသနာပအချိန်အခါမှာ မြင့်မြတ်တဲ့ အလှူခံပုဂ္ဂိုလ်တွေ မရှိပါဘူး၊ အဲဒါနဲ့ ဝေလာမပုဏ္ဏားကြီးက တစ်ခါစဉ်းစားပြန်တယ်။ ဒီလောက်များပြားတဲ့ အမြတ်စားလှူဖွယ်ပစ္စည်းတွေ စီမံထားတဲ့အလှူကြီးမှာ အကျိုးပေးနိုင်တဲ့ အလှူခံပုဂ္ဂိုလ် မရှိဘူး"

"အလှူခံပုဂ္ဂိုလ်ဘက်က ဖွဖွဖြိုးဖြိုး အကျိုးပေးနိုင်တဲ့ မြင့်မြတ်တဲ့ အလှူခံပုဂ္ဂိုလ်မရှိတော့ အလှူရှင်ဖြစ်တဲ့ ငါ့ဘက်ကတော့ ဖွဖွဖြိုးဖြိုးအလှူ အကျိုးပေးနိုင်ရဲ့လား၊ ငါ့ဘက်ကပေးနိုင်သည်ဖြစ်အံ့၊ ဒီရွှေကရားထဲကရေတွေ

http://www.dhammadownload.com

အောက်သို့ တစ်ပေါက်မှမကျပါစေနဲ့လို့ အဓိဋ္ဌာန်ပြီး ရွှေကရားအဖုံးဖွင့် သွန်ချပြန်တယ်၊ ရွှေကရားထဲက ရေတွေ အောက်သို့တစ်ပေါက်မှ မကျပါဘူး"

"အဲဒီတော့ သူ့ဘက်က အလှူအကျိုးဖွဲ့ဖြိုးအောင် လှူနိုင်တယ်ပေါ့၊ ဒါနဲ့ နောက်တစ်ခါ 'ငါသည် ငါ့ရဲ့ အလှူကြီးအကျိုးကို ဖွံ့ဖွဲ့ဖြိုးဖြိုး အကျိုးပေးအောင် လှူနိုင်သည်ဖြစ်အံ့ ဒီရွှေကရားထဲကရေတွေ အောက်သို့အကုန် ကျပါစေသတည်း'လို့ အဓိဋ္ဌာန်ပြီး သွန်ချလိုက်တော့ အကုန်ကျရော"

"အဲဒီလို အကုန်ကျကုန်တော့ အလှူပေးပုဂ္ဂိုလ် ဖြစ်တဲ့ ဝေလာမပုဏ္ဏားကြီးဘက်က အလှူပေးပုဂ္ဂိုလ် ဂုဏ်အင်္ဂါနဲ့ပြည့်စုံတယ်ပေါ့"

"အေး...ဒီလို အလှူပေးပုဂ္ဂိုလ်ဂုဏ်အင်္ဂါနှင့် ပြည့်စုံပေမယ့် အဲဒီအလှူကြီးဟာ တစ်ဖက်ပဲအကျိုးပေးမယ်၊ အလှူခံပုဂ္ဂိုလ်ဘက်က အကျိုးမပေးပါဘူး၊ ဒါကြောင့် ဆိုကြည့်ပါ။

"အလှူရှင်မှာ–ကျင့်သီလ–ကောင်းစွာပြည့်ဝရပေမည်"

အလှူရှင် သီလပြည့်ရမည်

"အလှူအကျိုးအကြီးတွေဟာ အလှူရှင်မှာကိုယ်ကျင့်သီလနဲ့ ကောင်းစွာပြည့်ဝမှုဟာလည်း အကြောင်းတစ်ပါး

http://www.dhammadownload.com

ပါပဲ၊ ယခု ဘုန်းကြီးတို့ ပရိသတ်တွေ ၁၀-ရက်စခန်း တရားပွဲကြီးဖြစ်မြောက်အောင် လှူဒါန်းကြတဲ့အလှူရှင်တွေမှာ သရဏာဂုံ ၃-ပါးနဲ့တကွ ရှစ်ပါးသီလရှိထားကြပါတယ်"

"ကိုယ်တိုင်သီလရှိပြီး ကိုယ်တိုင် အလှူရှင်ဖြစ်ကာ ကိုယ်တိုင် အားထုတ်နေတဲ့ ယောဂီတွေပါပါတယ်၊ နေ့စဉ် သရဏာဂုံ ၃-ပါးနှင့်တကွ ရှစ်ပါးသီလ သမာဓိပညာ ထိအောင်ပါတယ်၊ ဒီတော့ အလှူရှင်တွေမှာ သီလ ပြည့်ဝပါတယ်"

"တချို့ အလှူရှင်တွေဟာ တရားအားမထုတ်သော်လည်း နေ့လယ် တရားနာ ညှ တရားနာနဲ့ဆိုတော့ တရားနာခါနီး ရှစ်ပါးသီလ အမြဲပေးနေတော့ သရဏာဂုံ ၃-ပါးနှင့်တကွ ရှစ်ပါးသီလရှိတဲ့ အလှူရှင်တွေချည်းပဲ၊ သာမန်သီလမရှိတဲ့အလှူရှင်တွေ မဟုတ်ပါဘူး"

"ဝေလာမပုဏ္ဏားကြီးအနေနဲ့ ကြည့်မယ်ဆိုရင် အလှူခံ ပုဂ္ဂိုလ်ဘက်က မစဉ်းစားပါနဲ့ဦး၊ မိမိတို့ အလှူရှင်တွေဘက်မှာ ဝေလာမပုဏ္ဏားကြီးပမာ မိမိအလှူကို အကျိုးပေးကြီးအောင် လှူနိုင်တဲ့ဂုဏ်အင်္ဂါရှိနေပါတယ်။ ဝေလာမပုဏ္ဏားကြီးထက်တောင်သာပါတယ်။ ဝေလာမပုဏ္ဏားကြီးမှာ ရှိတဲ့သီလက သရဏာဂုံ တန်ဆာမဆင်ပါဘူး။ ယခု အလှူရှင်တွေမှာရှိတဲ့ သီလက သရဏာဂုံ တန်ဆာဆင်ပါတယ်"

http://www.dhammadownload.com

"အလှူခံပုဂ္ဂိုလ်တွေ မစဉ်းစားပါနဲ့ဦး၊ အလှူရှင်တွေ ဘက်က အကျိုးပေးကြီးဖို့ရာ သေချာနေပါပြီ။ ကဲ... အဲဒီအလှူရှင်တွေ လှူမယ့် ယောဂီအလှူခံပုဂ္ဂိုလ်တွေကို စဉ်းစားကြည့်လိုက်ပါ၊ သရဏဂုံ ၃-ပါးနဲ့တကွ ရှစ်ပါး သီလ ဆောက်တည်ထားတယ်၊ ဒါက လူယောဂီတွေပါ၊ ရဟန်းယောဂီတွေက အကျဉ်းအားဖြင့် ၂၂၇-သွယ်၊ အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော်သော သိက္ခာပုဒ်သီလတွေ ဆောက်တည်ထားသော ကိုယ်ကျင့်သီလ ရှိနေကြပါတယ်။ ကဲ...လက်ဘလေး ဆိုကြည့်ပါဦး-

"အလှူခံလည်း ထို့တူပဲ အမြဲသီလရှိရမည်"

အလှူခံလည်း သီလရှိရမည်

"ဝေလာမပုဏ္ဏားရဲ့အလှူမှာ အလှူခံပုဂ္ဂိုလ်တွေမှာ အကျင့်သီလ မရှိပါဘူး၊ မိမိတို့ ယခု ၁၀-ရက်စခန်း အလှူပွဲကြီးမှာ အလှူခံပုဂ္ဂိုလ်တွေမှာ သီလ အပြည့်အဝ ရှိပါတယ်၊ ဒီတော့ အလှူခံရော၊ အလှူပေးရော အကျင့်သီလရှိနေကြပါတယ်"

"ပြီးတော့ ဝေယျာဝစ္စလုပ်နေကြတဲ့ ပုဂ္ဂိုလ်တွေ ဘက်ကို တစ်ခါကြည့်လိုက်ပါဦး၊ သူတို့လည်း ဝေယျာဝစ္စလုပ်လိုက် သုတ်သုတ်နဲ့လာပြီးသီလယူလိုက်၊ တရားနာလိုက်နဲ့ တစ်ခါဝင်ပြီးတော့ တရားအားထုတ်လိုက်နဲ့ သူတို့မှာလည်း အကျင့်သီလ အပြည့်အဝရှိပါတယ်"

http://www.dhammadownload.com

သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်

"ဘုန်းကြီးတို့ ဘုရားရှင်က တရားအားထုတ်တဲ့ ယောဂီ ပုဂ္ဂိုလ်တွေအတွက် အကောင်းဆုံးသောနေရာကို ညွှန်ပြတဲ့အခါ တော၊ သစ်တစ်ပင်ရင်း ဝါးတစ်ပင် အောက်၊ ဆိတ်ငြိမ်ရာအရပ်လို့ (၃)နေရာ ပြခဲ့ပါတယ်၊ ယခု ယောဂီတို့ဟာ တောတော့ ဟုတ်ပါတယ်၊ တောထဲမှာ ကျောင်းကန်နဲ့ပါ၊ သစ်တစ်ပင်ရင်း မဟုတ်ပါဘူး"

"ယခု ဝေယျာဝစ္စလုပ် ချက်ပြုတ်ကြတဲ့သူတွေဟာ ဘုန်းကြီးတို့ ယောဂီတွေထက် သာမယ်ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့က သစ်တစ်ပင်အောက်မှာ ကောက်ရိုးခင်းပြီးတော့အိပ်ကာ ချက်ပြုတ် ဝေယျာဝစ္စလုပ်နေကြတာ"

"ဘုန်းကြီးက သူတို့ကြည့်ပြီး စဉ်းစားမိတယ်၊ အင်း... ဝေယျာဝစ္စလုပ်တဲ့ပုဂ္ဂိုလ်တွေဟာ သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်၊ ယောဂီတွေက အမိုးအကာ အောက်က ယောဂီတွေတော့ ဟန်ကျနေမှာပဲ၊ ဝေယျာဝစ္စလုပ်တဲ့ ပုဂ္ဂိုလ်တွေဟာ ယောဂီပုဂ္ဂိုလ်တွေထက် တောင် ကြည်ညိုစရာကောင်းပါလား၊ မှတ်တမ်းတင် ဓာတ်ပုံရိုက်ထားဖို့တောင် ကောင်းပါတယ်"

"ဝေယျာဝစ္စလုပ်တဲ့ပုဂ္ဂိုလ်တွေ အဲဒီလို အပင်ပန်း အဆင်းရဲခံပြီး ပြုလုပ်ပေးနေတာဟာ သူတို့ရဲ့စီးပွားရေး

http://www.dhammadownload.com

သားမယား သားသမီးအရေးမပါပါဘူး၊ယောဂီပုဂ္ဂိုလ်တွေ ချမ်းချမ်းသာသာ တရားအားထုတ်နိုင်ရေးအတွက်ပါ သူတို့ရဲ့ စေတနာဟာ သိပ်ပြီးတော့ ဖြူစင်ပါတယ်"

"ယောဂီပုဂ္ဂိုလ်တွေ ဘယ်လောက်ပဲတရား အားထုတ်ချင် အားထုတ်ချင် အဲဒီလိုချက်ပြုတ်ကျွေးမွေးတဲ့ ဝေယျာဝစ္စသမားမရှိရင် ယခုလိုအားထုတ်ဖြစ်မှာ မဟုတ်ပါဘူး၊ ဒီတော့ သူတို့ ဘယ်လောက်ဖြူစင်သန့်ရှင်းတဲ့ စေတနာလဲဆိုတာ ပြောနေစရာ မလိုပါဘူး၊ ထင်ရှားပါတယ်"

"ဆောက်တည်တဲ့ သီလအနေနဲ့လည်း လုပ်ရင်း ကိုင်ရင်း သုတ်သီးသုတ်ပျာသီလယူ၊တရားနာ၊အချိန်မီ တရားဝင်အားထုတ်နဲ့ သူတို့ဘက်က ဖြူစင်ပါတယ်၊ ယောဂီတွေဘက်ကလည်း တစ်နေ့ (၃)ကြိမ်တောင် သီလယူနေတော့ ဖြူစင်ပါတယ်"

တစ်ဖက်စင် နှစ်ဖက်စင်

အဲဒီလို အလှူရှင်ရော၊ အလှူခံပါ နှစ်ဖက်စလုံး ကောင်း မြတ်ဖြူစင်နေတဲ့ ဒီအလှူမျိုးကို **ဥဘတောသုဒ္ဓိ**-နှစ်ဖက်ဖြူစင် အလှူလို့ခေါ်ပါတယ်၊ ခုနက ဝေလာမ ပုဏ္ဏားကြီးရဲ့အလှူကတော့ ဝေလာမပုဏ္ဏားကြီးဘက်ကသာ စင်ကြယ်တဲ့အတွက် **ကတော သုဒ္ဓိ**-တစ်ဖက်

http://www.dhammadownload.com

ဖြူစင် အလှူလို့ ခေါ်ပါတယ်။ နှစ်ဖက်ဖြူစင် အလှူက နှစ်ဖက် အကျိုးရှိပါတယ်၊ တစ်ဖက်ဖြူစင် အလှူက တစ်ဖက်ပဲ အကျိုးရှိပါတယ်၊ နှစ်ဖက်ဖြူစင်အလှူဟာ ထင်ရှားပါတယ်၊ ယခု ၁၀-ရက်စခန်းအလှူကြီးဟာ နှစ်ဖက်ဖြူစင် အလှူပွဲကြီးပါ"

အရပ်ထဲမှာ ဖြစ်ခဲ့ပါ

"မိမိတို့အရပ်ဒေသအသီးသီးမှာ ဘုန်းကြီးတို့ ပရိသတ်တွေ လှူဖူးကြပါတယ်၊ ရဟန်းခံရှင်ပြု စသည်ဖြင့် အလှူမျိုးစုံ လှူခဲ့ကြဖူးတဲ့ နေရာမှာ ဒီလိုနှစ်ဖက်ဖြူစင်တဲ့ အလှူမျိုး လှူခဲ့ကြဖူးသလားလို့ ကိုယ့်အလှူကို ကိုယ် ပြန်ပြီးတော့ စဉ်းစားကြည့်ပါ၊ သူများ အလှူများကို မစဉ်းစားပါနဲ့"

"ယခုလို နှစ်ဖက်စင် မဖြစ်တာများပါတယ်၊ မဖြစ်ပုံကို ဘုန်းကြီးတွက်ပြပါမယ်၊ ယခု ၁၀-ရက်ခန့် ကျင်းပမယ် ဆိုတော့ တကာတွေကလျှောက်တယ်၊ တပည့်တော်တို့မှာ လှူမယ့်ငွေကဘယ်လောက်ရှိပါတယ်ဘုရား၊ ယခု အားထုတ်မယ့်ယောဂီက ဘယ်လောက်ရှိပါတယ် ဘုရား၊ ဒီလောက်ဆိုတော့ တပည့်တော်တို့မှာ ရှိထားတဲ့ငွေနဲ့ ယောဂီနဲ့ဆိုရင် လုံလောက်နိုင်ပါတယ်လို့ လျှောက်တယ်"

http://www.dhammadownload.com

မကောင်းမပါ

"ယခု ဒီ ၁၀-ရက်စခန်းအလှူပွဲကြီးမှာကျွေးမွေးတဲ့ စရိတ်နဲ့ ယောဂီပုဂ္ဂိုလ်သတ်မှတ်ချက်လုပ်တဲ့နေရာမှာ တို့ဆွေမျိုး၊ တို့ညီအစ်ကို၊ မောင်နှမ၊ မိတ်ဆွေသင်္ဃာ စသည်တို့ ပါသေးလား"

"မပါပါဘုရား"

"ရွေးထားတာက တရားအားထုတ်မယ့် ပုဂ္ဂိုလ်တဲ့၊ တရားသာအားထုတ်မယ်ဆိုရင် စိမ်းစိမ်းကျက်ကျက် ဘယ်သူမဆိုပါ၊ အလှူခံပုဂ္ဂိုလ်ရွေးတဲ့နေရာမှာ တဏှာဒိဋ္ဌပါပါဘူး"

"မိမိတို့အရေပတဲမှာ အလှူလှူလို့ အလှူခံပုဂ္ဂိုလ် ဖိတ်ရင် တဏှာဒိဋ္ဌနဲ့ ဖိတ်တာပါ၊ တို့အလှူမှာ သူ့ မဖိတ်ရင် မကောင်းဘူး၊ သူ့ အကြောင်းမကြားရင် မကောင်းဘူး၊ ဖိတ်မှ အကြောင်းကြားမှ ကောင်းမယ် ဆိုပြီး ဖိတ်လိုက် အကြောင်းကြားလိုက်တာ မကောင်း တတ်လို့၊ မကောင်းတတ်လို့နဲ့ တစ်ယောက်မှ ကောင်း တာမပါ တော့ဘူး၊ လူတွေက မကောင်းတာပြောတာ မဟုတ်ဘူးနော်၊ မကောင်းတတ်လို့ ဖိတ်တဲ့အတွက် မကောင်းတာ ပြောတာပါ"

ယခု ၁၀-ရက်စခန်းမှာက တရားသာ အားထုတ် မယ်ဆိုရင် ငဖြူ၊ ငနီ၊ ငကြောင်၊ ငကျား၊ အယုတ်၊

http://www.dhammadownload.com

အလတ်၊ အမြတ်မရွေး လှူပါမယ်၊ တဏှာဒိဋ္ဌိနဲ့ တို့အမျိုး၊ တို့မိတ်ဆွေ၊ တို့အပေါင်း အသင်းရယ်လို့ မပါပါဘူး၊ အဲဒီတော့ အလှူခံပုဂ္ဂိုလ်ရွေးချယ်တဲ့ နေရာမှာ တဏှာဒိဋ္ဌိလုံးဝမပါပါဘူး၊ ရွေးကတည်းက တရားအားထုတ်မယ့် တရားရှင်ကို ရွေးထားတာ"

ကောင်းတာမပါ

"မိမိတို့အရပ်ထဲမှာ လှူခဲ့တာတွေ ပြန်စဉ်းစားရင် သူ့မဖိတ်ရင် မကောင်းဘူးဆိုပြီး လျှောက်ဖိတ်လိုက်တာ၊ မကောင်းပဲ့ လှူချင်းပဲ၊ ကောင်းတဲ့လူ တစ်ယောက်မှ မပါဘူးဆိုတော့ တဏှာဒိဋ္ဌိနဲ့ အလှူခံရွေးတာ သီလ၊ သမာဓိ၊ ပညာရှိ[illegible]နဲ့ ရွေးတာ မဟုတ်ပါဘူး"

"နောက်တစ်ခါ ရဟန်းသံဃာတွေ ပင့်ပြန်တော့ လည်း ဘယ်ကျောင်း၊ ဘယ်ဘုန်းကြီး၊ ဘယ်ဆရာတော် မပင့်ရင်မကောင်းဘူး၊ ဘယ်ဘုန်းကြီးက တို့အမျိုး တို့တူ၊ မပင့်ရင်မကောင်းဘူး၊ ဘယ်ဘုန်းကြီးက တို့ဆေးကုပေးတာ မပင့်ရင်မကောင်းဘူး၊ ဘယ်ဘုန်းကြီးက တို့ပေဒင် ဟောပေးတာ မပင့်ရင်မကောင်းဘူးဆိုပြီး ပင့်လိုက်တာ ဘုန်းကြီးတွေလည်း မကောင်းဘုန်းကြီးတွေဖြစ်ကုန်ရော၊ ဘုန်းကြီးမကောင်းတာပြောတာမဟုတ်ဘူးနော်၊ မိမိတို့ ပင့်ပုံပင့်နည်းမကောင်းလို့ မကောင်းဘုန်းကြီးဖြစ်တာပါ"

http://www.dhammadownload.com

"စဉ်းစားကြည့်လိုက်တော့ လူည့်သည် ပရိသတ်ဘက်ကရော၊ ပင့်သံဃာ ရဟန်းပရိသတ်ဘက်ကရော နှစ်ဖက်လုံး မကောင်းတော့ပါဘူး"

မကောင်းလို့လာ

"ကဲ...မိမိတို့မကောင်းတတ်လို့ ဖိတ်လို့လာတဲ့ ပုဂ္ဂိုလ်တွေ ကြည့်ပါဦး၊ ကောင်းလို့လာတာလားဆိုတော့ မကောင်းတတ်လို့လာတာပါ၊ သတိထားပြီးပြန်စဉ်းစားကြည့်ပါလား လာတဲ့လူတွေက အကောင်းစားတွေ ဝတ်စားပြီး ဖြူးလိမ်းပြင်ဆင်လာပြီး ဆတ်ကော့ လတ်ကော့နဲ့ မျက်နှာချို့သွေးကာ ခင်ဗျားတို့အလှူမို့ အားခဲလာရတာ၊ ဒီကနေ့က အလှူချင်းကဆုံနေတာ၊ ဟိုအလှူမသွားဘဲ ဒီအလှူကိုသက်သက်လာခဲ့တာလို့ ပြောတော့ ဒီကအလှူရှင်ကလည်း ဟုတ်ကဲ့ ကျွန်တော်တို့ကလည်း ကြိုးပြီးဖိတ်ထားတာက အဲဒီလို လာနိုင်အောင်မို့ ဖိတ်ထားတာပါလို့ ပြောပြီး ကဲ...ကဲ...ထိုင်ပါ၊ ထိုင်ပါတဲ့၊ လာတဲ့အတွက် ဝမ်းသာပါတယ်၊ စားပါတဲ့"

"ဘာပြောကောင်းမလဲ၊ ထိုင်ပြီးတာနဲ့ လာချပေးတာတွေကို ဘာသီလမှလည်းမယူဘဲနဲ့ စကား တပြောပြောနဲ့ စားတော့တာပဲ၊ စားလည်းပြီးရော တရားလည်း မနာဘူး၊ သူများဖိနပ်ခိုးပြီးပြန်ရော၊ အဲဒါ မကောင်း

http://www.dhammadownload.com

တတ်လို့လာတဲ့လူတွေ လုပ်တတ်တဲ့သဘောပဲ၊ အလှူတစ်လှူဆိုရင် ဖိနပ်တွေ မနည်းပျောက်တယ်"

အတင်းလာပြောသေးတယ်

"အဲဒီ မကောင်းတတ်လို့ လာတဲ့သူက လာကတည်းက ဆတ်ကော့လတ်ကော့နဲ့ လာတာ၊ စားသောက်ပြီး အတင်းအဖျင်းကလည်း ပြောသေးတယ်၊ ဒီအလှူရဲ့ငါးသလောက်ပေါင်းကလည်း ငနဲလိုက်တာ၊ ငါးပိကြော်ကလည်း စပ်လိုက်တာ၊ ဟင်းချိုကလည်း ပေါ့လိုက်တာ စသည်ဖြင့် အတင်းပြော ကဲ့ရဲ့ပြန်ရော"

"စဉ်းစားကြည့်စမ်း၊ လာတဲ့လူကလည်း မကောင်းတတ်လို့ လာတယ်၊ သီလမယူ၊ တရားမနာဘဲနဲ့ စားပြီးပြန်တယ်၊ အလှူခံပုဂ္ဂိုလ်ဘက်မှာ ကြည်ညိုစရာရှိရဲ့လား စဉ်းစားပါ၊ အလှူရှင်ဘက်ကလည်း မကောင်းတတ်လို့ ဖိတ်တယ်ဆိုတော့ နှစ်ဖက်စင်ကြယ်ရဲ့လား၊ မကောင်းတတ်တာချည်း ဖြစ်နေပါတယ်"

လူစည်ကားလည်း တရားမနာ

"အလှူကြီးမှာ စောစောပိုင်း ကျွေးချိန်မွေးချိန်က လူစည်ကားလိုက်တာ၊ ဆန်အတင်း (၂၀)ကုန်တယ်၊ (၂၅)တင်းကုန်တယ်ပေါ့၊ တရားနာချိန်လည်းရောက်ရော ဘယ်လိုမှမပြန်မဖြစ်တဲ့ အလှူရှင်နဲ့မျက်နှာနာတဲ့လူ ၁၄-

http://www.dhammadownload.com

ယောက်၊ ၁၅-ယောက်လောက်ပဲ ကျန်တော့တယ်၊ အဲဒီကျန်တဲ့ လူတွေကလည်း ငိုက်ကုန်ပြီ၊ အလှူရှင်လည်း ငိုက်နေပြီ၊ ပင်ပန်းတာကိုး"

တရားတိုတိုဟောပါ

"တရားဟောတဲ့ဘုန်းကြီးနားကပ်ပြီး အရှင်ဘုရား တရားတိုတိုဟောပါတဲ့ လုပ်ပုံက၊ ဒီတော့ တကယ့် အနှစ်သာရယူရမယ့် အချိန်မှာ တရားတိုတိုဟောပါဆိုပြီး သူကလည်း ငိုက်သေးတယ်၊ တရားကလည်း တိုတော့ ဘာနားလည်မှာလဲ၊ ဒီအလှူမှာ ဘာအနှစ်သာရ ရှိဦးမှာလဲ၊ ဘာအနှစ်သာရမှ မရှိတော့ဘူး"

"အဲဒီလို တစ်ခါလှူလည်း မကောင်းတတ်လို့၊ နောက်တစ်ခါလှူလည်း မကောင်းတတ်လို့လှူ၊ ဟိုက အလှူလာတဲ့လူကလည်း မကောင်းတတ်လို့လား၊ နောက်တစ်ခါလည်း မကောင်းတတ်လို့ ဆိုတော့ အဲဒီအလှူတွေမှာ အကျိုးပေးကောင်းစရာဘယ်မှာရှိတော့မှာလဲ၊ မရှိတော့ဘူး"

သတ်ဖြတ်လှူ

"အဲဒီလို ကြီးကြီးကျယ်ကျယ်အလှူဆိုတော့ စဉ်းစားကြည့်စမ်း၊ ဝက်တွေ ကြက်တွေ သတ်ပြီးတော့ လှူကြတယ်၊ အလှူရှင် ကိုယ်တိုင်ကတော့ ဘယ်သတ်မလဲ၊

http://www.dhammadownload.com

သတ်ဖို့ရာခိုင်းစေတယ်၊ ကြိုတင်မှာထားတာတွေဟာ အလှူရှင်သတ်တဲ့သဘောပဲ"

"ဘုန်းကြီးတို့ ဓမ္မဒေသနာခရီးသည်တွေမှာ တွေ့ရ ကြားရတတ်တယ်၊ အလှူကြီးကလှူ ဝက်သားမလောက်လို့ နွားကလေး တစ်ကောင်ထပ်ပြီးသတ်လိုက်ရတယ်၊ အလှူရှင်က သူ့အလှူ လူစည်တယ်ဆိုပြီး ဝမ်းသာလို့ အလှူထဲမှာ ကလိုက်တာတဲ့၊ အဲဒါ မသိက က,တာပေါ့"

"လှူတဲ့အခါ အဲဒီလို ကြက် ဝက် နွားတွေ သတ်လှူတယ် ဆိုတော့ အကုသိုလ်ပေါ့၊ လှူတာက ကုသိုလ်ပေါ့၊ ကုသိုလ် ထဲမှာ အကုသိုလ်ရောတာပေါ့၊ ကုသိုလ်နဲ့ အကုသိုလ်ဆိုတာက ရောကောင်းလား မရောကောင်းဘူးလား"

"မရောကောင်းပါဘုရား"

"အေး... အဲဒီလို မရောကောင်းဘဲ ကြက် ဝက် နွားတွေ သတ်လှူတော့ အလှူထဲမှာ သူ့အသက်သတ်မှုကံ ပါသွားတော့ အလှူကြောင့် ဖြစ်လေရာဘဝတိုင်း ဘဝတိုင်း သူဌေးသူကြွယ် ဖြစ်မယ်၊ ဒါပေမယ့် အဲဒီ သူဌေး လူသတ်ခံရမယ်၊ လှူတုန်းက သတ်ဖြတ်လှူတော့ သူဌေးဖြစ်တဲ့အခါ အသတ်ခံရတာပေါ့၊ သူဌေး စည်းစိမ် ခံစားနိုင်သေးလား၊ မခံစားနိုင်တော့ဘူး"

"အဲဒါ သနားစရာပါပဲ၊ သနားပေမယ့်လည်း သူ့ကံက သတ်ခိုင်းတော့ ဘာမှ မတတ်နိုင်ပါဘူး"

http://www.dhammadownload.com

သန့်ရှင်းသောအလှူ

"ယခု သပိတ်အိုင်တောရ ၁၀-ရက်စခန်းမှာ လှူတာ အဲဒီလို သတ်ဖြတ်လှူတာတွေ အင်မတန်စင်ကြယ်ပါတယ်၊ ဈေးမှာ ရှိပြီးသား ရောင်းတဲ့ သားငါးတွေကို ဝယ်ပြီး ချက်ပြုတ်ကျွေးမွေးတယ်၊ လှူဖွယ်ပစ္စည်းဘက်ကလည်း သန့်ရှင်းတယ်၊ အရပ်ထဲမှာ လှူတဲ့အခါ အဲဒီဘက်က မသန့်ရှင်းတာများတယ်၊ အလှူ အကျိုးကြီးတယ်ဆိုတာ လှူဖွယ်ပစ္စည်းကတရားနှင့်လျော်မှကလည်း တစ်ပါးအပါအဝင်ပဲ၊ ဆိုကြည့်စမ်းပါ...

"လှူဖွယ်များပြား ပစ္စည်းများ တရားလျော်စွာ ရရမည်"

အသံချဲ့စက် ဒုက္ခ

ယခု ၁၀-ရက်စခန်းမှာ သူတစ်ပါးတွေကို ဒုက္ခပေးတာ မပါဘူး၊ အသံချဲ့စက်လည်း အနီးကြားပဲ တပ်ဆင်ထားတယ်၊ ဘုန်းကြီးကိုယ်တိုင် ရေးမြို့ ၁၀-ရက်စခန်းမှာ တွေ့ကြုံခဲ့ရတယ်၊ အသံချဲ့စက်က အတော်နီးကပ်တော့ ယောဂီတွေဘယ်လိုမှတရားအားထုတ်လို့ မရတော့ဘူး၊ အဲဒါနဲ့ ဘုန်းကြီးကပြောရတယ်၊ ယောဂီတွေ အဲဒါကိုယ်တွေ့ပဲနော်၊ အသံချဲ့စက်ကြောင့် တရားအားထုတ်လို့မဖြစ်တာ၊ ဒီတော့ သူများတွေ အသံချဲ့စက်

http://www.dhammadownload.com

ဖွင့်တာ တားမရရင် နေပါစေ၊ မိမိတို့အလှူမှာ အသံချဲ့စက်မထည့်ပါနဲ့၊ ထည့်ရင်လည်း အနီးကြားပဲ ဖွင့်ပါ၊ ကိုယ်တိုင်သာဓကဖြစ်နေလို့သာ ယောဂီတွေကို ဟောရတာပါ"

"ဘုန်းကြီးတို့ ယောဂီတွေ အဲဒီ အသံချဲ့စက်ရဲ့ အပြစ်ကို သိထားရင် ကိုယ့်အလှူမှာ ထည့်ဦးမလား၊ တကယ်လို့ ထည့်ချင်ရင် တရားနာတဲ့အခါ ပရိသတ်တွေ ပြတ်ပြတ်သားသား ကြားစေခြင်း အကျိုးငှာ တရားဟောတဲ့အခါလောက် အနီးကြားထည့်ပါ၊ အတီးအမှုတ် အဆိုအငိုတွေ မပါပါစေနဲ့"

အတိုက်အခံလုပ်ဟော

"တရားဟောတယ်ဆိုတာအသံလှူတာပါ၊ ဘုန်းကြီးတစ်ခါက ကြုံခဲ့တာလေး ပြောပြဦးမယ်၊ တရားပွဲကြီးတစ်ပွဲမှာ စူဠတဏှာ၊ သခ်ယသုတ္တန်ဟောတယ်၊ အဲဒီမှာ ရှင်မဟာ မောဂ္ဂလာန်အရှင်မြတ်ကြီး တာဝတိံသာ နတ်ပြည် ကြွသွားတော့ သိကြားမင်းက အတီးအမှုတ်တွေ ရပ်ခိုင်းတဲ့အကြောင်း ကြားရပါတယ်"

"အဲဒါနဲ့ စပ်လျဉ်းပြီး အလှူပွဲတွေမှာ ပွဲလမ်းသဘင်တွေ မထည့်သင့်ကြောင်း၊ အပြစ်ကြီးကြောင်း ဘုန်းကြီးက ဟောခဲ့တယ်၊ အဲဒီ တရားပွဲထဲမှာလည်း

http://www.dhammadownload.com

ဆိုင်းငှားပြီးလူမယ့်ဆဲဆဲ အလှူရှင်တစ်ယောက်ကလည်း ပါနေတယ်၊ ဘုန်းကြီးကလည်း မသိပါဘူး"

"နောက် အဲဒီ အလှူကျတော့ အလှူဒကာက ဘုန်းကြီးဟောတဲ့အကြောင်း ပြောပြတာနဲ့ လှူပါတယ်၊ သူ့အလှူအပြီးမှာ ဂုဏ်ယူနေကြတာပါ၊ ဒီတော့ အလှူခံ ပုဂ္ဂိုလ်တွေမှာ သီလညှိုးနွမ်းကုန်ပြီ၊ ပျက်စီးကုန်ပြီ၊ အလှူ အကျိုးဆုတ်ယုတ်သွားပြီ"

ဘုန်းကြီးကြမှ ဗျောချ

"သာဓကတစ်ခု ပြောဦးမယ်၊ ခုနက ပြောခဲ့တဲ့ အဆက်ပေါ့၊ ဘုရားရှင် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းမှာ သီတင်းသုံးစဉ်ကပေါ့၊ သိကြားမင်းက ဘုရားရှင်ထံ တရားတောင်းပန်တော့ ဘုရားရှင်က သိကြားမင်းအား စူဠဥတဇာ သခ်ယသုတ္တန် တရားတော်ကို ဟောပါ တယ်"

"တရားဆုံးတော့ သိကြားမင်းက ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်ပြီး နတ်ပြည်ပြန်သွားတယ်၊ ရှင်မဟာ မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးက သိကြားမင်းတရား တောင်းပန်တာ၊ သာဓုခေါ်ပြီးပြန်သွားတာကြားပေမယ့် တရားတော်ကို မကြားနာလိုက်ရဘူး"

"ဘာဖြစ်လို့လဲဆိုတော့ ဘုရားရှင် တရားဟော တာက ပရိသတ်တစ်ယောက်တည်းပဲရှိရင် တစ်ယောက်

http://www.dhammadownload.com

တည်းပဲကြားတယ်၊ တခြားလူမကြားဘူး၊ ပရိသတ်တွေ သောင်း–သိန်း–ကုဋေရှိလည်း အကုန်လုံးကြားတာပဲ၊ ဘုရားရှင်ရဲ့အသံတော်ဟာ ပရိသတ်အပြင်ဘက် မထွက်ပါဘူး၊ ယခု ဒီမှာလည်း သိကြားမင်း တစ်ယောက်တည်းပဲ ကြားပါတယ်၊ ရှင်မဟာမောဂ္ဂလာန် အရှင်မြတ်ကြီး မကြားလိုက်ပါဘူး"

"ဒီတော့ ရှင်မဟာမောဂ္ဂလာန် အရှင်မြတ်ကြီးက ဒီ သိကြားမင်းဟာ တကယ်ပဲ တရားသိပြီး ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်တာလား၊ တရားဆုံးရင် သာဓုခေါ်ရတယ် ဆိုတဲ့ ထုံးနဲ့ သာဓုခေါ်တာလားလို့ သိချင်တာနဲ့ နတ်ပြည်လိုက်တယ်"

"လား...လား...သိကြားမင်းက တရားတွေ ဟောချပြီး သရက်ဥယျာဉ်တော်ထဲမှာ အတီး အမှုန် အက အခုန်တွေနဲ့ အဖျော်ဖြေခံနေတာကိုး၊ ဘုန်းကြီးတို့ ပရိသတ်လည်း မနက်ဖြန်ဆိုရင် တရားတွေ သပိတ်အိုင်တောရမှာ ချထားခဲ့ပြီး အဖျော်ဖြေခံကြဦးမလား မသိဘူး"

"ရှင်မဟာမောဂ္ဂလာန် အရှင်မြတ်ကြီး အဝေးက ကြွလာတာမြင်တော့ သိကြားမင်းက အတီးအမှုတ်အက အခုန်တွေ ရပ်ခိုင်းပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ လေးစားထိုက်တဲ့ပုဂ္ဂိုလ် ကြွလာလို့တဲ့"

http://www.dhammadownload.com

"ရှေးက ဘုန်းကြီးတစ်ပါးရှိတယ်၊ အက ဝါသနာ ပါတယ်၊ ရွာတစ်ရွာမှာ ကျောင်းထိုင်တယ်၊ အလှူ လာပင့်ရင် အတီးအမှုတ်ပါသလားလို့ အမြဲမေးတယ်တဲ့၊ မပါဘူးဆိုမှ ကြွတယ်၊ ပါတယ်ဆိုရင် မကြွဘူး"

"ဒကာဒကာမတွေက ဘုန်းကြီးကိုယ်တိုင် ကြွစေ ချင်တော့ အလှူတစ်လှူမှာ အတီးအမှုတ်တွေ ထည့် ထားပြီး ဘုန်းကြီးပင့်တဲ့အခါ မပါဘူးလို့ လျှောက်ပင့် ခဲ့တယ်၊ ဘုန်းကြီးကလည်း မပါဘူးဆိုတော့ စိတ်ချ လက်ချ ကြွသွားတာပေါ့"

"ထုံးစံအတိုင်း ဘုန်းကြီးတွေ အနားရောက်တော့ ဗျောချတာပေါ့၊ ဘုန်းကြီးက အကြီးဆုံးဆိုတော့ သံဃာ အများရဲ့ရှေ့က ယပ်ကလေးနဲ့ကလိုက်တာ ကွေးနေ ရောတဲ့၊ ဆိုင်းမရပ်မချင်း ကရတာ ပုထုဇဉ်သဘာဝ မလွယ်ဘူးနော်"

သီလပျက်အောင် ဖျက်ရာကျ

"တကယ့် အတီးအမှုတ်တွေ ဆူညံပြီ ဆိုတော့ တကယ့်ကို သတိထားပြီးကြွရတယ်၊ နေရတယ်၊ ဒီတော့ မခိုင်မြဲတဲ့သီလ-သမာဓိ-ပညာတွေ ပျက်ပြားမကုန်ဘူး လား၊ မိမိအလှူသို့ ကြွလာတဲ့ အလှူခံပုဂ္ဂိုလ်တွေ အကျင့် သီလပြည့်ဝမှ မိမိအလှူအကျိုးကြီးမှာ၊ ယခု အတီး

http://www.dhammadownload.com

အမှုတ်နဲ့ ဖျော်ဖြေလိုက်တော့ အလှူခံပုဂ္ဂိုလ်တွေ သီလ ပျက်ကုန်ရော၊ မပျက်သော်လည်း ညှိုးနွမ်းကုန်ရော"

"ကဲ...တွက်ကြည့်၊ အတီးအမှုတ်နဲ့ အလှူခံ ပုဂ္ဂိုလ်တွေ သီလပျက်အောင် သီလ ညှိုးနွမ်းအောင် ပြုတဲ့အတွက် အကျိုးတစ်ချက်ယုတ်တယ်၊ ကြက်-ဝက်တွေ သတ်လှူတဲ့အတွက် အကျိုးတစ်ချက်ယုတ် တယ်၊ အတီးအမှုတ်ကြောင့် အများအန္တရာယ်ဖြစ်တဲ့ အတွက် အကျိုးတစ်ချက်ယုတ်တယ်၊ ပင့်ဖိတ်တဲ့ဘက် က မကောင်းတတ်တာနဲ့ဖိတ်တဲ့အတွက် အကျိုးတစ်ချက် ယုတ်တယ်၊ ချက်ပြုတ်တဲ့လူတွေ အရက်တိုက်ရတဲ့ အတွက် အကျိုးတစ်ချက်ယုတ်တယ်၊ သီးခြားအသောက် သမားတွေကို အရက်လှူရတဲ့အတွက် အကျိုးယုတ်တယ်၊ ဒီတော့ အကျိုးကြီး တာ မပါတော့ဘူး၊ သူ့အသက်သတ် လှူတဲ့အတွက် နောင်အခါ အသတ်ခံရမယ်၊ အရက် လှူတဲ့အတွက် အရူးဖြစ်မယ်၊ သူတစ်ပါးတွေ ထိခိုက်တဲ့ အတွက် မိမိပစ္စည်းတွေ ရန်သူမျိုးငါးပါး အဖျက်ဆီးခံ ရမယ်"

ပရိက္ခရာအသားပေးရမှာ

"ကဲ...ကြည့်လိုက်တော့ ရှင်ပြုအလှူတစ်ခု၊ လူ တော့ စည်ကားပါ၏။ ပရိက္ခရာကျတော့ စျေးသက်သာ ပေ့ဆိုတဲ့ ပရိက္ခရာနဲ့၊ သက်နှံးကလည်း သပ္ပာယ်စွာရုံလို့

http://www.dhammadownload.com

မဖြစ်၊ သပိတ်ကလည်း ဆွမ်းခံလို့မဖြစ်၊ ခေါင်းရိတ်ဓားကလည်း ရိတ်လို့ မဖြစ်၊ ရေစစ်ကလည်း စစ်လို့ မဖြစ်၊ အဲဒါတောင် မဝယ်ဘဲနဲ့ ငှားတာပါတတ်သေးတယ်"

"ရှင်ပြုအလှူမှာ ဒီပြင် ဘာမှ မလှူချင်နေပါစေ၊ ပရိက္ခာ ရှစ်ပါးလှူရင် အောင်မြင်ပါပြီ၊ အဲဒီ ပရိက္ခရာ အသားပေးရမှာ၊ ပရိက္ခရာတော့ ကောင်းကောင်းလှူပါ၊ မကောင်းတာတွေ မလှူပါနဲ့"

ဘယ်လောက်နေ့နေ တစ်စုံပဲ

"ရှင်ပြုတဲ့အခါ သင်္ကန်းက မကောင်းတာလေးတောင်မှ အပိုမပါဘူး၊ တစ်စုံပဲ၊ ကိုရင်ဝတ်တာ အနည်းဆုံး ခုနစ်ရက်တော့ ဝတ်တယ်၊ ခုနစ်ရက်ဝတ်လည်း တစ်စုံပဲ၊ တစ်လဝတ်လည်း တစ်စုံပဲ၊ တို့ကိုရင် ဘယ်လို လုပ်ရချိုးမလဲ၊ သင်္ကန်းဘယ်လို လဲမလဲလို့ မစဉ်းစားဘူး၊ ယခု ဘုန်းကြီးတို့ ပရိသတ် ၁၀-ရက် စခန်းတရားအားထုတ်ရအောင်လာတော့ ဝတ်စုံဘယ်နှစ်စုံပါလာလဲ"

"အနည်းဆုံး ခုနစ်ရက် ကိုရင် အတွက်ကျတော့ နွေနွေမိုးမိုး သင်္ကန်းက တစ်စုံပါပဲ၊ တစ်လနှစ်လ ဆက်နေလည်း တစ်စုံပါပဲ၊ ကဲ... စဉ်းစားကြည့်စမ်း လုပ်ပုံမဟုတ်တာက ဒါတောင် အငှားကပါသေးတယ်၊ ဒီတော့ အလှူမှာ ကောင်းတာဘာရှိသေးလဲ၊ အဲဒီဒါနဲ

http://www.dhammadownload.com

မျိုးများ အားကိုးနေရင် ဒုက္ခပဲ၊ အလှူက ကြီးကျယ်တယ် ဆိုပေမယ့် အနုတ်လက္ခဏာတွေပဲ ရှိတယ်"

"ခုနကပြောခဲ့တဲ့ အလှူရှင်မှာလည်း သီလရှိရမယ်၊ အလှူခံမှာလည်း သီလရှိရမယ်၊ လှူဖွယ်ပစ္စည်းတွေကလည်း တရားနဲ့အညီရတဲ့ပစ္စည်း ဖြစ်ရမယ်ဆိုတဲ့ အင်္ဂါတွေမပြည့်စုံတော့ အကျိုးပေးနည်း သွားတာပေါ့၊ ဒါကြောင့် ဆိုကြည့်ပါ..."

"လှူဖွယ်များပြား ပစ္စည်းများ တရားလျော်စွာ ရရမည်"

တရားနှင့်လျော်ရမည်

"လှူဖွယ်များပြား ပစ္စည်းများက တရားနှင့်အညီ ရတဲ့ပစ္စည်းတွေသာဖြစ်ရမယ်၊ ဝက်သတ်လှူ၊ ကြက်သတ်လှူဆိုတော့ တရားနှင့်မညီတဲ့ပစ္စည်းတွေ ဖြစ်နေပြီ၊ ပြီးတော့ လှူဖွယ်ပစ္စည်းတွေ ငှားတာတို့ဟာ ဘယ်မှာလာပြီး တရားနှင့်လျော်မှာလဲ"

"တချို့ ရှိသေးတယ်၊ သက်နှံး လှူချင်တယ်တဲ့၊ ကျောင်းသွားပြီး သက်နှံးတစ်စုံယူလာတယ်၊ ငွေ ၅၀ကျပ် လောက်နဲ့ ယူလာခဲ့တယ်၊ ပြီးတော့ အဲဒီသက်နှံး အဲဒီကျောင်းပဲ ပြန်လှူတယ်၊ ဟိုကလည်း ပြန်လှူမှာမို့ ပေးလိုက်တာပေါ့"

http://www.dhammadownload.com

"နာမည်ခံတော့သက်နံးအလှူတဲ့၊ အေး...အဲဒါမျိုး တွေဟာ အချိုးမကျတဲ့ အလှူတွေပဲ၊ တရားသဘောနဲ့ မညီတဲ့ အလှူတွေပဲ၊ အကျိုးမကြီးပါဘူး၊ အလှူဆိုတာ ပစ္စည်းကလည်း စင်ကြယ်ရတယ်၊ အလှူပေး အလှူခံ ပုဂ္ဂိုလ်လည်း စင်ကြယ်ရတယ်"

"အလှူပေးတဲ့အလှူရှင်ဘက်ကလည်း သီလမရှိ၊ အလှူခံပုဂ္ဂိုလ် ဘက်ကလည်း သီလမရှိ၊ လှူဖွယ်ပစ္စည်း ကလည်း မစင်ကြယ်ဘူးဆိုရင် အဲဒီအလှူမှာ အကျိုး ပေးစရာ မရှိတော့ပါဘူး"

"ယခု သပိတ်အိုင်တောရ ၁၀-ရက်စခန်းမှာ လှူတဲ့ ပစ္စည်းတွေက တကယ့်ကိုချွေးနဲ့သွေးနဲ့ရင်းနှီးလို့ရလာတဲ့ လှူဖွယ်ပစ္စည်းတွေ၊ အင်မတန်စင်ကြယ်ပါတယ်"

"အဲဒီပစ္စည်းတွေ တောထဲရောက်အောင် ထမ်းပိုး ရွက်လာတာလည်း တကယ့်စေတနာနဲ့၊ ရွက်ရတဲ့ခရီးက ၂-မိုင်ကျော် ၃-မိုင်ခရီး၊ ချက်ပြုတ်တဲ့ပုဂ္ဂိုလ်တွေကလည်း တကယ့်စေတနာနဲ့ သစ်ပင်အောက်မှာ အိပ်ပြီးချက်ကြ တာ၊ အားလုံးရဲ့စိတ်စေတနာတွေဟာ စင်ကြယ်ပါတယ်၊ ဆိုကြည့်စမ်းပါဦး..."

"စေတနာသုံးတန် စုံပြည့်လျှို့
ထက်သန်အောင်မြင် ရပေမည်"

http://www.dhammadownload.com

စေတနာသုံးတန်ပြည့်ရမည်

"လှူဒါန်းကျွေးမွေး ချက်ပြုတ်လုပ်ကိုင်တဲ့နေရာမှာ စေတနာသုံးတန် ထက်သန်အောင်မြင်ရမယ်၊ ယခုမိမိတို့ သပိတ်အိုင်တောရ ၁၀-ရက်စခန်းအလှူကြီးတစ်ခုဆိုတာ သာမန်အရပ်ထဲက အလှူတစ်ခုလို စဉ်းစားလို့မရပါဘူး၊ သာမန်အရပ်ထဲက အလှူတစ်ခုက တစ်ရက်နဲ့ပြီးသွားတာ၊ ဒီက ၁၀-ရက်မှ ပြီးမှာ၊ တစ်နည်း ပြောရရင် ၁၀-ရက်စခန်းဆိုတာ ဒါနဘက်ကကြည့်ရင် အလှူကြီး ၁၀ ရက်တိုင်တိုင် ပေးလှူတာပဲ"

"စေတနာသုံးတန် ထက်သန်အောင်မြင်မှုမရှိရင် ဘယ်လိုမှ ၁၀-ရက်ပြည့်အောင် မလှူနိုင်ပါဘူး၊ ဝေယျာဝစ္စလည်း မလုပ်နိုင်ပါဘူး၊ တစ်နေ့မဟုတ် ၁၀-ရက်ဆိုတော့ စေတနာသုံးတန်ကလည်း ပြဋ္ဌာန်းပြီးသားပဲ၊ စေတနာမပြည့်ရင် ဒီမျှဝေးတဲ့ခရီးကြီး သယ်ပိုးချက်ပြုတ်လှူဒါန်းမှု ဘယ်ပြုနိုင်မလဲ၊ ဒါကြောင့် မိမိတို့အလှူအကျိုးကြီးပါတယ်၊ ပြီးတော့ အကျိုးကြီးကြောင်းတစ်ခုဆိုကြည့်ပါဦး..."

"ကံနှင့်ကံကျိုး မြတ်တန်းအားကိုး ယုံကြည်ရပေမည်"

ကံနှင့်ကံကျိုး ယုံကြည်ခြင်း

"အလှူလှူတဲ့နေရာမှာ ကံနှင့်ကံရဲ့အကျိုးကိုသေသေချာချာ အားကိုးယုံကြည်တဲ့ ကမ္မဿကတ ဉာဏ်ပညာ

http://www.dhammadownload.com

ရှိရမယ်၊ အဲဒါသိပ်အရေးကြီးပါတယ်၊ မိမိတို့ ယခု ၁၀-ရက်စခန်းတရားပွဲကြီးကျင်းပလိုက်တာက ကုသိုက်ကံ၊ အဲဒီကုသိုလ်ကံကြီး ပြုလုပ်တဲ့အတွက် မိမိတို့မှာ ကုသိုလ်စေတနာတွေ ပြည့်သွားပြီ၊ အဲဒီကုသိုလ်စေတနာသည် မိမိတို့ရောက်ရာဘဝသို့ လိုက်ပြီး တာ့ အကျိုးပေးမယ်လို့ယုံကြည်တာကို ကံရဲ့အကျိုးကိုယုံကြည်တယ်လို့ ခေါ်ပါတယ်၊ ကောင်းတဲ့ကံက ကောင်းကျိုးပေးမယ်လို့ ယုံကြည်တာပေါ့"

ယုံကြည်မှုမပါ

"မိမိတို့ရပ်ထဲမှာ နောက်နောက်ကလူခဲ့တာတွေ ပြန်ပြီးတော့ စဉ်းစားကြည့်ပါ၊ ကံနှင့် ကံရဲ့ အကျိုးကို ယုံကြည်မှုပါရဲ့လား၊ ယုံကြည်မှုမပါတာတွေ များစွာတွေ့ရပါလိမ့်မယ်၊ ရမ်းလုပ် နေတာတွေ တွေ့ရပါလိမ့်မယ်၊ ကံနှင့်ကံရဲ့အကျိုးကို ယုံကြည်မှုကို အသာထား၊ သိမှုတောင် ပါချင်မှပါမယ်"

"ဘာဖြစ်လို့လဲဆိုတော့ တကယ်လို့ ကံ-ကံရဲ့ အကျိုးကို ယုံကြည်တယ်ဆိုရင် လူဒါန်းတာက ကုသိုလ်ကံ၊ ကြက်သတ်၊ ဝက်သတ်လူတာက အကုသိုလ်ကံ၊ အဲဒီအကုသိုလ်ကြောင့် ငါ့မှာ ဒီအလှူက အကျိုးပေးတဲ့ ဘဝမှာ ငါ့ကိုပြန်ပြီး အသတ်အဖြတ် အလုအယက်၊ အတိုက်အခိုက်ခံရမယ်လို့ ယုံကြည်မယ်ဆိုရင် ဒီအလှူ

http://www.dhammadownload.com

ထဲမှာ သတ်ဖြတ်မှုအကုသိုလ် မရောပါဘူး၊ ပြီးတော့ အတီးအမှုတ်၊ အကအခုန်တွေကလည်း အကုသိုလ် မကောင်းကျိုးပေးမှာ၊ အဲဒါတွေ ယုံရင်... မရောဘူး၊ မယုံလို့ ရောတဲ့ အဓိပ္ပာယ်ပဲ"

ပုတ်မှောက်ထားရတဲ့အလှူ

အလှူအကျိုးကြီးကြောင်းထဲမှာ ဒီကံ-ကံ၏ အကျိုးကို ယုံကြည်မှုဟာ အရေးကြီးပါတယ်၊ မိမိတို့ အရပ်ထဲမှာ လှူတဲ့အလှူမှာ ပြန်စဉ်းစားကြည့်ရင် အလှူရှင် ဘက်က အကျင့်သီလရှိမယ် ဆိုတာကလည်း မရှိတာ များပါတယ်"

"အလှူကြီးတစ်လှူ လှူတော့ အလှူရှင်ဟာ အရက် တွေ သောက်ထားလိုက်တာ အမူးလွန်နေလို့၊ လုံချည် တောင် မကပ် ဖြစ်နေလို့ အိမ်နောက်ဖေးမှာ ပုတ်မှောက် ထားရပါတယ်၊ အဲဒီလို အလှူရှင်မျိုး သီလရှိမလား၊ အဲဒါ အလှူလာတဲ့လူတွေနဲ့အတူ သောက်တာပဲ"

"အလှူရှင်မှာလည်း သီလမရှိဘူး၊ အလှူခံဖြစ်တဲ့ အလှူလာသူ တွေလည်း သီလမရှိဘူး၊ ရိုးရိုးပြန်စဉ်းစား ကြည့်ရင် အဲဒါမျိုးပဲ များပါတယ်"

"နောက်တစ်ခါ လှူမယ့်ပစ္စည်း ကြည့်ပြန်တော့ လည်း သတ်ဖြတ်လှူတာတွေ ပါတယ်၊ အတီးအမှုတ် အကအခုန်တွေပါတယ်၊ အရက်သေစာတွေပါတယ်"

http://www.dhammadownload.com

စေတနာသုံးတန် ကြည့်ပြန်တော့လည်း လူစည်ကားရေးက ပဓာန၊ ဂုဏ်ပကာသနလိုချင်တာက ပဓာန ဆိုတော့ စေတနာကလည်း ဟန်မကျဘူး၊ ကံ-ကံ၏ အကျိုးကို ယုံကြည်နားလည်မှုလည်း မရှိဘူးဆိုတော့ အလှူအကျိုးကြီးကြောင်းအင်္ဂါ၅-ချက်မှာ ဘယ်နှစ်ချက် ပြည့်စုံလဲ ပြန်ကြည့်၊ တစ်ချက်မှမပြည့်စုံပါဘူး၊ မပြည့်စုံတော့ အကျိုးမကြီးဘူး၊ အကျိုးနည်းမယ်ပေါ့။ ညောင်ပင်ကြီးလောက်လှူမှ ညောင်စေ့လောက်ရတယ် ဆိုတာ အဲဒီအလှူမျိုးကို ခေါ်ပါတယ်"

အင်္ဂါ ၅-ပါးပြည့်စုံ

"ယခု ဘုန်းကြီးတို့သပိတ်အိုင်တောရ ၁၀-ရက် စခန်းအလှူပွဲကြီးမှာ အလှူရှင်လည်း သိလရှိတယ်၊ အလှူခံလည်း သီလရှိတယ်၊ လှူဖွယ်ပစ္စည်းတွေကလည်း တရားနှင့်အညီရတယ်၊ စေတနာသုံးတန် လည်းပြည့်တယ်၊ ကံ-ကံ၏အကျိုးလည်း ယုံကြည်တယ် ဆိုတဲ့ အင်္ဂါ ၅-ချက် အကုန်ပြည့်တယ်"

"ဒီထက်မြင့်မြတ်တဲ့ အလှူခံပုဂ္ဂိုလ်တွေကို မပြောသေးပါဘူး၊ အလှူခံတစ်ကျိပ်လေးမှာ သီလရှိတဲ့ အလှူခံပုဂ္ဂိုလ်တစ်ယောက်ကို လှူလိုက်တာသည်ပင်လျှင် ဘဝတစ်သိန်း အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာ

http://www.dhammadownload.com

ခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်းဆိုတဲ့ အကျိုးထူး တရား ၅-ပါးရမယ်"

"မိမိတို့ နောက်တုန်းကလှူခဲ့ဖူးတဲ့အလှူနဲ့ပြန်ပြီးတော့ စာကြည့်ပါ။ ယခု ၁၀-ရက်စခန်းအလှူမှာ သီလရှိတဲ့ယောဂီတစ်ယောက်ကို တစ်နပ်စာ ဝအောင်ကျွေးလိုက်တဲ့ တစ်ယောက်စာ အလှူတောင်မှ မိမှာ မဟုတ်ပါဘူး"

"မိမိတို့ အရပ်ထဲမှာ လှူတဲ့အလှူကြီးတစ်ခုလုံးရဲ့ အကျိုးဟာ ယခု ၁၀-ရက်စခန်းမှာ ယောဂီတစ်ယောက်ကို တစ်နပ်စာ ကျွေးရသလောက် အကျိုးမရပါဘူးလို့ ဆိုလိုတယ်"

"အဲဒါကြောင့် ပြန်တွေးမယ်ဆိုရင် ဒီနေ့လို ၁၀-ရက် စခန်းကျင်းပပြီး လှူတဲ့ အလှူကြီးမှာ ယောဂီတွေ သီလရှိတဲ့ ယောဂီတွေ အများကြီးပဲ၊ အဲဒီ သီလရှိတဲ့ အဆင့်သည်ပင်လျှင် သာမန်အရပ်ထဲက အလှူထက် သာနေပါပြီ၊ အခု အလှူခံတစ်ကျိပ်လေးမှာ-

၁။ တိရစ္ဆာန် အလှူခံ။

၂။ သီလမရှိသူ အလှူခံ။

၃။ သီလရှိသူ အလှူခံ။

ရယ်လို့ သုံးယောက်ပါရှိပါသေးတယ်။ နောက်ထပ် အလှူခံပုဂ္ဂိုလ် ၁၁-ယောက် ကျန်ပါသေးတယ်။ အဲဒီ

http://www.dhammadownload.com

သုံးယောက်တောင်မှ အရပ်ထဲက အလှူတွေ မမိသေးဘူး။ ကျန်တဲ့အလှူခံတွေနဲ့ နှိုင်းဆရင်တော့ ဆိုဖွယ်ရာ မမိတော့ပါဘူး"

ကောသလမင်းအမေး

"ဒီနေရာမှာ ကောသလမင်းအမေးနဲ့ ဘုရားရှင် အဖြေကို ပြောပြချင်ပါသေးတယ်။ ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာကိန်းအောင်းတော်မူတဲ့ အခါကပေါ့။ တစ်နေ့မှာ ကောသလမင်းကြီး ဘုရားရှင် ထံတော်သို့ ရောက်လာပြီး သင့်တင့် လျောက်ပတ်တဲ့ နေရာမှာ ထိုင်ပြီး ဘုရားရှင်ကို ရှိခိုးပြီး ဒီစကားကို လျှောက်ထားပါတယ်"

"မြတ်စွာဘုရား၊ ဘယ်ပုဂ္ဂိုလ်အား လှူဒါန်းရပါမည်နည်း ဘုရားလို့ လျှောက်တယ်"

"အဲဒီလိုလျှောက်ထားတော့ ဘုရားရှင်က 'မင်းကြီး မိမိ ကြည်ညိုတဲ့ပုဂ္ဂိုလ်အား လှူ'တဲ့။ အဲဒီလိုအမိန့်ရှိလိုက်ပါတယ်"

"အဲဒီစကားကို အနည်းငယ် အကျယ်ချဲ့ချင်ပါသေးတယ်။ ကောသလမင်းကြီးက 'မြတ်စွာဘုရား ဘယ်ပုဂ္ဂိုလ်အား လှူဒါန်းရပါမည်နည်းဘုရား'လို့ လျှောက်တဲ့အခါ ဘုရားရှင်က မိမိကြည်ညိုတဲ့ပုဂ္ဂိုလ်အား လှူလို့ မိန့်တယ်"

http://www.dhammadownload.com

"လှူတယ်ဆိုတာ ကြည်ညိုမှလှူနိုင်တာပါ၊ မကြည်ညိုရင် မလှူနိုင်ပါဘူး၊ ဘယ်ပုဂ္ဂိုလ်အားလှူပါလို့ ပြောပေမယ့် မကြည်ညိုရင် မလှူနိုင်ပါဘူး၊ မလှူနိုင်တော့ ဒါန ကုသိုလ်မဖြစ်တော့ ဖြစ်လေရာဘဝများစွာမှာ ဆင်းရဲဖို့ပဲ ရှိပါတယ်"

"ဒါကြောင့် ဘုရားရှင်က အကျိုးကြီးတာ မကြီးတာ မခွဲခြားဘဲ ကြည်ညိုတဲ့ပုဂ္ဂိုလ်အားလှူလို့ အမိန့်ရှိလိုက်ပါတယ်"

"ဒီတော့ ကောသလမင်းကြီးက ထပ်ဆင့်ပြီး မေးမြန်းလျှောက်ထားပြန်ပါတယ်"

"မြတ်စွာဘုရား၊ ဘယ်ပုဂ္ဂိုလ်အား လှူဒါန်းလို့ရှိရင် အကျိုးကြီးပါသလဲဘုရား...တဲ့"

"အဲဒီအမေးကို သေသေချာချာ သတိထားကြည့်ရင် အဓိပ္ပာယ် ဘယ်လိုထွက်သလဲဆိုတော့ 'မြတ်စွာဘုရား...တပည့်တော် ကြည်ညိုတဲ့ပုဂ္ဂိုလ်တွေများနေရင် ဘယ်ပုဂ္ဂိုလ်အား လှူဒါန်းပါရင် အကျိုးကြီးမြတ်ပါသလဲဘုရား'လို့ မေးလိုရင်းပါ"

"ဒီတော့ ဘုရားရှင်က 'မင်းကြီး...ရှေ့အမေးက တစ်မျိုးတခြားတစ်ပါး ဖြစ်နေတယ်၊ ယခုအမေးက တစ်မျိုးတခြားတစ်ပါး ဖြစ်ပါတယ်၊ နောက်အမေးနဲ့ ပတ်သက်လို့ ဖြေရရင် ကြည်ညိုတဲ့ ပုဂ္ဂိုလ် အများ

http://www.dhammadownload.com

ရှိနေရင် သီလရှိတဲ့ ကြည်ညိုစရာကောင်းတဲ့ အလှူခံ ပုဂ္ဂိုလ်အား လှူပါ၊ သီလမရှိတဲ့ ကြည်ညိုစရာမကောင်းတဲ့ အလှူခံပုဂ္ဂိုလ်အား မလှူပါနဲ့'လို့ အမိန့်ရှိလိုက်ပါတယ်"

"မင်းကြီး...အဲဒီအမေးနဲ့ ပတ်သက်ပြီး သင့်ကို ငါ မေးဦးမယ်၊ သင်ကြုံကြုံသလိုဖြေစမ်းပါ၊ ငါမေးမယ့် အမေးကို သင်ဘယ်လိုထင်သလဲ"

"မင်းကြီး...သင့်မှာ တိုင်းပြည်မငြိမ်မသက်စစ်မက် ဖြစ်နေသည်ဆိုပါစို့၊ စစ်သားအရေးကြီးနေတဲ့အချိန် ဆိုပါစို့၊ အဲဒီအချိန်မှာ စစ်အတတ် ဘာတစ်ခုမှမတတ်တဲ့ ကြောက်တတ်, လန့်တတ်, ထွက်ပြေးတတ်တဲ့ မင်းသား ယောကျ်ားတစ်ယောက်လာရင် ရာထူးပေး လစာပေးပြီး မွေးမလား၊ အဲဒီမင်းသား ယောကျ်ားဖြင့် အလိုရှိသလား လို့ မေးတဲ့အခါ မင်းကြီးက အလိုမရှိပါဘုရား၊ မမွေးမြူ လိုပါဘုရားလို့ ဖြေပါတယ်"

"ပြီးတော့ ဘုရားရှင်က 'မင်းကြီး သင့်တိုင်းပြည် မငြိမ်မသက် စစ်မက်ဖြစ်နေတဲ့အခါ စစ်အတတ် ဘာ တစ်ခုမှမတတ်တဲ့၊ ကြောက်တတ်,လန့်တတ်,ထွက်ပြေး တတ်တဲ့ ပုဏ္ဏားယောကျ်ား သူဌေးသားယောကျ်ား၊ သူဆင်းရဲသားယောကျ်ားများလာရင် ရာထူးပေး လစာ ပေးပြီး မွေးမလား'လို့ မေးတဲ့အခါ မင်းကြီးက 'မြတ်စွာ ဘုရား...မမွေးနိုင်ပါ၊ အလိုမရှိပါဘုရား'လို့ ပြောပါ တယ်"

http://www.dhammadownload.com

"အဲဒီလို ပြောတဲ့အခါ ဘုရားရှင်က 'မင်းကြီး... ငါမေးမယ်၊ စကားကို ကြိုက်သလိုဖြေစမ်း... သင့်မှာ တိုင်းပြည် မငြိမ်မသက် စစ်မက်ဖြစ်နေတဲ့အခါ စစ်အတတ် ကောင်းစွာတတ်တဲ့၊ မကြောက်တတ်, မလန့်တတ်, ထွက်မပြေးတတ်တဲ့ မင်းသားယောကျ်ားး ပုဏ္ဏားယောကျ်ားး သူဌေးယောကျ်ားး သူဆင်းရဲယောကျ်ားများလာရင် ရာထူးပေး လစာပေး မွေးမလား၊ အဲဒီယောကျ်ားတွေအလိုရှိသလား' လို့မေးတဲ့အခါ မင်းကြီးက 'မြတ်စွာဘုရား...မွေးမြူပါမယ်ဘုရား၊ ထိုယောကျ်ားများ အလိုရှိပါတယ်ဘုရား' လို့ ဖြေပါတယ်"

"အဲဒီမှာ သတိထားကြည့်ပါ၊ စစ်အတတ် မတတ်တဲ့၊ လန့်တတ်၊ ကြောက်တတ်၊ ထွက်ပြေးတတ်တဲ့ မင်းသား ယောကျ်ားး စသည်တို့ကို ရာထူးပေး၊ လစာပေး မွေးခြင်းဖြင့် တိုင်းပြည်ငြိမ်သက်မှုဖြစ်အောင် မတိုက်ခိုက်နိုင်ပါ၊ တိုင်းပြည် မငြိမ်မသက်တော့ မင်းစည်းစိမ်မခံစားရတော့ပါ၊ အဲဒီအတွက် မမွေးနိုင်၊မကျွေးနိုင်ပါလို့ ဆိုလိုပါတယ်"

စစ်အတတ်တတ်တဲ့၊ မလန့်တတ်၊ မကြောက်တတ်၊ ထွက် မပြေးတတ်တဲ့ မင်းသားယောကျ်ားး စသည်တို့ကို ရာထူးပေးပြီး လစာပေးပြီး မွေးခြင်းဖြင့် တိုင်းပြည် ငြိမ်သက်မှုဖြစ်အောင် တိုက်ခိုက်နိုင်ပါသည်။ တိုင်းပြည်

http://www.dhammadownload.com

ငြိမ်သက်တော့ မင်းစည်းစိမ် ခံစားနိုင်ပါသည်။ အဲဒီ အတွက် မွေးပါမည်၊ ကျွေးပါမည်လို့ ဆိုလိုပါသည်"

"မင်းကြီး အဲဒီဥပမာ အတူပါပဲ၊ အိမ်ရာ တည်ထောင် လူတို့ဘောင်မှ အိမ်ယာမထောင် ရဟန်းဘောင်သို့ ကပ်ရောက်သော ရဟန်းတော်သည်-

၁။ ကာမဂုဏ်တို့ကို လိုလားမှု 'ကာမဆန္ဒ'

၂။ ပျက်စီးစေလိုမှု 'ဒေါသ'

၃။ ငိုက်မျဉ်းမှု 'ထိနမိဒ္ဓ'

၄။ ပုံ့လွင့်မှု၊ ပူပန်မှု 'ဥဒ္ဒစ္စ-ကုက္ကုစ္စ'

၅။ ယုံမှားမှု 'ဝိစိကိစ္ဆာ'

ဟူသော အင်္ဂါ ၅-ပါးတို့ကို ပယ်ရှားနိုင်ကုန်သည် ဖြစ်အံ့။

၁။ သီလအစု 'သီလက္ခန္ဓ'

၂။ သမာဓိအစု 'သမာဓိက္ခန္ဓ'

၃။ ပညာအစု 'ပညာက္ခန္ဓ'

၄။ လွတ်မြောက်မှုအစု 'ဝိမုတ္တိက္ခန္ဓ'

၅။ လွတ်မြောက်မှုကိုပြင်သော ဉာဏ်ပြင်အစု 'ဝိမုတ္တိဉာဏ ဒဿနက္ခန္ဓ'

ဟူသော ၅ ပါးရှိသော အင်္ဂါနှင့်ပြည့်စုံသည်ဖြစ်အံ့၊ အဲဒီရဟန်းတော်အား လူဒါန်းလျှင် အကျိုးကြီးဖြစ်ပါတယ်လို့ ဘုရားရှင်က ဖြေပါတယ်"

http://www.dhammadownload.com

"ဒီတော့ အလှူလှူတာနဲ့ပတ်သက်လို့ အကျိုးကြီးမှု မကြီးမှု၊ သီလရှိ မရှိမှုနဲ့ ဆိုင်တယ်မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

ဗျာန်ရလူ

"ကဲ... ယခု သီလရှိတဲ့ အလှူခံပုဂ္ဂိုလ်ကို လှူတဲ့ အကျိုးတွေကို ပြောလိုပြီးသွားပြီ၊ အလှူခံတစ်ကျိပ်လေးမှာ ဘယ်နှစ်ယောက် ပြီးသွားပြီလဲဆိုတော့-

၁။ တိရစ္ဆာန်အလှူခံ

၂။ သီလမရှိတဲ့ ဒုဿီလအလှူခံ

၃။ သီလရှိတဲ့ အလှူခံ

ရယ်လို့ ၃ ယောက်ပဲ ရှိပါသေးတယ်နော်၊ ယခု ဆက်လက်ပြီးတော့ ဗျာန်ရတဲ့အလှူခံပုဂ္ဂိုလ်ကို လှူရတဲ့ အကျိုးကိုပြောပြပါမယ် လိုက်ဆိုကြည့်ပါ-

"ဗျာန်ရလူလေ အကျိုးတွေ ကုဋေတစ်သိန်းပါ"

သာသနာပမှာ ဗျာန်ရတဲ့ ပုဂ္ဂိုလ်တစ်ယောက်အား တစ်နပ်စာဝအောင် ကျွေးမွေးလှူဒါန်းလိုက်မယ်ဆိုရင် ဘဝပေါင်း ကုဋေတစ်သိန်း အကျိုးထူးတရား ၅ ပါး ရမယ်"

"ဗျာန်ဆိုတာ သမာဓိလုပ်ငန်းပါပဲ၊ ယခုယောဂီ ပုဂ္ဂိုလ်တွေ တိုးသဘောရှုပ်ကို တိုးတိုင်း တိုးတိုင်း "ရုပ် ရုပ်"လို့ ရှုတဲ့အခါ အဲဒီ သမာဓိ ပါပါတယ်"

http://www.dhammadownload.com

"ရှုနေတာက ပညာမဂ္ဂင် ၂ ပါး သမာဓိမဂ္ဂင် ၃ ပါးနဲ့ ရှုနေတာပဲဟာ သမာဓိ ပါတာပေါ့။ အဲဒီလို တိုးသဘောကို တိုးတိုင်း တိုးတိုင်း "ရုပ် ရုပ်" လို့ ရှုနေရင်းနဲ့ တစ်ခါတစ်လေကျတော့ အဲဒီ တိုးသဘော ကလေးတစ်ခုတည်းမှာပဲ တည်နေပြီးတော့ ဘေးက အသံတွေမှာ ဘာသံမှ မကြားရဘူးလို့ ယောဂီတွေ ပြောကြပါတယ်။ အဲဒါဟာ သမာဓိပါပဲ၊ အဲဒါကို သမာဓိ ဈာန်လို့ ခေါ်နိုင်ပါတယ်။ ရှုမှားနေတာက ရုပ်နာမ် အာရုံပါပဲ၊ သမာဓိဘက်အားသန်ပြီးသွားတဲ့အခါ အဲဒီလို ဘာသံမှမကြား ဖြစ်တတ်ပါတယ်"

"တစ်မျိုးပြောရရင် ဝိပဿနာ တရားအားထုတ် တယ်ဆိုတာ ရုပ်နာမ်ဖြစ်ပျက်ကို မြင်ဖို့ရာ အားထုတ်တာ ပါ၊ ရုပ်နာမ် ဖြစ်ပျက် မြင်ဖို့ရာ အားထုတ်မှု မပြုဘဲ အရှုခံ အာရုံမှာ တည်ကြည်ရုံမျှ စူးစူးစိုက်စိုက် ရှုမှား နေရင်လည်း သမာဓိဈာန်ပါပဲ၊ ကဲ...ဆိုကြည့်စမ်းပါဦး။

"စိုက်စိုက်စူးစူး အထူးမြိမ်၊ ရှုအားသန်၏ ဈာန်ဟု ခေါ်သတည်း"

"အဲဒီလိုဆိုတော့ ဘုန်းကြီးတို့ ယောဂီတွေထဲမှာ ကောင်းကင်ပျံတဲ့ ဈာန်မျိုး မရသော်လည်း ဒီသမာဓိဈာန် ရတဲ့ ယောဂီတွေ အများအပြားရှိပါတယ်၊ အဲဒီ သမာဓိ ဈာန်ရတဲ့ ပုဂ္ဂိုလ်တွေမှာ သရဏဂုံ သီလတွေလည်း ရှိနေပါတယ်"

http://www.dhammadownload.com

"ဒီတော့ ၁၀ ရက်စခန်းဝင် ယောဂီတွေမှာ သီလ ရှိတဲ့ဘက်ကလူရင် ဘဝတစ်သိန်း သမာဓိစျာန်ရတဲ့ဘက် လူရင် ဘဝပေါင်း ကုဋေတစ်သိန်း၊ ယောဂီတစ်ယောက် လူတာဟာ အဲဒီလောက် အကျိုးဆိုတော့ ယခုယောဂီ တွေ အများကြီးကိုလူတာ ဘယ်လိုလုပ်ပြီးတော့ တွက် ပြလို့ရပါမလဲ"

"မိမိတို့အရပ်ထဲမှာ လူတဲ့အလှူတွေမှာ ဒီသီလ ရှိတဲ့အလှူခံတွေ သမာဓိစျာန်ရတဲ့ အလှူခံတွေ ဘယ် ပါမလဲ (၅)ပါးသီလမျှတောင် မရှိကြတဲ့ အလှူခံတွေ များပါတယ်။ ဒီတော့ အရပ်ထဲက အလှူကြီးတစ်ခုလုံးရဲ့ အကျိုးနဲ့ ဒီမှာ ယောဂီပုဂ္ဂိုလ်တစ်ယောက်စာ လှူရတဲ့ အကျိုးကို နှိုင်းစာကြည့်စမ်း၊ ဘယ်အလှူက သာမလဲ ဆိုတာ သိနိုင်ပါတယ်"

"အရပ်ထဲက အလှူတွေမှာ အလှူခံပုဂ္ဂိုလ်တွေမှာ ငါးပါးသီလလောက်မျှမရှိတဲ့အထဲ အတီးအမှုတ်၊ အက အခုန်၊ အဆို အငိုတွေ၊ အသောက်အစား အသတ် အဖြတ်တွေ ရောလိုက်တော့ ဘယ်မှာ အကျိုးကြီးစရာ ရှိတော့မလဲ အကျိုးတွေ နည်းကုန်ပြီ။

"အခု ဒီမှာက သီလဖျက်ဆီးရာဖျက်ဆီးကြောင်း၊ သမာဓိ ဖျက်ဆီးရာ ဖျက်ဆီးကြောင်း ပါသေးသလား၊ မပါပါဘူး၊ သီလမပျက်အောင်ဘဲ ထိန်းသိမ်းကြတယ်၊ တစ်နေ့လည်း သီလက ၃ကြိမ်တောင် ထပ်ယူတယ်ဆို

http://www.dhammadownload.com

တော့ သီလ ပျက်စရာ မရှိပါဘူး၊ သမာဓိ ကလည်း တောထဲမှာဆိုတော့ သမာဓိလည်း မပျက်ပါဘူး"

"အေး...ယခု အလှူဒကာ ဒကာမတွေဟာ သီလ၊ သမာဓိဆိုတဲ့ ဂုဏ်အင်္ဂါနဲ့ ပြည့်စုံတဲ့ မြင့်မြတ်တဲ့ အလှူခံတွေ ပုဂ္ဂိုလ်တွေကို လှူကြပါတယ်၊ အဲဒီလို မြင့်မြတ်တဲ့ အလှူခံပုဂ္ဂိုလ်တွေကို မြင့်မြတ်တဲ့စေတနာနဲ့ လှူဒါန်းပြီးတော့ မြင့်မြတ်တဲ့ နိဗ္ဗာန်ကို မျှော်မှန်းမယ်ဆိုရင် နိဗ္ဗာန်ချမ်းသာကို ဒီအလှူဒါနကအထောက်အပံ့ပေးပါတယ်"

သောတာပန်လောင်းအလှူခံ

လူကတည်းက အလကား လွှင့်ပစ်တဲ့ သဘောနဲ့ လှူတာမှ မဟုတ်ဘဲ၊ အကျိုးကြီးချင်လို့ လှူတာပဲ၊ အကျိုးကြီးတဲ့နေရာမှာ အကျိုးကြီးအောင်လှူမှ ကောင်းတာပေါ့၊ အဲ ယခုပြောခဲ့တဲ့ အကျိုးတွေမှာ သီလသမာဓိရှိတဲ့ အဆင့်ပဲရှိပါသေးတယ်၊ ပညာ မပါသေးပါဘူး၊ ကဲ... ပညာစခန်းတစ်ခု ထည့်လိုက်ကြစို့၊ ယခု အလှူခံပုဂ္ဂိုလ် ဘယ်နှစ်ယောက်ရှိသွားပြီလဲ၊ လေးယောက်နော်၊ ယခု ဆိုကြည့်ပါ။

"သောတာလောင်းလှူ အကျိုးမှု ရယူသင့်ပါ"

"သောတပန်လောင်း အလှူခံပုဂ္ဂိုလ်တစ်ယောက်ကို တစ်နပ်စာ ဝအောင်ကျွေးလိုက်၊ ပေးလိုက် လှူဒါန်း

http://www.dhammadownload.com

လိုက်မယ်ဆိုရင် ဘဝပေါင်း အသချေ့ အကျိုးထူးတရား ငါးပါးရမယ်"

"ယခု ဘုန်းကြီးတို့ ယောဂီတွေ တရားအားထုတ် တယ်ဆိုတာ မဂ်ရချင်လို့ပါ၊ အစကတည်းက ဘုန်းကြီး တို့ ပြောခဲ့ပါတယ်၊ မိမိတို့အစစ်အမှန် တကယ်လိုချင် တာက နိဗ္ဗာန်ပါ၊ အဲဒီနိဗ္ဗာန်ရဖို့ရာက မဂ်မရဘဲ နိဗ္ဗာန် မရနိုင်ပါ"

"ဒါကြောင့် တကယ်အားထုတ်နေတာဟာ မဂ်ကို ရချင်လို့အားထုတ်နေတာပါ၊ အဲဒီမဂ်က ဘယ်နှစ်ပါးရှိလဲ ဆိုတော့လေးပါးရှိပါတယ်၊ အဲဒီမဂ်လေးပါးထဲမှာသောတာ ပတ္တိမဂ်သည် အငယ်စားပါ၊ အဲဒီအငယ်စားမဂ်ကို ရမှ သာ အထက်အထက်မဂ် အကြီးစားမဂ်ကို ရမှာပါ။

"ဒါကြောင့် ယခု တရားအားထုတ်နေတဲ့ ယောဂီ ပုဂ္ဂိုလ် အားလုံးဟာ သောတာပတ္တိမဂ်ကို ရချင်လို့ အားထုတ်နေကြတဲ့ သောတာပန်လောင်းတွေပါ၊ သာမညပုဂ္ဂိုလ်တွေ မဟုတ်ပါဘူး"

"သောတာပန်လောင်းတစ်ယောက်ကို တစ်နပ်စာ ဝအောင် လူဒါန်း ကျွေးမွေးတာသည်ပင်လျှင် ဘဝ အသချေ့ အကျိုးထူးတရား ငါးပါးရပါတယ် ဆိုတော့ ယခု သောတာပန်လောင်း ယောဂီတွေက အများကြီးပဲ ကဲ အဲဒီ အကျိုးကို သချာနဲ့တွက်ကြည့်စမ်း ရေတွက် နိုင်ပါမလား"

http://www.dhammadownload.com

"ကဲ မိမိတို့ တစ်သက်တာအနေနဲ့ ပြန်ပြီးတော့ စဉ်းစားကြည့်စမ်းပါ လူခဲ့တဲ့အလှူတွေမှာ ဒီလို သီလ၊ သမာဓိ၊ ပညာ သိက္ခာ (၃)ပါး အကျင့်တရားနဲ့ ပြည့်စုံတဲ့ သောတာပန် လောင်းလျာတွေကို ဘယ်နှစ်ခါ လူခဲ့ဖူးသလဲ၊ မရှိသလောက်ပါ၊ မလူခဲ့ရသလောက်ပါ"

"ကိုယ်တိုင်လူဖို့ဆိုတာ အသာထားပါးဦး၊ မြင်ဖူး၊ ကြုံဖူး ဖို့တောင် ခဲယဉ်းပါတယ်၊ မိမိတို့ ရုပ်ရှာအနေနဲ့ ဆိုရင် ပထမအကြိမ်ဆိုတော့ ယခုလူရတာအစပဲ၊ မြင်ဖူးတာလည်း အစပဲပေါ့"

လွဲနေပြီ

"ခုနက ပြောခဲ့တဲ့ အတီး အမှုတ် အက အခုန်နဲ့ အလှူမျိုး တွေကတော့ မိမိတို့ကိုယ်တိုင်ပဲ လူခဲ့ဖူးတဲ့ အထဲမှာ ပါပါလိမ့်မယ်၊ မြင်ဖူးတာလည်း အကြိမ်ကြိမ် ဖြစ်ပါလိမ့်မယ်၊ အေး... အဲဒီလို အကျိုးနည်းတဲ့ အလှူမျိုးတွေတော့ မဖြစ်ပါစေနဲ့"။

"ကဲ... ဒီမှာ စောဒကတက်စရာ တစ်ခုရှိပါတယ်၊ ယောဂီတွေတော့ သတိထားမိလား၊ မထားမိလား၊ မသိပါဘူး၊ သတိထားရင်တော့ သိမယ်၊ ဘယ်လို စောဒကတက်စရာရှိလဲ ဆိုတော့...

အရှင်ဘုရားဟောနေတဲ့ အကျိုးတွေက ဘဝ အကျိုးပေးတွေပါ၊ တပည့်တော်တို့ယခုတရားအားထုတ်

http://www.dhammadownload.com

နေတာက မင် ဖိုလ် နိဗ္ဗာန် ရချင်လို့ အားထုတ်နေတာပါ၊ လှူဒါန်းမှုပြုနေတာကလည်း မင်ဖိုလ်နိဗ္ဗာန် ရချင်လို့ပါ၊ ယခု အရှင်ဘုရားဟောနေတာကလည်း ဘဝတွေရော ထောင်သိန်းကုဋေအသခ်ျေပေးမယ် ဆိုတော့ တပည့်တော်တို့လိုချင်တာနဲ့ လွဲနေပြီ"လို့ စောဒကတက်စရာ ရှိပါသေးတယ်၊ ဘုန်းကြီး ဟောနေတာက အကျိုးပေးနိုင်တာကတွေကို ဟောပြနေတာပါ၊ လူနေကြတဲ့ အလှူရှင်တွေက ဘဝအကျိုးပေးတွေ မရည်မှန်းပဲ မင် ဖိုလ် နိဗ္ဗာန်ကို ရည်မှန်းပြီး လှူဒါန်းပါက အားထုတ်တဲ့ ယောဂီတွေကလည်း မင် ဖိုလ် နိဗ္ဗာန် ရည်မှန်းပြီး အားထုတ်ပါက မင် ဖိုလ် နိဗ္ဗာန်ကို ရပါတယ်"

တရားလည်းလှူ နိဗ္ဗာန်လည်းလှူ

"ယခု မိမိတို့ လှူနေတာဟာ သာမန်အရပ်ထဲက အလှူတွေနဲ့ လုံးဝမတူပါဘူး၊ အလှူရှင်တွေ လှူနေတာက အလှူခံယောဂီပုဂ္ဂိုလ်တွေသည် ငါတို့ လှူဒါန်းတဲ့ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ် ချိုချဉ်ရသာ အဖျော်ယမကာတို့ကို ချမ်းသာစွာ စားသုံးနိုင်၍ မင် ဖိုလ် နိဗ္ဗာန် အရောက် အားထုတ်နိုင်ကြပါစေလို့ ယောဂီ ပုဂ္ဂိုလ်တွေ နိဗ္ဗာန် ရောက်စေချင်တဲ့ စေတနာနဲ့ လှူနေတာပါ"

"ဒီတော့ ဒီ(၁၀)ရက်တရားစခန်း အလှူကို သေသေ ချာချာ စဉ်းစားကြည့်ရင် အဓိက ဘာအလှူလဲ ဆိုရင်

http://www.dhammadownload.com

တရားအလှူ အဓိက ပါ၊ အစားအလှူက အဓိက မဟုတ် ပါ"

"အဲဒီ အစားအလှူက ယောဂီပုဂ္ဂိုလ်တွေ တရား အလှူတွေကို အလှူခံနိုင်ရေးအတွက် လှူတာပါ၊ ရိုးရိုး အရပ်ထဲကအလှူနဲ့ မတူပါဘူး"

"ယောဂီတွေ တစ်နေ့မှာ(၂)ကြိမ် တရားဟောပေး တယ်၊ ယောဂီတွေက (၇)ကြိမ် တရားအားထုတ်တယ် ဆိုတာ တရားအလှူခံပြီး ကျင့်သုံးသောအားဖြင့် စား သောက်နေတာပါ"

ယောဂီပုဂ္ဂိုလ်တွေ တရားတော်ကို ချမ်းချမ်းသာသာ အလှူခံနိုင်၍ ကျင့်သုံးသောအားဖြင့် ချမ်းချမ်းသာသာ စားသုံးနိုင်ပါစေဆိုတဲ့သဘောနဲ့ အစားအသောက်တွေ ကို လှူဒါန်းနေတာပါ၊ အဓိက တရားအလှူပါ"

တရားအလှူဆိုတာ "ဓမ္မဒါန"ပေါ့၊ အမြိုက်နိဗ္ဗာန် ရအောင် လှူတဲ့အလှူမို့ "အမတဒါန"ပေါ့၊ ပစ္စည်းအလှူရဲ့ အကျိုးနဲ့ မတူပါဘူး၊ အကျိုးပေး အလွန်တရာ ကွာခြား ပါတယ်"

တရားအလှူနဲ့ ပစ္စည်းအလှူဟာ ဘယ်လောက် တောင်မှ အကျိုးပေး ကွာခြားသလဲ ဆိုတော့ ယခု ဒီ စကြာဝဠာတိုက်ကြီး တစ်တိုက်လုံးအပြည့် အမြတ်ဆုံး အလှူခံပုဂ္ဂိုလ်တွေ ထည့်ထားပါ။

http://www.dhammadownload.com

"အထက် ဘဝ်ဆိုတဲ့အတိုင်း အထက်ဘဝ်အထိ အောက်ကို လူပြည်၊ စကြာဝဠာရဲ့ အရှေ့အနောက် တောင်မြောက်အဆုံးအထိ အမြတ်ဆုံး ရဟန္တာပုဂ္ဂိုလ် အလှူခံပုဂ္ဂိုလ်တွေ ပင့်ထားပါ၊ အလှူခံတွေ အရေအတွက် ဟာ အသင်္ချေယျအပ္ပမေယျပါ"

"အဲဒီလောက် မြင့်မြတ်တဲ့ ရဟန္တာအလှူခံပုဂ္ဂိုလ် တွေကို အကောင်းစား တိစီဝရိက် သင်္ကန်းတွေလှူ၊ အကောင်းစား ဒံပေါက်ဆွမ်းတွေ ကပ်၊ ကျောင်း တစ်ဆောင် တစ်ဆောင်စီ ဆောက်လုပ်လှူဆိုတော့ အဲဒီအလှူကြီးရဲ့ အကျိုးဟာ ရေတွက်လို့ ရပါမလား၊ ဘယ်ရနိုင်ပါ့မလဲ"

ဘာဖြစ်လို့ မရနိုင်လဲဆိုတော့ အလှူခံပုဂ္ဂိုလ်တွေ ကလည်း ရဟန္တာပုဂ္ဂိုလ် အမြတ်စားတွေ စကြဝဠာ တစ်တိုက်လုံးအပြည့် ဖြစ်တယ်၊ လှူဖွယ်ပစ္စည်းတွေက အကောင်းစား ဆွမ်း ကျောင်း သင်္ကန်းတွေ ဖြစ်တယ်၊ အကျိုးကို ဘယ်လိုလုပ် ရေတွက်နိုင်ပါမလဲ"

"အဲဒီလောက် မရေတွက်နိုင်လောက်အောင် အကျိုးကြီးတဲ့ အလှူပွဲကြီးမှာ တရားဟောသောအားဖြင့် တရားအလှူပေးတာက ဘယ်လောက်များလဲဆိုတော့–

"နိဟိဝမ္မောအဝမ္မောစ–ဥဘောသမပိပါကိနော
အဝမ္မောနိယံနေတိ၊ ဝမ္မောပါပေတိ သုဂ္ဂတိ"

http://www.dhammadownload.com

လို့ အဲဒီလောက်ကလေးပါ၊ တရားအလှူပေးလိုက်တယ်၊ အဲဒီတရားအလှူရဲ့အကျိုးကို ခုနက အလှူကြီးရဲ့ အကုန်မမီပါဘူးတဲ့၊ အကုန်မပြောပါနဲ့၊ တရားအလှူရဲ့ အကြီးအကျယ်အကျိုးပေးကို ၂၅၆ စိတ်စိတ်, တစ်စိတ်တောင်မှ ခုနကအလှူကြီးရဲ့အကျိုးကို မမီနိုင်ပါဘူး"

"ကဲ တရားအလှူဟာ အကျိုးမကြီးဘူးလား၊ ပစ္စည်းအလှူနဲ့ တရားအလှူဟာ အကျိုးပေး မကွာဘူးလား၊ အဲဒီလိုကွာလို့ **သမ္မဒါနံ ဓမ္မဒါနံ ဗိနာတိ**"လို့ ဘုရားရှင်က ဟောတာပေါ့"

တရားအလှူအဓိက

"ယခု ဘုန်းကြီးတို့သပိတ်အိုင်တောရမှာ(၁၀)ရက် စခန်းတရားပွဲဆိုတာဟာ တရားအလှူ အဓိကပါ၊ ကျွေးမွေးတဲ့ အစားအသောက်အလှူတွေက အဲဒီ တရားအလှူကို အလှူခံနိုင်ရေးအတွက်ပါ၊ ဝေယျာဝစ္စလုပ်ကြတဲ့ ပုဂ္ဂိုလ်တွေကလည်း ယောဂီတရား အလှူကို အလှူခံနိုင်ရေးအတွက်ပဲ လုပ်ပေးနေကြတာပါ"

"ဒီတရားအလှူပွဲမှာ ဝေယျာဝစ္စ ပြုလုပ်ရတာကလည်း အရပ်ထဲက အလှူတွေမှာလို ပျော်ပျော်ပါးပါးနဲ့ ပြုလုပ်လို့မရဘူး၊ အရပ်ထဲမှာက အတီး အမှုတ် အက အခုန်နဲ့ ဝေယျာဝစ္စပြုလုပ်ရတာပါ၊ ဒီမှာက စကား တောင် ကျယ်ကျယ်မပြောရပါ"

http://www.dhammadownload.com

"တိုးတိုးပြောရပါတယ်၊ မပြောဘဲနဲ့ လက်ဟန် ခြေဟန်နဲ့ ပြီးသင့်လည်း ပြီးရပါတယ်၊ အဲဒီလိုပြုလုပ်ရတဲ့ ဝေယျာဝစ္စ ကုသိုလ်က အင်မတန်အကျိုးကြီးပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မမေ့လျော့ မပေါ့ဆတဲ့ ကုသိုလ် သတိ ရှိနေလို့ပါ"

"ပြီးတော့ မိမိတို့ ဒီ(၁၀)ရက်စခန်းတရားပွဲကြီးမှာ ဝေယျာဝစ္စ ပြုလုပ်ပေးရတယ် ဆိုတာဟာလည်း ဒိဋ္ဌ တဏှာစွဲနဲ့ ပြုလုပ်ပေးနေရတာမျိုး မဟုတ်ပါ၊ မိဘ မောင်ဘွား ညီအစ်ကို မောင်နှမများကို ပြုလုပ်ပေးနေရ သလို မဟုတ်ပါ"

"ဆွေမျိုးမတော်စပ် မသိမမြင်ဘူးတဲ့ ယောဂီ ပုဂ္ဂိုလ်တွေ တရားအားထုတ်နိုင်သဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရကြပါစေဆိုတဲ့ တကယ့်စေတနာ မေတ္တာ သဒ္ဓါတရားနဲ့ ပြုလုပ်နေရတဲ့အတွက် ဝေယျာဝစ္စ အကျိုးဟာလည်း အင်မတန်ကြီးလှပါတယ်"

"ဒီတော့ (၁၀)ရက်စခန်း တရားပွဲကြီးကို ပြန် ကြည့်ရင် အဓိက တရားအလှူပဲ လှူတယ်၊ အဲဒီတရား အလှူခံတဲ့ ယောဂီတွေအား ပစ္စည်းအလှူလည်း ပေးလှူ တယ်၊ ဝေယျာဝစ္စကုသိုလ်လည်း ပြုတယ်ဆိုတော့ တရား အလှူဘက်ကရော၊ ပစ္စည်းအလှူဘက်ကရော၊ ဝေယျာ ဝစ္စ ကုသိုလ်ဘက်ကပါ ဆိုတော့ အကျိုးတွေဟာ ကြီးလွန်းလို့ ရေတွက်လို့တောင် မရနိုင်ပါ"

http://www.dhammadownload.com

"ဘုန်းကြီးတို့(၁၀)ရက်စခန်းပွဲဟာ ညအနေနဲ့ပြောရင် (၁၁)ည၊ရက်အနေနဲ့ပြောရင်(၁၀)ရက်ပါ၊ ဒီတော့(၁၁)ည၊ (၁၀)ရက် တရားအလှူပွဲကြီး၊ ပစ္စည်းအလှူပွဲကြီးပါ"

"ဒီလို တရားအလှူပေးပွဲနဲ့ ဟောရတဲ့တရားနဲ့၊ အရပ်ထဲမှာ အလှူပွဲတွေ ဟောရတဲ့တရားနဲ့လည်း တရားချင်း မတူပါဘူး၊ အဲဒီလို မတူမှန်းက အခုလို တရားအားထုတ်ရင်း အခုလို နာကြည့်မှ သိပါတယ်"

"သာမန် အရပ်ထဲက ပုဂ္ဂိုလ်တွေကျတော့ ယခုလို တရားမျိုးတွေ ဘယ်ကလာပြီး ကြားဖူးမှာလဲ၊ ဘာဖြစ်လို့ မကြားဖူးလဲ ဆိုတော့ အရပ်ထဲက အလှူအတန်းတွေမှာ ဟောတဲ့ တရားက တစ်မျိုးပဲ၊ အလှူနဲ့ ဆိုင်ရာ သက် သက်ပဲ ဟောရတာ"

"ဘုန်းကြီးတို့ကိုယ်တိုင်လည်း အရပ်ထဲက သာမန် ရိုးရိုး ရဟန်းခံရှင်ပြု မင်္ဂလာဆောင် စသည်ဖြင့် တရားပွဲ တွေမှာ ဟောခဲ့ဖူးပါတယ်၊ ယခု ဒီ(၁၀)ရက်စခန်း အလှူ ပွဲမှာဟောတဲ့တရားမျိုးတွေ မဟုတ်ပါဘူး"

"တကယ် မင်္ဂလောက်ဖိုလ်ဝင် နိဗ္ဗာန်အရောက် ပို့တာကလည်း ယခုလို နက်နက်နဲနဲ သိမ်မွေ့တဲ့ သစ္စာ တရား ဒေသနာတွေကို နာကြားအားထုတ်နိုင်ပါမှ နိဗ္ဗာန် ရောက်မှာပါ"

"အရပ်ထဲက သာရေး နာရေး ဟောတဲ့ တရားက အလှူ ဒကာ အလှူဒကာမတွေ ဝမ်းသာအောင် ဟော

http://www.dhammadownload.com

ရတဲ့ တရားတွေပါ၊ နောက်ပိုင်းမှာ သစ္စာဆိုက်အောင် ဟောချိန်မရတော့ပါဘူး၊ အဲဒီတော့ အဲဒီတရားတွေ ကြောင့် ယခုလို သံဝေဂဉာဏ်တွေ ဖြစ်ခဲ့ပါတယ်"

"ဒါကြောင့် မိမိတို့ ယခုလို(၁၀)ရက်စခန်းပွဲကြီးမှာ (၁၀) ရက်တိုင်တိုင် ဓမ္မဒါနတရားအလှူကြီးကို လှူခဲ့ ရပါလား၊ အမတဒါန အမြိုက်နိဗ္ဗာန်အလှူကြီးကို လှူခဲ့ရ ပါလားလို့ ဝမ်းသာရပါတယ်"

"တရားအလှူခံတဲ့ ယောဂီတွေ တရားတော်ကို ချမ်းချမ်းသာသာနဲ့ နာကြားအားထုတ်သောအားဖြင့် အလှူခံနိုင်ပြီး မိမိတို့မှာရှိတဲ့ ကိလေသာညစ်ကြေး အပြစ် ဘေးတွေကို ကင်းစင်ပြီး မိမိတို့ လိုချင်တောင့်တတဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ကြပါစေလို့ ရည်မှန်းပြီး လှူဒါန်း ရတဲ့အတွက် ငါတို့အလှူသည် အကျိုးကြီးပါ ပေစွလို့ ဝမ်းသာရမယ်"

မေ့မရတဲ့ကုသိုလ်

"ဒီကုသိုလ်မျိုးဟာ မေ့မရတဲ့ ကုသိုလ်မျိုးပေါ့၊ အထူးသဖြင့် ဒီသပိတ်အိုင်တောရ (၁၀)ရက်စခန်း အလှူပွဲဟာ ဘယ်လိုမှမေ့လို့မရနိုင်ပါဘူး၊ လှူဖွယ်ပစ္စည်း တွေကို ဒီတောထဲကို အရောက်သယ်ပိုးရတာ ခက်ခက် ခဲခဲပါပဲ၊ အိပ်ရနေရတာလည်းဆင်းဆင်းရဲရဲပါပဲ၊ မြို့မှာလို ဘာပကာသနမှ မပါပါဘူး"

http://www.dhammadownload.com

"ယောဂီတွေ ထမင်းစားတာများ ဓာတ်ပုံရိုက်ထားဖို့တောင် ကောင်းပါတယ်၊ သစ်ပင်အောက်မှာ ကောက်ရိုးခင်းပြီး စားသောက်နေကြတာဟာ ရှေးခေတ်က တောရဆောက်တည်ကြသည့် တောနေပုဂ္ဂိုလ်များပမာ ပါပဲ၊ ပကာသနဆိုတာ လုံးဝမပါပါ၊ သဘာဝအတိုင်းပါပဲ"

"ဟိုတစ်နေ့က မိုးတွေရွာတော့ ယောဂီတွေက ကိုယ့်အိပ်ရာနှင့် ကိုယ်မို့ စောသေးတယ်ဆိုပြီး ကွေးနေနိုင်ပေမယ့် ဝေယျာဝစ္စလုပ်တဲ့ လူတွေမှာတော့ သစ်ပင်အောက်မှာ အိပ်ရတော့ ကွေးမနေနိုင်ကြဘူး"

"မိုးရွာတော့ လူးလဲထပြီး ချက်ပြုတ်တဲ့အိုးတွေ ဖုံးရဖိရ၊ ဆန်တွေ ဟင်းချက်စရာတွေ၊ အိပ်ရာတွေကို သယ်ပိုးရပြီးတော့ မိုးစဲသွားတော့ ပြန်ပြီး မီးမွှေးရ ထင်းပေါက်ရနဲ့ အတော်ကိုပဲ ဒုက္ခရောက်ကြရပါတယ်"

"အဲ ဒါပေမယ့် ယောဂီတွေမှာ အချိန်မီပဲ စားသုံးရပါတယ်၊ သူတို့စိတ်မညစ်ကြပါဘူး၊ စိတ်ကြည်ကြည်လင်လင်နဲ့ပဲ ကြိုးစားလုပ်ကြတယ်၊ အဲဒီလို ခက်ခက်ခဲခဲလုပ်ကိုင်လှုဒါန်း ထားရတော့ ဘယ်မေ့နိုင်မလဲ၊ ဝမ်းသာမဆုံး တပြုံးပြုံးပေါ့နော်"

ကိလေသာ(၃)ပါး

ပြုံးလည်းပြုံးစရာပါ၊ မိမိတို့ ယခုလို တောထဲမှာ လာပြီးတော့ တရားအားထုတ်နေကြတဲ့ သောတာပန်

http://www.dhammadownload.com

လောင်းလျာတွေကို လှူနေရ၊ ဝေယျာဝစ္စ လုပ်နေကြရတာပါ၊ အဲဒီပုဂ္ဂိုလ်တွေ လှူနေရတာ ဘာဖြစ်လို့ အကျိုးကြီးလဲ ဆိုတော့. ဆိုကြည့်ပါ"

"လွန်ကြူးထကြွ ငုပ်ကိန်းကြ သုံးဝကိလေသာ"

သတ္တဝါတွေကို ပူပန်စေတတ်၊ နှိပ်စက်တတ်တဲ့ ကိလေသာတွေကို လွန်ကြူးတဲ့ ဝိတိက္ကမကိလေသာ၊ ထကြွတဲ့ ပရိယုဋ္ဌာနကိလေသာ၊ ငုပ်ကိန်းနေတဲ့ အနုသယ ကိလေသာ...ရယ်လို့ (၃)မျိုးရှိပါတယ်"

လက်နက်(၃)ပါး

"အဲဒီကိလေသာ(၃)မျိုးကိုနှိုင်အောင် သေအောင် သတ်နိုင်တဲ့ လက်နက်ကလည်း (၃)မျိုးရှိပါတယ်၊ အဲဒီ လက်နက်(၃)မျိုးနဲ့ ကိလေသာ(၃)မျိုးကို သတ်နိုင်ပါတယ်၊ ဆိုကြည့်ပါ၊ အဲဒီ ကိလေသာ(၃)မျိုးကို"

"သီလ၊ သမာဓိ၊ ပညာ၊ သတ်ရာစဉ်တိုင်းသာ"

"ကိလေသာ(၃)မျိုးကို လက်နက်(၃)မျိုးနဲ့ အစဉ်အတိုင်း သတ်နိုင်ပါတယ်၊ သတ်ရပါမယ်၊ ဘယ်လို အစဉ်အတိုင်း သတ်ရမလဲဆိုတော့...

၁။ လွန်ကြူးတဲ့ "ဝိတက္ကမကိလေသာ"ကို သီလ လက်နက်နဲ့ သတ်ရပါမယ်၊

၂။ ထကြွတဲ့ "ပရိယုဋ္ဌာနကိလေသာ"ကို သမာဓိ လက်နက်နဲ့ သတ်ရပါတယ်၊

http://www.dhammadownload.com

၃။ ငုပ်ကိန်းနေတဲ့ "အနုသယကိလေသာ"ကို ပညာလက်နက်နဲ့ သတ်ရပါမယ်။

"ယခုကျင့်ကြံအားထုတ်နေတဲ့ ယောဂီတွေမှာ သရဏာဂုံ (၃)ပါးနဲ့တကွ ရှစ်ပါးသီလတည်း ဟူသော လက်နက်ကို ကိုင်ဆောင်ကာ လွန်ကြူးတဲ့ "ဝိတက္ကမကိလေသာ"ကို သတ်ဖြတ်တိုက်ခိုက်နေပါတယ်"

အသက်ရှူတဲ့အခါ တိုးဝင် တိုးထွက်နေတဲ့ ဝါယောလေဓာတ် ရုပ် ပရမတ်ရဲ့ တိုးသဘောကို တိုးတိုင်း တိုးတိုင်း "ရုပ် ရုပ်"လို့ ရွှတ်နေကြတဲ့ ယောဂီတွေမှာ သမာဓိ၊ ပညာဆိုတဲ့ လက်နက်(၂)မျိုးကို ကိုင်ထားပါတယ်"

"ရုပ်"လို့ တစ်ချက်ရွှလိုက်ရင် သမာဓိလက်နက်နဲ့ ထကြွဘဲ့ ပရိယုဋ္ဌာနကိလေသာကို သတ်ဖြတ်နေပါတယ်၊ ပညာလက်နက်နဲ့ ငုပ်ကိန်းနေတဲ့ အနုသယကိလေသာကို သတ်ဖြတ်နေပါတယ်"

စနစ်တကျတိုက်ခိုက်နေ

"ယောဂီတွေဟာ သပိတ်အိုင်တောရထဲမှာ လာပြီးတော့ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ လက်နက်(၃)မျိုးကို ကိုင်ဆောင်ကာ ကိလေသာရန်သူတွေကို စနစ်တကျ တိုက်ခိုက်သတ်ဖြတ်နေကြပါတယ်၊ ဘယ်လိုတိုက်ခိုက်သတ်ဖြတ်နေကြသလဲဆိုတော့–

http://www.dhammadownload.com

"တောင်ချောက်မြို့ကြား သမင်များကို သစ်ကျားပုန်းအောင်း အရချောင်းလို့ တောင်စောင်းရိပ်မြှောင် သင်ခန်းချောင်ဝယ် တိမ်းရှောင်တကိုယ် တောတောဆို၍ မဂ်ဖိုလ်မနှောင်း အရချောင်းမှ အပေါင်းဒုက္ခ ကင်းလွတ်ရဟု ဗုဒ္ဓရွှေနှုတ် ကြာကမုဒ်မှ လှစ်ထုတ် မြွက်ကြား မိန့်တော်ထားသည့်၊ နင်ကား နင့်တွက် ကျင့်တော့တည်း..."

ဆိုတဲ့အတိုင်း တိုက်ခိုက်သတ်ဖြတ်နေကြတယ်၊ တောထဲမှာနေကြတဲ့ သစ်တွေ၊ ကျားတွေဟာ သမင် ဒရယ်စတဲ့ သားကောင် တွေကို သတ်ဖြတ်ဖမ်းစားတဲ့ အခါမှာ သစ်တစ်ပင်ရင်း ဝါးတစ်ပင် အောက်ကနေ ချောင်းပြီး သမင်၊ ဒရယ် စတဲ့ သားကောင်တွေကို သတ်ဖြတ်ဖမ်းစားနေကြပါတယ်"

အဲဒီ ဥပမာတူပါပဲ၊ ယောဂီတွေမှာလည်း သီလ၊ သမာဓိ၊ ပညာတည်းဟူသော လက်နက်(၃)မျိုးကို စနစ်တကျကိုင်ကာ သပိတ်အိုင်တောရထဲမှာလာပြီး သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်မှာနေပြီး ပုန်းအောင်းပြီး ကိလေသာရန်သူတွေကို တိုက်ခိုက်သတ်ဖြတ်နေပါတယ်"

"တစ်ချို့ ယောဂီတွေဆို ရုက္ခမူဓုတင်ပါ ဆောက်တည်ပြီး သစ်တစ်ပင်ရင်းမှာ တရားအားထုတ်နေတာ ဓာတ်ပုံရိုက်ထားဖို့တောင် ကောင်းပါတယ်၊ သဘာဝ

http://www.dhammadownload.com

အတိုင်း မဖန်တီးဘဲနဲ့ အဆင်သင့် ဖြစ်နေတာ သိပ် ကောင်းပါတယ်"

ချောင်းဖမ်း စောင့်ဖမ်း

"ယောဂီတွေ ယခုတရားအားထုတ်နေတာလည်း ချောင်းဖမ်း စောင့်ဖမ်းနေတာပဲ၊ မိမိနှာခေါင်းထဲသို့ အသက်ရှူတဲ့အခါ လေက တိုးဝင်၊ တိုးထွက်သွားတယ်၊ အဲဒီအခါ သတိ၊ ပညာ၊ ဝီရိယ ဆိုတဲ့ ကျားကို တိုးဝင် တိုးထွက်တဲ့နေရာဆိုတဲ့ သစ်တစ်ပင်ရင်းက အစောင့် ထားပြီး တိုးဝင် တိုးထွက်နေတဲ့ တိုးသဘော ရုပ်ဆိုတဲ့ သမင်၊ ဒရယ်ကို "တိုးတိုင်း တိုးတိုင်း" ရုပ် ရုပ် လို့ ရွှေသောအားဖြင့် အလိုက်သင့် စောင့်ဖမ်းရပါမယ်၊ ချောင်း ဖမ်းရပါမယ်။"

နေရာမှန် လူမှန်

"ယခုခေတ်မှာ ခေတ်စားနေတဲ့ နေရာမှန် လူမှန် ဆိုတဲ့စကားဟာ ယခု ယောဂီတွေရောက်နေတဲ့နေရာနဲ့ ယောဂီတွေနဲ့ သိပ်မှန်ပါတယ်၊ ဘုန်းကြီး (၁၀)ရက်စခန်း တရားပွဲတွေ တရားဟော၊ တရားပြပေးရတာ ဒီ သပိတ် အိုင်တောရမှာ သိပ်ပြီးတော့ ဟောအားကောင်းပါတယ်"

"ဘာဖြစ်လို့လဲ ဆိုတော့ ဒီသတိပဋ္ဌာန်တရားကို အားထုတ်ဖို့ရာ ဘုရားရှင်က အကောင်းဆုံးနေရာအဖြစ် ညွှန်ကြားတော်မူခဲ့တဲ့နေရာဟာ–

http://www.dhammadownload.com

၁။ တောသို့ ကပ်၍သော် လည်းကောင်း၊
၂။ သစ်တစ်ပင်ရင်းသို့ ကပ်၍သော်
လည်းကောင်း၊
၃။ ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်၍သော်
လည်းကောင်း

လို့ အကောင်းဆုံး နေရာအဖြစ် သုံးနေရာ ညွှန်ပြ တော်မူခဲ့ပါတယ်၊ အဲဒီ(၃)နေရာမှာ ယခု ယောဂီတို့ အားထုတ်နေတဲ့နေရာဟာ ဘုရားရှင်အကြိုက်ဆုံး တော ဖြစ်နေလို့ ဘုန်းကြီးတို့လည်း ဟောအားကောင်းပါတယ်"

"တောရောက်တယ်ဆိုကတည်းက သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်လည်းဖြစ်ပြီး ဆိတ်ငြိမ်ရာလည်းဖြစ်ပြီး ဘုရားရှင်ညွှန်ပြတဲ့ သတိပဋ္ဌာန်တရား အားထုတ်ဖို့ အကောင်းဆုံးနေရာသို့ ရောက်ပြီး ကောက်ရိုးခင်းကာ တကယ်အားထုတ်နေတဲ့အတွက် ဘုန်းကြီးတို့ ဟောအား ကောင်းပါတယ်"

"မြို့တွေ ရွာတွေမှာတော့ ဆိတ်ငြိမ်ရာအရပ်တောင် မှ မဖြစ်ချင်တော့ အသာလေး ခပ်လျှိုလျှိုပဲ ဟောပေးရ တယ်၊ တကယ်ဆိတ်ငြိမ်သလား ဆိုတော့ မငြိမ်ဘူး၊ ဒါပေမယ့် ဆိတ်ငြိမ်ရာအရပ်သဘောမျိုးပဲ ဟောပေးနေ ရတာပဲ၊ အားထုတ်တဲ့ ယောဂီတွေကလည်း သစ်ပင် ရင်းသို့ တောသို့မသွားနိုင်တော့ ဒီလို ဆူညံတဲ့နေရာ ကိုပဲ အကောင်းစားထားပြီး အားထုတ်နေရတာပဲ၊

http://www.dhammadownload.com

တကယ်တော့ကွာခြားပါတယ်၊ ယှဉ်ပြီးတော့ အားထုတ်ကြည့်မှ ကွာမှန်း သိပါတယ်"

"သပိတ်အိုင်တောရဆိုတဲ့ အင်မတန် အဆင်ပြေတဲ့နေရာမှာ ငါတို့အားထုတ်နေရတာ၊ ငါတို့သဏ္ဌာန်မှာရှိနေတဲ့ကိလေသာတွေ အညစ်အကြေးတွေ ကင်းဝေးစေရန် တိုက်ခိုက်၊ သတ်ဖြတ် ဆေးကြောနေရတယ် ဆိုပြီး ဝမ်းသာ၏။

အလှူဒကာ၊ အလှူဒကာမတွေ ဝေယျာဝစ္စ ပြုလုပ်တဲ့သူတွေကလည်း ဒီလို မွန်မြတ်တဲ့စိတ်ထားရှိ၊ သီလ၊ သမာဓိ၊ ပညာရှိတဲ့ ယောဂီသူတော်စင်တွေ လှူရတဲ့အကျိုး၊ ဝေယျာဝစ္စပြုလုပ်ပေးရတဲ့အကျိုးဟာ တယ်ကြီးပါလား၊ သောတာပန်လောင်း တစ်ယောက်ကို လှူရတဲ့အကျိုးဟာ ရေတွက်လို့ မရဘူးဆိုတော့ ယခု ဒီမှာ သောတာပန်လောင်းတွေ အများကြီး ဘယ်လိုလုပ် ရေတွက် မလဲ"

နိုင်းစရာမရှိ

ယခုအလှူခံ တစ်ကျိပ်လေးမှာ ဘယ်နှစ်ယောက် ရှိသွားပြီလဲဆိုတော့ (၅)ယောက်ရှိသွားပြီးနောက် (၉) ယောက်တောင် ရှိသေးတယ်၊ ကဲ ဆိုကြည့်ပါဦး။

"သောတာပန်မှာ နောက်ကိုးဝ မရနိုင်းစရာ"

http://www.dhammadownload.com

သောတာပန်လောင်း တစ်ယောက်ကို လှူလိုက်ရတာက အကျိုးအသင့်ချေဆိုတော့ သောတာပန်ကိုလှူတဲ့အကျိုးကို ဘယ်လိုလုပ်ရေတွက်မလဲ၊ ရေတွက်လို့ မရနိုင်ပါဘူး၊ သောတာပန် ပုဂ္ဂိုလ်လှူတဲ့အကျိုးကို ရေတွက်မရ နိုင်းစရာမရှိဆိုတော့ သကဒါဂါမိပုဂ္ဂိုလ်အလောင်းအား လှူရတဲ့အကျိုးကို ရေတွက်စမ်းပါ၊ မရေတွက်နိုင်ပါဘူး၊ ကဲ သကဒါဂါမိ ပုဂ္ဂိုလ်အစစ်အား လှူရတဲ့အကျိုးကို ရေပါ ရမလားဆိုတော့ မရနိုင်ပါ"

"ကဲ... ရှေ့ဆက်ပြီး အနာဂါမ်ပုဂ္ဂိုလ်လောင်း၊ အနာဂါမ်ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်လောင်း၊ ရဟန္တာပုဂ္ဂိုလ်၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်၊ နောက်ဘုရားရှင်ကိုယ်တော်မြတ်အား ပေးလှူပါ၊ အားလုံးဘယ်နှစ်ယောက်ရှိသွားပြီးလဲဆိုတော့ သောတာပန်မှ ဘုရားအထိ(၉)ယောက်။

"အဲဒီ အလှူခံပုဂ္ဂိုလ်တွေ လှူရတဲ့ အကျိုးကို ဘယ်လိုမှ ရေတွက်လို့ မရပါဘူး၊ ဒီတော့ မိမိတို့(၁၀)ရက်စခန်း အလှူပွဲမှာ သောတာပန် အစစ်တွေ၊ သကဒါဂါမိ၊ အနာဂါမ် ရဟန္တာတွေ မပါပါဘူး၊ ထားပါ၊ ဘုရားရှင် မပါဘူးလား"

"ပါပါတယ် ဘုရား"

"နေ့စဉ် သောတာပန်လောင်းလျာတွေမလှူခင် ဘုရားရှင်ကိုလည်း ဆွမ်းတော်ထင်တယ်၊ ဆွမ်းတော်ကပ်တယ်၊ အဲဒီဘက်ကလည်း ရတယ်၊ ဒီတော့ ဒီ

http://www.dhammadownload.com

(၁၀)ရက်စခန်းအလှူပွဲကြီးရဲ့အကျိုးတွေကို ဘယ်လိုလုပ် ရေတွက်လို့ရမှာလဲ၊ ရေတွက်မရ များပြားစွာ အကျိုး ကြီးတဲ့ကုသိုလ် အစုအပုံအလှူကြီးလို့ပဲ ဆိုနိုင်တယ်၊ အင်မတန်စင်ကြယ်တဲ့ အလှူကြီးပါ။ ဒါကြောင့် ငါတို့ စခန်းပွဲကြီးမှာ–

၁။ အလှူခံပုဂ္ဂိုလ်ကလည်း စင်ကြယ်တယ်။

၂။ အလှူပေးတဲ့ ပုဂ္ဂိုလ်ကလည်း စင်ကြယ်တယ်။

၃။ လှူဖွယ်ပစ္စည်းတွေကလည်း စင်ကြယ်တယ်။

၄။ စေတနာ သုံးတန်ကလည်း ထက်သန်တယ်။

၅။ ကံ–ကံ၏ အကျိုးကိုလည်း ယုံကြည်တယ်။

ဆိုတဲ့ အလှူအကျိုးကြီးကြောင်း အင်္ဂါ(၅)ပါးလုံးနှင့် ပြည့်စုံတယ်။ အင်မတန် အကျိုးကြီးတယ်။ နှိုင်းစရာမရှိ အကျိုးကြီးတယ်လို့တွေးပြီး ဝမ်းသာပါတယ်။

လှူရခဲတဲ့အလှူ

ပစ္စည်းအာမိသအနေနဲ့ အဲဒီလို အကျိုးကြီးကြီး လှူဒါန်းခဲ့ရသလို ကမ္ဘာတွေ အသင်္ချေ ရေတွက်မရ ကြာခါမှ တစ်ခါတောင်မှ မလှူရတဲ့ လှူရခဲတဲ့တရား အလှူဓမ္မဒါနလည်း တို့လှူခဲ့ရပြီလို့ ဝမ်းသာပါ"

"ဘာပဲပြောပြော ပစ္စည်းအလှူဆိုတဲ့ ဆွမ်း၊ ခဲဖွယ်၊ အဖျော် ယမကာ စတဲ့ အလှူမျိုးကတော့ ဘဝတိုင်း

http://www.dhammadownload.com

ကမ္ဘာတိုင်း လှူခဲ့ရပါတယ်၊ ပဂ္ဂိုလ် အယုတ်၊ အလတ်၊ အမြတ်သာကွာပါတယ်၊ ဒီဘဝမှာလည်း ပစ္စည်း အလှူတွေ လှူခဲ့ဖူးပါပြီ၊ တစ်ကြိမ်မက အကြိမ်ကြိမ်ပါ။

"ဒီလို(၁၀)ရက်စခန်း တရားအလှူဆိုတာကတော့ အင်မတန် လှူရခဲပါတယ်၊ တရားအလှူပွဲကို အကြောင်းပြုပြီး ပစ္စည်းအလှူပါ လှူရတာဆိုတော့ ပစ္စည်းအလှူရော တရားအလှူပါ နှစ်မျိုးစလုံးရဲ့အကျိုးကို ဘယ်လိုမှ မရေတွက်နိုင်တော့ပါ၊ တစ်မျိုးရဲ့ အကျိုးတောင်မှ မရေတွက်နိုင်တာ နှစ်မျိုးလုံးရဲ့အကျိုးကို ဘယ်လို လုပ်ပြီး ရေတွက်နိုင်ပါမလဲ"

"နိဗ္ဗာန်ကို တိုက်ရိုက်ရအောင် လှူတဲ့အလှူက တရားအလှူပါ၊ ရိုးရိုးပစ္စည်းလှူလို့ တိုက်ရိုက်နိဗ္ဗာန် မရောက်နိုင်ပါ၊ အထောက်အပံ့အနေနဲ့ပဲ ရောက်ပါတယ်၊ ပြီးတော့ ပစ္စည်းအလှူကို အလှူမခံတတ်ရင် အဲဒီပဂ္ဂိုလ်ဟာ ပစ္စည်းစွဲပြီးသေလို့ အပြာယ်တောင် ကျနိုင်ပါသေးတယ်"

"ဟုတ်တယ်လေ၊ ဒီပစ္စည်းကို အလှူခံထားတော့ ဒီပစ္စည်းကို အကြောင်းပြုပြီး စွဲလမ်းသေရင် တိရစ္ဆာန်၊ ပြိတ္တာ စသည် ဖြစ်နိုင်တယ်။ ဒီဘက်ဘဝမှာလည်း ဒီပစ္စည်းကို အကြောင်းပြုပြီး လူဆိုး၊ သူခိုးတွေက တိုက်မယ်၊ ခိုက်မယ်၊ သတ်မယ် စသည်ဖြင့် ဘေးရန် အန္တရာယ် များပါတယ်"

http://www.dhammadownload.com

တရားလှူမှ ကြီးမြတ်လှ

"အေး... တရားအလှူဟာ ကြီးမြတ်ပါတယ်။ အဲဒီတရားအလှူကို ဘယ်သူက ခိုးဝှက်လို့ ရဦးမလဲ၊ မရနိုင်ဘူး၊ ခိုးဝှက်လို့ မရတဲ့အပြင် တရားအလှူကြောင့် လူဆိုးကလူကောင်းဖြစ်သွားမယ်၊ လူကောင်းက ကောင်းသထက်ကောင်းပြီး မဂ်ဖိုလ်နိဗ္ဗာန် ရသွားမယ်"

"ဘုန်းကြီးတို့ သာသနာတော်မှာ ထင်ရှားတဲ့ သုသိမထေရ် ဆိုတာ ရဟန္တာတစ်ပါး ရှိပါတယ်၊ လူ့ဘဝတုန်းက သုသိမပရိဗိုဇ်ပေါ့၊ တိတ္ထိဂိုဏ်းသားတွေက သာသနာဝင်ပြီး တရားခိုးခိုင်းလို့ တရားခိုးရာမှ ရဟန္တာဖြစ်သွားတယ်၊ ကဲ ဒီတော့ တရားတော်ဟာ ယခုလို စေတနာမှန်မှန်နဲ့ အလှူခံတာ မပြောနဲ့ ခိုးယူတာတောင် ကျေးဇူးမများဘူးလား"

"များပါတယ် ဘုရား"

"အေး... လူတစ်ယောက် ဘဝအကြောင်းပြောင်းပေး လိုက်တဲ့ အလှူဟာ တရားအလှူပဲ၊ ပစ္စည်းလှူလိုက်လို့ အလှူခံ ပုဂ္ဂိုလ်မှာ ဘဝလမ်းကြောင်း မပြောင်းသွားဘူး၊ နိဗ္ဗာန်လည်း ရောက်မသွားဘူး၊ ခုနက ပြောခဲ့သလို အလှူမခံတတ်ရင် မျက်မှောက်ဘဝမှာတောင် ဘေးရန် အန္တရာယ်တွေ ဖြစ်ပြီး တမလွန်ဘဝမှာ အပွာယ်ကျနိုင်သေးတယ်"

http://www.dhammadownload.com

"ဒါကြောင့် ပစ္စည်းအလှူထက် တရားအလှူဟာ အကျိုးကြီးတာပါ၊ အဲဒီလို အကျိုးကြီးတဲ့ အလှူကြီးကို ငါတို့လှူရပါလားလို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရမယ်။ ဒီ တရားအလှူမျိုး မိမိတို့ တစ်သက်မှာ တစ်ခါပဲ လှူရဦး တော့ အဲဒီ အလှူနဲ့ပဲ မိမိတို့မှာ လုံလောက်ပါတယ်။ အားကိုးရင် အဲဒီလို တရားအလှူမျိုး အားကိုးပါ"

အားကိုးလောက်တဲ့ အလှူကြီး

"ဒီတရားအလှူဟာ အားကိုးလောက်တဲ့ အလှူကြီး ပါ၊ ဘဝအနေနဲ့ကြည့်ရင် မိမိတို့ ၁၀ ရက်စခန်းမှာ အလှူကြီး ၁၀ လှူကို ၁၀ ရက်တိတိ ဆက်လှူလိုက်တာပဲ၊ လူတစ်ယောက်အနေနဲ့ကြည့်ရင် ဘဝတစ်သက်တာမှာ ၁၀ ရက် ဆက်တိုက် ၁၀ လှူဆက်ဖြစ်တဲ့လူဟာ အင် မတန် ရှားပါတယ်။

"တချို့မှာ သားလေးရှင်ပြုတယ်၊ သမီးလေးနားသ တယ်လောက်နဲ့ပဲ ပြီးသွားပါတယ်၊ နောက်လှူခဲပါတယ်၊ အဲဒီအလှူဖိတ်လို့ လာတဲ့လူတွေကလည်း မကင်းရာ မကင်းကြောင်း၊ မကောင်းတတ်လို့ ဖိတ်လိုက်သဖြင့် မကောင်းတတ်လို့လာတဲ့လူတွေချည်းပဲ မဟုတ်ပါလား"

"ဟုတ်ပါတယ် ဘုရား"

"ယခု ၁၀ ရက်စခန်း တရားပွဲကြီးမှာ ၁၀ ရက် တိုင်တိုင် လှူရတဲ့အလှူကြီးက တကယ့် သီလ၊ သမာဓိ၊

http://www.dhammadownload.com

ပညာ သိက္ခာ ၃ပါး အကျင့်တရားနှင့် ပြည့်စုံတဲ့အလှူခံ ပုဂ္ဂိုလ်တွေမှာ တရားအလှူကော၊ပစ္စည်းအလှူပါလှူလိုက် ရတယ်ဆိုတော့ အားကိုးလောက်တဲ့ အလှူကြီးပါ"

"ဒီအလှူပွဲကြီးမှာ ပစ္စည်းအလှူဒါနလည်း ဖြစ်တယ်၊ သမာဓိ ပညာ တိုးပွားရေးလည်း ဖြစ်တယ်ဆိုတော့ အချုပ်အားဖြင့် ကုသိုလ် ၄ မျိုးလုံး အကုန်ပါသွား ပါတယ်။ ကုသိုလ် ၄ မျိုးဆိုတာ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ကုသိုလ်တွေပေါ့"

ဘဝချုပ်ငြိမ်းရေး

"သာမန်ရိုးရိုးအလှူတွေမှာ အဲဒီ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ၄ မျိုးစုံဖို့ မလွယ်ပါဘူး။ မစုံတဲ့ အပြင် အကျိုးယုတ်တဲ့ဘက်က အကျိုးကိုနုတ်တဲ့ဘက် အများကြီးပါတတ်ပါတယ်။ ဒီမှာက ကုသိုလ်စုံနေတယ် ဆိုတော့ အကျိုးလည်း စုံပါတယ်။

"ဒီမှာ မေးစရာတစ်ခုရှိပါတယ်၊ တပည့်တော်တို့ လိုချင်တာက ဘဝချုပ်ငြိမ်းရေးပါ၊ အရှင်ဘုရားဟော တာက ဘဝတွေ အဆက်-အသွယ်ရှာ ဟောနေတယ်၊ တပည့်တော်တို့ နိဗ္ဗာန်ရည်မှန်းပြီး လှူဒါန်းနေပါတယ်၊ သီလဆောက်တည်နေပါတယ်၊ သမာဓိ ဘာဝနာ၊ ပညာ ဘာဝနာတရားတွေ ပွားများနေပါတယ်၊ ဘယ့်နယ် လုပ်မလဲလို့ မေးစရာရှိပါတယ်"

http://www.dhammadownload.com

"တပည့်တော်တို့ လိုချင်တာက တစ်မျိုး၊ ရမယ့် အကျိုးပေးကတစ်ဖုံဆိုတော့ သံသရာရှည်နေဦးမှာလား လို့ မေးစရာရှိပါတယ်။ မရှည်ပါဘူး၊ ဘာဖြစ်လို့မရှည်လဲ ဆိုတော့ လူဒါန်းစဉ်က မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်မှန်းပြီး လူဒါန်းထားတော့ ဒီအလှူရဲ့အကျိုးတွေက အသေချုံပေး မယ်လို့ဆိုပေမယ့် အသချေးအကျိုးပေးပြီးမှ မိမိလိုချင်တဲ့ နိဗ္ဗာန်အကျိုးပေးမှာမဟုတ်ပါဘူး"

"ဥပမာဆိုပါတော့ ဘဝတစ်ခုကနေပြီး အသချေး အကျိုးပေးနိုင်တဲ့ ကုသိုလ်ကြီးကို ပြုလိုက်ပြီ၊ ဒီဘဝက စုတ်ပြတ်ကြွေ သေလွန်တော့ အသချေးဘဝထဲမှာ တစ်နံပါတ်ဘဝသို့ ရောက်သွားပြီး၊ အကျိုးတွေပေးပြီး၊ ဌေးတယ်၊ ကြွယ်တယ်၊ လှတယ်၊ ပတယ်၊ ပညာတတ် တယ်၊ ရာထူးကြီးတယ် စသည်ဖြင့် ဘဝထဲမှာ လိုလေ သေးမရှိ အကုန်ပြည့်စုံနေတယ်၊ ဘာမှလိုတာမရှိဘူး"

"အဲဒီလို အကျိုးပေးနေတော့ သူဟာ အဲဒီ စည်းစိမ်တွေ ခံစားပြီး ကုသိုလ်တရားတွေ မွေ့နေမှာလား ဆိုတော့ မခံစားပါဘူး၊ မမွေ့ပါဘူး၊ ဘာဖြစ်လို့မခံစားလဲ မမွေ့လဲဆိုတော့ သူကုသိုလ်ပြုစဉ်က ခံစား စံစားချင်လို့ ပြုတာမှ မဟုတ်တာ၊ နိဗ္ဗာန်လိုချင်လို့ ပြုတာပဲဟာ"

"အဲဒီလို နိဗ္ဗာန်လိုချင်လို့ ကုသိုလ်ပြုတာ ဖြစ် တော့ အဲဒီ ကုသိုလ်က အကျိုးပေးတဲ့အခါမှာ နိဗ္ဗာန်

http://www.dhammadownload.com

ရောက်အောင် အားထုတ်ချင်တဲ့ ကုသိုလ်တွေပေါ်လာပြီး ဘယ်လောက်ပဲ သူမှာ ရာထူး ကြီးကြီး၊ ပစ္စည်းရှိရှိ၊ ပညာတတ်တတ် မေ့လျော့ပေါ့ဆမနေပဲနဲ့ ရှိတဲ့ ရာထူး၊ ပစ္စည်း၊ ပညာကို အကြောင်းပြုပြီးတော့ ချမ်းချမ်းသာသာ အားထုတ်နိုင်ခွင့်ရှိတာပါဆိုပြီး ယခုလို အားထုတ်ခွင့် ရတာ အားထုတ်ပါတယ်"

"အဲဒီလို အားထုတ်တော့ အဲဒီဘဝမှာပဲ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာရဃ်လို့လျော်စွာ ဖြစ်နိုင်ပါတယ်၊ ဖြစ်နိုင်ကော့ ဟိုမှာ အသချေ့အကျိုးတွေ ပေးမယ်ဆိုသော်လည်း အသချေ့ထဲက ပထမဘဝထဲက နိဗ္ဗာန်ရသွားတော့ အသချေ့ ပေးဦးမလားဆိုတော့ မပေးတော့ပါဘူး၊ အသချေ့ပေးပြီးမှ ကျွတ်ရမယ်လို့ မဆိုလိုပါဘူး၊ ပေးနိုင်တာ ပြောတာပါ၊ ပေးသည့်တိုင် အောင် မခံစားပါဘူး။"

အကြိမ်ကြိမ်ခံစားလိုသူ

"အေး... တစ်ခုတော့ ရှိတယ်ပေါ့၊ ဟိုက အကျိုး ပေးတယ်ဆိုတာက လူ့ဘဝ လူချမ်းသာ၊ နတ်ဘဝ နတ်ချမ်းသာ၊ ဗြဟ္မာဘဝ ဗြဟ္မာချမ်းသာ အကြိမ်ကြိမ် ခံစား စံစားလိုတဲ့ ပုဂ္ဂိုလ်များတော့ အကြိမ်ကြိမ်ခံစားမယ်၊ အသချေ့ခံစားမယ်၊ သံသရာရှည်မယ်ပေါ့၊ သူကတော့ ပြုကတည်းက မဂ်ဖိုလ်နိဗ္ဗာန် နောက်ထား အကြိမ်ကြိမ်

http://www.dhammadownload.com

ခံစား စံစားချင်တာက ပထမ ဆိုတော့ အကြိမ်ကြိမ် ခံစားပြီးမှ နိဗ္ဗာန်ရမယ်"

"အကြိမ်ကြိမ် ခံစားချင်တယ်ဆိုတော့ အကြိမ်ကြိမ် အရေအတွက်ကလည်း မရေတွက်နိုင်အောင် ခံစားမှာ၊ ခံစာလေ မေ့လေ၊ မေ့လေ ခံစားလေဆိုတော့ နိဗ္ဗာန်ရောက်ဖို့ အတော်ရှည်ဝေးပါလိမ့်မယ်၊ အတော်ကြာပါမှ ရောက်မယ်"

ဖောတိကသူဌေး

"အဲဒီ သံသရာ ရှည်တာ တိုတာနှင့် ပတ်သက်ပြီး သာဓကတစ်ခုပြရရင် ဖောတိကတို့ သူကြွယ်ညီနောင် နှစ်ယောက် အကြောင်းကို ပြောပြ သာဓက ပြပါမယ်၊ ဟို အတိတ်ဘဝ ဒီကမ္ဘာမှ အထက်(၉၁)ကမ္ဘာဝယ် ဝိပဿီဘုရားရှင် ပွင့်တော်မမူမီ ဗာရာဏသီပြည်ရှိ သူကြွယ်ညီနောင်(၂)ဦး ရှိပါတယ်"

"သူတို့ ကြံခင်းစိုက်ပျိုး စားသောက်ကြပါတယ်၊ တစ်နေ့မှာ ညီငယ်က ကြံခင်းသို့သွားပြီး တစ်ပင်ကို ငှဲ့နောင်တော်အား ပေးမယ်၊ တစ်ပင်ကို ငါယူမယ်လို့ ရည်ရွယ်ပြီး ကြံချောင်း ခုတ်ယူခဲ့ပါတယ်"

"အဲဒီခေတ်က ကြံချောင်းတို့ကို ယခုခေတ်မှာ စက်ဖြင့် ကြိတ်စရာ မလိုပါဘူး၊ ကြံချောင်းကို အရင်းက ဖြစ်စေ အဖျားက ဖြစ်စေ ဖြတ်၍ မျှောက်လိုက်တဲ့အခါ

http://www.dhammadownload.com

ရေစစ်မှ ရေယိုကျသကဲ့သို့ အလိုလိုပင် ကြံရည်များ ယိုထွက်ပြီးကျလာပါတယ်၊ ဒါကြောင့် ကြံကိုခုတ်ပြီးတဲ့ အခါ ခုတ်ဖြတ်ရာနေရာ၌ သစ်ရွက် စသည်ဖြင့်ဖွဲ့စည်း၍ ယူခဲ့ရပါတယ်"

"အဲဒီ ညီငယ်သူကြွယ်မှာ ကြံ့ချောင်းခုတ်ပြီး အိမ်ပြန်လာတဲ့အခါ လမ်းမှာ ပစ္စေကပုဒ္ဓါအရှင်မြတ်ကို ဖူးမြင်ရလျှင်ပင် ကြည်ညိုစိတ်ဖြစ်ပြီး မိမိရဲ့ အပေါ်ရုံ ပုဆိုးကို လျော်ပတ်တဲ့ နေရာ၌ ခင်းထား၍ "အရှင်ဘုရား ဒီနေရာ၌ ထိုင်တော်မူကြပါဘုရား" လို့ လျှောက်ထားပြီး၊ သပိတ်ကို တစ်ဆိတ်လောက်စောင့်ငဲ့ပေးတော်မူကြပါဘုရားလို့ လျှောက်ထားပြီး ကြံချောင်းကို ဖွဲ့စည်းရာ ဌာနမှ ဖြည်လျက် သပိတ်ထက်၌ စိုက်လိုက်ပါသည်။ ကြံရည်တွေ အလိုလို လျှောကျကာ သပိတ် ပြည့်သွားပါသည်။ အရှင်မြတ်သည် ကြံရည်ကို သောက်သုံးပြီးသောအခါ သူကြွယ်သည်...

"ငါ့ရဲ့ကြံရည်ကို အရှင်မြတ်သောက်တော်မူသည်မှာ အလွန်တရာ ကောင်းမြတ်လှပါဘိတကား၊ အကယ်၍ ငါ့နောင်တော်ကြီးသည် ကြံဖိုးကို ယူလိုပါက ကြံဖိုးကို ငါးပေးမည်သာ။ အကယ်၍ ကုသိုလ်ကောင်းမှု အဖို့ကို ယူလိုက ကုသိုလ်ကောင်းမှုအဖို့ပင် ငါပေးမယ်၊ နောင်တော် အတွက်ယူလာတဲ့ကြံကိုလည်း ငါလှူတော့အံ့...။

http://www.dhammadownload.com

လို့ ကြံစည်ပြီးလျှင် "အရှင်ဘုရား သပိတ်တော်ကို တပည့်တော်ဘက်သို့ တစ်ဆိတ်လောက် စောင့်ငဲ့ပေး တော်မူကြပါဘုရား" လို့ လျှောက်ထားပြီး အစ်ကိုကြီး အတွက် ကြံကိုလည်း ရှေးနည်းတူ လောင်းလှူလိုက် ပါတယ်၊ အဲဒီကြံရည်ကိုတော့ ပစ္စေကဗုဒ္ဓါအရှင်မြတ်က မဘုဉ်းပေးနိုင်တော့၊ အဲဒီကြံရည်ကို ဟိမဝန္တာတောမှာ ရှိတဲ့ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့နှင့်အတူတကွ ခွဲဝေ သုံးဆောင်မှုလိုတဲ့အတွက် အလှူခံရုံသာ အလှူခံတော်မူ ပါတယ်၊ သူကြွယ်လည်းအခြင်းအရာကိုသိပြီး တည်ခြင်း ငါးပါးနှင့်အညီရှိခိုးကာ–

"အရှင်မြတ်ဘုရား ဘုရားတပည့်တော်လှူဒါန်း အပ်တဲ့ အမြတ်အရသာကို ကြံရည် အလှူဒါနရဲ့ အကျိုးဆက်ကြောင့် နတ်ပြည်၊ လူ့ပြည်၌ စည်းစိမ် ကို အကြိမ်ကြိမ် ခံစားစံစား သုံးဆောင်ပြီး အဆုံး ဘဝ နောင်ကာလ၌ အရှင်ဘုရားတို့ ဆိုက်ရောက် မျက်မှောက်ပြုအပ်သောတရားသို့သာလျှင် ရောက်ရ ပါလို၏။"

လို့ ဆုတောင်းပတ္ထနာပြုပါတယ်၊ ပစ္စေဒ္ဓါအရှင်မြတ် ကလည်း "သင် တောင်းတဲ့ ဆုအတိုင်း ပြည့်စုံစေ သတည်း" လို့ မိန့်တော်မူပြီး အဲဒီ သူကြွယ်မြင်နိုင်အောင် အဓိဋ္ဌာန်တော်မူ၍ ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒန

http://www.dhammadownload.com

တောင်သို့ကြွတော်မူကာ ပစ္စေကဗုဒ္ဓါအရှင်မြတ်ငါးရာတို့အား အဲဒီကြီးရည်ကို လှူဒါန်းဆက်ကပ်ပါတယ်"

"အရှင်မြတ်တို့ရဲ့ တန်ခိုးက အနည်းငယ်ကလည်း အများဖြစ်ပါတယ်၊ အများကလည်း အနည်းဖြစ်ပါတယ်၊ အိမ်ရောက်တော့ နောင်တော်သူကြွယ်က "မင်း ဘယ်သွားတာလဲ၊ မေးတော့" ကြံခင်း ကောင်း မကောင်း သွားကြည့်ပါတယ်"လို့ ပြောတော့ နောင်တော်က မင်း ကြံခင်း သွားကြည့်တာတောင် ကြံတစ်ချောင်း နှစ်ချောင်း လောက် နမူနာ မယူခဲ့ဘူးလားလို့ မေးတဲ့အခါ-

"နောင်တော်... ကျွန်တော် ကြံနှစ်ချောင်း ခုတ်ယူခဲ့ပါတယ်၊ လမ်းခရီးမှာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးကိုဖူးတွေ့ရ၍ ညီတော်အတွက် ကြံကို ကြီးရည်ဖြစ်စေကာ လှူလိုက်ပါတယ်"

"နောင်တော် အလိုရှိရာ တန်ဖိုးကိုဖြစ်စေ၊ ကုသိုလ် ကောင်းမှုအဖို့အစုကိုဖြစ်စေ ငါပေးဝေတော့မယ်လို့ ကြံစည်ပြီး နောင်တော်အတွက် ယူဆောင်လာသော ကြံမှကြီးရည်ကိုလည်း ပစ္စေကဗုဒ္ဓါအရှင်မြတ်အား လှူဒါန်းလိုက်ပါတယ်"

"ဘယ့်နယ်လဲ... အဲဒီနောင်တော်အတွက် ယူခဲ့သော ကြံရိုးရဲ့တန်ဖိုးကိုယူမလား၊ သို့မဟုတ် ကုသိုလ်ကောင်းမှုအဖို့အစုကိုယူမလား"

လို့ ရိုးသားစွာပင် မေးပါတယ်၊ အဲဒီအခါ

http://www.dhammadownload.com

နောင်တော် သူကြွယ်က ငါ့ရဲ့ကြီးရည်ကို အရှင်မြတ် အဘယ်သို့ ပြုတော်မူအပ်သနည်းလို့ မေးတော့ ညီငယ် က...

"အို... နောင်တော် အရှင်မြတ်သည် ညီတော်ရဲ့ ကြီးရိုးမှ ကြီးရည်ကို သောက်သုံးတော် မူပြီးလျှင် နောင်တော်ရဲ့ ကြီးရိုးမှ ကြီးရည်ကို တရိုတသေယူဆောင်သွားတော်မူကာ ကောင်းကင် ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွတော်မူ၍ ပစ္စေက ဗုဒ္ဓါအရှင်မြတ်ငါးရာတို့အား လှူဒါန်းတော်မူပါ သည်"

လို့ ပြောဆိုတယ်၊ အဲဒီအခါ နောင်တော်သူကြွယ် ဟာ ညီငယ်ရဲ့ ပြောကြားစဉ်ပင် တစ်ကိုယ်လုံး ပီတိ အဟုန်ဖုံးအုပ်လျက်–

"ဘုရားတပည့်တော်ရဲ့အဖို့ရာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ သိမြင်အပ်တဲ့ တရားထူးရခြင်းသည် သာလျှင် ဖြစ်ပါစေသတည်း"

လို့ ဆုတောင်းပတ္ထနာပြုလိုက်ပါတယ်။ ညီနောင် ၂ ယောက်တို့ရဲ့ ဆုတောင်းကို သတိပြုထားပြီးကြည့်ပါ။ ညီဖြစ်သူက လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာ တို့ကို တောင့်တပါတယ်။ နောင်တော်က အရဟတ္တဖိုလ် နိဗ္ဗာန်ကိုပဲ တောင့်တပါတယ်။ အဲဒါ ညီနောင်နှစ်ယောက် တို့ရဲ့ ရှေးကောင်းမှု ဖြစ်ပါတယ်။

http://www.dhammadownload.com

ညီနောင်ပင်ဖြစ်

"အဲဒီသူကြွယ်ညီနောင်တို့ဟာ အသက်တမ်းအတိုင်း နေပြီး အဲဒီဘဝမှာသေကြတဲ့အခါ နတ်ပြည်၌ ဖြစ်ပါ တယ်။ ဝိပဿီ ဘုရားရှင် ပွင့်တော်မူတဲ့အခါ ညီနောင် နှစ်ယောက်တို့ဟာ နတ်ပြည်မှ စုတေကြ၍ ဗန္ဓုမတီ မင်းနေပြည်ဝယ် သူကြွယ်ညီနောင် ဖြစ်ကြပါတယ်၊ ဒီညီနောင်နှစ်ယောက်တို့ အရွယ်ရောက်တဲ့အခါ အိမ် ထောင်ကာ နေထိုင်ကြစဉ်-

"အို...သူတောင်ကောင်းသူမြတ်လောင်းတို့ လောကဌ် ဘုရားမြတ်ရတနာ၊ သံဃာရတနာတို့ နေဝါလစန်း ဖြစ်ထွန်း ပွင့်တော်မူခဲ့လေပြီ"

"အလှူဒါနတို့ကို ပေးလှူကြကုန်လော့၊ ကောင်းမှု တို့ကို ပြုကြကုန်လော့၊ ယနေ့သည် ရှစ်ရက်ဥပုသ်နေ့ ဖြစ်တယ်၊ ယနေ့ကတော့ ၁၄ ရက်မြောက်ဥပုသ်နေ့ဖြစ်တယ်၊ ယနေ့ကား ၁၅ ရက်မြောက် ဥပုသ်နေ့ဖြစ်တယ်၊ ဥပုသ်စောင့်သုံးမှု ပြုကြကုန်လော့၊ တရားတော်ကို နာ ကြားကြပါ ကုန်လော့"

လို့ နိဗ္ဗာန်ဆော်ရဲ့ ကြွေးကြော်သံကို ကြားရသဖြင့် လူများ အပေါင်း နံနက်ခင်းအလှူကို လှူကြ၍ နေ မွန်းလွဲတဲ့အခါ တရားနာသွားကြတာကိုမြင်ရတဲ့ သူကြွယ်

http://www.dhammadownload.com

က 'ဘယ်သွားကြမှာလဲ'လို့ မေးတော့ လူများအပေါင်း က 'ဘုရားရှင်ထံ တရားတော်နာကြား ရန် သွားကြမလို့' ဟု ပြန်ပြောတဲ့အခါ 'အကျွန်ုပ်လည်းလိုက်ပါရစေ' လို့ ပြောဆိုကာ လူများအပေါင်းနှင့် အတူလိုက်ပါ၍ တရား တော်နာယူပါတယ်"

"ဒေသနာတော်နိဂုံးအဆုံးသတ်တဲ့အခါ ဘုရားရှင် ထံ ရဟန်းပြုပေးရန် တောင်းပန်လျှောက်ထားပြီး ရဟန်း ပြုလိုက်ပါတယ်၊ ရဟန်းပြုပြီး ရဟန်းတရားပွားများ ကြိုးကုတ် အားထုတ်သဖြင့် မကြာမြင့်မီပင် ရဟန္တာ ဖြစ်သွားပါတယ်"

ဘုရားအဆူဆူ

"နောင်တော်သူကြွယ်မှာ ဝဠုဘဝတိုတိုနဲ့ နိဗ္ဗာန် ရောက်သွားသော်လည်း ညီငယ်သူကြွယ်မှာ ဝိပဿီ ဘုရားရှင်လက်ထက်မှာလည်း မကျွတ်သေး၊ သိခီ ဘုရားရှင်–ဝေဿဘူဘုရားရှင်–ကကုသန်ဘုရားရှင်၊ ကောဏာဂုံ၊ ကဿပဘုရားရှင်တွေ လက် ထက်တော်မှာ လည်းမကျွတ်သေးဘဲနဲ့ ဘုန်းကြီးတို့ ဂေါတမဘုရားရှင် လက်ထက်တော်မှာ ဖောတိကသူဌေးဆိုတာလာဖြစ်ပါ တယ်"

"အဲဒီ ဖောတိကသူဌေးအကြောင်း ပြောရင် တခမ်း တနားကြီးပါ၊ အဲဒါတွေထားခဲ့ပါတော့၊ အဖောတသတ်က

http://www.dhammadownload.com

ခမည်းတော်သတ်ပြီးမင်းအဖြစ်ရောက်တဲ့အခါ ဇောတိက သူဌေးရဲ့ ပြာသာဒ်ကြီးကို တိုက်ခိုက်သိမ်းယူမယ် ဆိုတဲ့ အကြံနဲ့ စစ်ဆင်ကာ ထွက်လာပါတယ်"

"ဇောတိကသူဌေးရဲ့ ပြာသာဒ်ကြီး အရံအကာ ကျောက်မျက်ရတနာတံတိုင်း၌ အခြံအရံ စစ်တပ်ကြီးနှင့် တကွသော မိမိအရိပ်ကိုမြင်လေလျှင်"

"ဇောတိကသူဌေးကြီးသည် စစ်ကြီးဆင်လျက် ဗိုလ်ပါကို ခေါ်ဆောင်ကာ ငှါကိုတိုက်ခိုက်ရန် ထွက်လာလေပြီဟုအောက်မေ့၍ တံတိုင်းအနီးသို့ပင်မချဉ်းကပ်ဝံ့တဲ့ ရှိပါတယ်၊ ဇောတိကသူဌေးကြီးကတော့ အဲဒီနေ့မှာ ဥပုသ်စောင့်သုံးဆောက်ဟာညီကာ စောစောစီးစီးကပင် နံနက်စာစားပြီး ကျောင်းတော်သို့သွားရောက်၍ ဘုရားရှင် ထံတော်၌ တရားတော်ကိုနာယူကာ ချမ်းသာစွာ နေထိုင်ပါတယ်၊ ဒီနေရာမှာ သူတော်နှင့်မသူတော်ခြားနားပုံကို-

"ဝိသမလောဘ၊ ပြွမ်းပြွမ်းထ၍၊ အန္ဓကြော့ကြမ်း၊ လူသော့သွမ်းတို့၊ ညှီးနွမ်းဒုက္ခ ရောက်သမျှပင်၊ ဓမ္မကိန်းပျော်၊ သူ-သူတော်ကား စိတ်သော်ရွှင်မွေ့ ကိုယ်ချမ်းမြေ့၏"

လို့ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသက လက်ာသီခဲ့ပါတယ်၊ အင်မတန်မှန်ပါတယ်၊ အဇာတသတ်မင်းဟာ ကိုယ့်စစ်တပ်နှင့် ကိုယ်ရှုံးပြီး ဦးတည်ရာ ကျောင်းတော်သို့ ထွက်ပြေးပါတယ်"

http://www.dhammadownload.com

"ကျောင်းတော်ရောက်တော့ အဇာတသတ်မင်းကို ဖောတိကသူဌေးကြီးမြင်၍ 'အရှင်မင်းကြီး အကြောင်းက ဘယ်လိုပါလဲ' လို့ မေးလျှောက်ကာ နေရာမှထ၍ ရပ်တည်ကာ အရိုအသေပြုလျှင် အဇာတသတ်မင်းက–

"သူဌေး သင်သည် သင့်လူများကို ငါနှင့်စစ်ထိုး ရစ်ကြဟု စေခိုင်းမှာကြားပြီး ဒီကျောင်းတော်သို့ လာရောက်ကာ တရားနာသကဲ့သို့ အဘယ်ကြောင့် နေထိုင် ဘိသနည်းဟု ရန်တွေ့စကား ပြောပါတယ်၊ အဲဒီလို ပြောတော့–

"သူဌေးက 'အရှင်မင်းကြီးသည်အကျွန်ုပ်ရဲ့အိမ်ကို သိမ်းယူရန် သွားရောက်တော်မူခဲ့ပါသလော' ဟုမေးတယ်၊ ဒီတော့ အဇာတသတ်မင်းက 'အေး...ငါသွားရောက်ခဲ့ တယ်' လို့ ဒေါသသံပါပါနှင့်ပြောကြားလေလျှင် ဖောတိက သူဌေးကြီးက–

"အရှင်မင်းကြီး၊ အကျွန်ုပ်အလိုမရှိ သဘောမတူ ပါရင် အကျွန်ုပ်အိမ်ကို အရှင်မင်းကြီး တစ်ဦးတည်း မဆိုထားဘိ မင်းပေါင်းအထောင်သော်မှလည်း သိမ်းယူ ခြင်းငှာ မတတ်နိုင်ပါ" လို့ တည်ငြိမ်ရဲရင့်စွာ ပြန်ကြား ပြောဆိုပါတယ်၊ အဲဒီအခါ အဇာတသတ်မင်းက "သင်သည် မင်းဖြစ်လိမ့်မည်လော၊ မင်းဖြစ်မယ့် လူမို့ လား" လို့ ပြောဆိုကာ ဒေါသ အမျက်ချောင်းချောင်း ထွက်လာပါတယ်၊ အဲဒီအခါ သူဌေးကြီးက–

http://www.dhammadownload.com

"အရှင်မင်းကြီး၊ ကျွန်ုပ်က မင်းမဟုတ်ပါ၊ သို့သော်လည်း အကျွန်ုပ်ရဲ့ဥစ္စာကို မြတ်ဆာချည်မျှင်တစ်ပင်ကိုမျှ အကျွန်ုပ်က အလိုမရှိသဘောမတူရင် မင်းများ၊ ဦးသူများ၊ သိမ်းပိုက်တိုက်ယူခြင်းငှာ မစွမ်းနိုင်ပါ" လို့ တည်ငြိမ်စွာ ပြောဆိုလေလျှင် အဇာတသတ်မင်းက–

"ငါက သင်သဘောတူမှ သင့်ပစ္စည်းကို ယူရမှာတဲ့လား၊ ငါသည် မင်းဖြစ်သောကြောင့် သင့်ပစ္စည်းကို သင်အလိုမတူစေကာမူ ယူနိုင်တယ်" လို့ မင်းမာန်တက်ကာ ပြောဆိုပါတယ်၊ အဲဒီအခါ ဇောတိက သူဌေးကြီးကလည်း–

"အရှင်မင်းကြီး၊ အဲဒီလိုဆိုရင် အကျွန်ုပ်ရဲ့လက်ဆယ်ချောင်းတို့၌ ဒီလက်စွပ် အကွင်းနှစ်ဆယ်တို့ ရှိကြပါတယ်၊ အဲဒီ လက်စွပ် အကွင်းနှစ်ဆယ်ကို အကျွန်ုပ်သည် အရှင်မင်းကြီးအား မပေးပါ၊ တကယ်လို့ အရှင်မင်းကြီးစွမ်းနိုင်ပါမူ ဖြုတ်ယူတော်မူပါ" လို့ ရဲရင့်စွာ ပြောဆိုကာ လက်ဖမိုးနှစ်ဖက်ကို ဆန့်တန်း ပေးလိုက်ပါတယ်၊ အဇာတသတ်မင်းဟာ အားကောင်းမောင်းသန်မင်းတစ်ပါးဖြစ်ပါတယ်၊ ဒါပေမယ့် ဇောတိကသူဌေးရဲ့လက်မှ လက်စွပ်များကို ဘယ်မှညာမှ အပြန်ပြန်လှည့်လည်၍ ချွတ်ယူပါသော်လည်း မင်းကြွေးသာပျက်၍ လက်စွပ်တစ်ကွင်းကိုမျှပင် ရအောင် မဖြုတ်ယူနိုင်ပါဘူး"

http://www.dhammadownload.com

"အဲဒီအခါ ဖောတိကသူဌေးကြီးသည် အရှင်မင်းကြီး အလိုတော်ရှိပါလျှင် ဝတ်လဲတော်ကို ဖြန့်၍ ခံတော်မူပါလော့"ဟု ပြောဆိုကာ လက်ချောင်းများကို ဖြောင့်ဖြောင့်အောက်သို့စိုက်ချလိုက်ပါတယ်၊ အဲဒီခဏ၌ လက်စွပ်အကွင်း ၂၀-တို့သည် အလွယ်နှင့်ပင် ကျွတ်ကျလာပါတယ်"

သံဝေဂဖြစ်ရဟန်းပြု

"အဲဒီနောက် အဖာတသတ်မင်းကို ဖောတိကသူဌေးကြီးက 'အရှင်မင်းကြီး အဲဒီကဲ့သို့ မျက်မြင်အတိုင်းပင် ကျွန်ုပ်ရဲ့ ပစ္စည်းဥစ္စာကို အကျွန်ုပ်က အလိုမရှိ သဘောတူပါရင် သိမ်းယူခြင်းငှာ မစွမ်းနိုင်ပါလို့ ပြောဆိုပြီး အဖာတသတ်မင်းရဲ့ ရိုင်းပျသော အပြုအမူများကြောင့် သံဝေဂကြီးစွာဖြစ်ပြီးလျှင် 'အရှင်မင်းကြီး အကျွန်ုပ်အား ရှင်ရဟန်းပြုရန်ခွင့်ပြုပါလော'လို့ ပြောဆိုတောင်းပန်ပါတယ်၊ အဲဒီလို တောင်းပန်တော့ အဖာတသတ်မင်းက-

"ဒီဖောတိကသူဌေး ရဟန်းပြုလျှင် ငါသည် သူ့ရဲ့ ပြာသာဒ်ကို အလွယ်တကူ သိမ်းယူနိုင်လိမ့်မယ်"

လို့ ကြံစည်အောက်မေ့ကာ တစ်ခွန်းတည်းသော တောင်းပန်စကားဖြင့်ပင်"သင်ရဟန်းပြုလိုမူ ပြုလော့" လို့ အလွယ်တကူပင် ပြောဆိုလိုက်ပါတယ်"

http://www.dhammadownload.com

"ဇောတိကသူဌေးကြီးဟာ သံဝေဂကြီးစွာ ဖြစ်ပြီး တော့ ဘုရားရှင် အထံတော်၌ ရဟန်းပြုပြီး မကြာမြင့်မီ ပင် ရဟန်းတရား ပွားများအားထုတ်သဖြင့် အရဟတ္တ ဖိုလ်သို့ ဆိုက်ရောက်ကာ ဇောတိကထေရ်ရယ်လို့ အမည် ထင်ရှားပါတယ်"

ဇောတိကထေရ် အရဟတ္တဖိုလ်သို့ရောက် ရဟန္တာ ဖြစ်သောခဏမှာပင် ဘုံနှန်းပြာသာဒ်အစရှိသော စည်းစိမ် ဥဿုံအလုံးစုံသည် ပျောက်ခြင်းမလှ ပျောက်ကွယ်၍ သွားကြပါတယ်။ ကဲ... အဇာတသတ်မင်း ဘာတွေ ရလိုက်သေးလဲ"

"ဘာမှ မရလိုက်ပါဘုရား"

"အေး...ပြောလိုရင်းက သံသရာအရှည်အတိုပါ။ ဇောတိကရဲ့ အစ်ကိုက သံသရာတိုသွားပြီး၊ ဇောတိကက ဘုရား ၇-ဆူတိုင်တိုင် သံသရာရှည်တယ်၊ အကြိမ်ကြိမ် ခံစားချင်လို့ ခံစားပြီးမှ နိဗ္ဗာန်ရောက်တယ်ပေါ့။ သူ့ အစ်ကိုက တိုတိုနဲ့ရောက်ချင်လို့ ရောက်သွားပြီ"

"ဘုန်းကြီးတို့ ပရိသတ်က တိုတိုနဲ့ နိဗ္ဗာန်ရောက်ချင် သလား၊ ရှည်ရှည်နဲ့ရောက်ချင်သလား၊ ဇောတိကတို့ ညီနောင်ရဲ့ ကုသိုလ်ကံ အတူတူပါပဲ၊ ဆုတောင်း ကွာ သွားတာပါ"

http://www.dhammadownload.com

သံသရာရှည်တို

"အေး...ဒါကြောင့် သံသရာတိုတယ်ဆိုတာ မိမိတို့ရဲ့ ဆန္ဒနဲ့သာ ဆိုင်တယ်၊ နိဗ္ဗာန်ကို ရည်မှန်းပြီး လှူဒါန်းပါ၊ သီလ ဆောက်တည်ပါ၊ တရားအားထုတ်ပါ၊ နိဗ္ဗာန်ချမ်းသာမရသေးမီ အကျိုးကတော့ လူနတ်ချမ်းသာ ပေးမှာပါပဲ၊ အဲဒီလူချမ်းသာ နတ်ချမ်းသာ ပေးတဲ့ဘဝမှာ ဘုရားပစ္စေကဗုဒ္ဓါ–ရဟန္တာအရှင်မြတ်တွေနဲ့ တွေ့ရင် တရားတော် နာကြားရ၊ တရားအားထုတ်ရ ဆိုတော့ ကျွတ်တမ်းဝင်ပြီးမှ ရဟန္တာဖြစ်သွားပါတယ်"

"သံသရာရှည်ချင်တဲ့ ပုဂ္ဂိုလ်တွေကျတော့ တရားအားမထုတ်သေးဘူး၊ ဖောတိကသူဌေးလိုပဲ စည်းစိမ်တွေဘဝများစွာ ခံစားစံစားပြီး သံသရာရှည်နေဦးမယ်၊ ငြိုးငွေ့စရာနဲ့တွေ့ပြီးမှ ကျွတ်တမ်းဝင်မှာဆိုတော့ သံသရာရှည်တာပေါ့"

"ဒါကြောင့် ဘုန်းကြီးတို့ပရိသတ် အကျိုးတွေ အသခ်ေ့ ဆိုပေမယ့် အသခ်ေ့အကျိုးတွေ အကုန်ပေးပြီးမှ နိဗ္ဗာန်ရမှာ မဟုတ်ပါဘူး၊ မိမိတို့ ကျွတ်တမ်းဝင်အောင် ဒီက ကုသိုလ်ဆန္ဒတွေက နှိုးဆော်ပေးလိုက်တော့ တရားအားထုတ်ဖြစ်ကာ ကျွတ်တမ်းဝင်သွားပါတယ်"

http://www.dhammadownload.com

ဘေးကိုကြည့်ပါ

"ဒါကြောင့် ငါတို့ပြုထားတဲ့ကုသိုလ်က ပေးနိုင်တဲ့ အကျိုးတွေက အသခ်ျေဆိုပေမယ့် လူ့ဘဝမှာ ဘယ်လောက်ပဲ လူချမ်းသာရရ၊ နတ်ဘဝမှာလည်း ဘယ်လောက်ပဲ နတ်ချမ်းသာရရ၊ ဇာတိပဋိသန္ဓေနေရတဲ့ ဘဝမှာတော့ ငါတို့ရဲ့ဒုက္ခတွေက အိုတဲ့ ဇရာဒုက္ခ၊ နာတဲ့ ဗျာဓိဒုက္ခ၊ သေတဲ့ မရဏဒုက္ခ၊ မင်းဘေး၊ စိုးဘေး၊ သူခိုးဘေး၊ ရေဘေး၊ မီးဘေး စသည်ဖြင့် ဘေးတွေ အသခ်ျေအနန္တ များလှပါတယ်"

"ဘယ်လောက်ပဲ ဇာတိပဋိသန္ဓေနေရတဲ့ဘဝမှာ ချမ်းသာတယ်ပြောပြော ဘဝတိုင်းမှာ အိုရတဲ့ဒုက္ခ၊ သေရတဲ့ ဒုက္ခ၊ အမြဲပါတယ်၊ ဘဝမှာ စည်းစိမ် ချမ်းသာကို ခံစားမယ်လို့မှ မကြိုရသေးဘူး၊ အို-နာ-သေအတွက် ကာကွယ်ရေးလုပ်ရတာနဲ့ ကိုယ်စားမယ့် ဟာလေး မစားရက်ဘူး၊ ဝတ်ရမှာလေး မဝတ်ရက်ဘူး၊ လှူရတယ်၊ ဘာဖြစ်လို့လဲ အပါယ်ကျမှာ ကြောက်လို့၊ တကယ်လို့သာ အပါယ်ဘေးဆိုးကြီးမရှိခဲ့ရင် မိမိတို့ စားသောက်ဝတ်ဆင်စရာတွေ လှူဦးမှာလားဆိုရင် ဘယ် လှူတော့မလဲ"

"အေး... ဇာတိပဋိသန္ဓေနေရတဲ့ဘဝမှာတော့ ဒီ အတိုင်းပဲ နေမယ်လို့မှမကြိုရသေးဘူး၊ ဘေးက ဆိုက်လာ ပြန်ရော၊ အဲဒီဘေးကို ကာကွယ်နေရတာနဲ့ တစ်ဘဝ

http://www.dhammadownload.com

ကုန်ပြန်ရော၊ နေခဲ့ပြီးတဲ့ ဘဝထဲမှာ ချမ်းသာကို ရှာကြည့်စမ်းပါ၊ ဘာရှိလဲ၊ ဘာတစ်ခုမှ မရှိပါဘူး၊ ဒါကြောင့် ခုဘဝရော နောက်ဘဝပါ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ အိုး-နာ-သေဘေးတွေနဲ့ ရောထွေးနေတာကြောင့် ချမ်းသာတာ ဘာတစ်ခုမှမရှိပါဘူး"

နိဗ္ဗာန်ရောက်ချင်လို့

"တပည့်တော်တို့ ၁၀-ရက်စခန်းမှာ ထမြောက်အောင်မြင်အောင် တကယ့်စေတနာသုံးတန်ပြဌာန်းပြီး လှူဒါန်းတဲ့ပစ္စည်းတွေသည် မိမိတို့ဝင့်ဘဝမှ ထွက်မြောက်ရာ နိဗ္ဗာန်သို့ ရောက်ချင်လို့ တပည့်တော်တို့ လှူဒါန်းပါတယ်၊ အလှူခံပုဂ္ဂိုလ်ဖြစ်တဲ့ ယောဂီသူတော်စင်တွေကို တရားအလှူလှူတာပဲ၊ ယောဂီသူတော်စင်တွေ ယခုမျက်မှောက်ဘဝမှာပဲ ချက်ချင်းလက်ငင်းတရားတွေ့ပြီး မဂ်ဖိုလ်နိဗ္ဗာန်ရောက်စေချင်လို့ လှူပါတယ်"

"တပည့်တော်တို့ကိုယ်တိုင်လည်းပဲ ဒီတရားတွေကို ကိုယ်တိုင်ရရှိပြီး ဒီဘဝမှာရမယ်ဆိုရင်လည်း ဒီဘဝမှာပဲ အရယူပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်လိုချင်လို့လှူပါတယ်"

"တပည့်တော်တို့ကိုယ်တိုင် အားထုတ်တဲ့ အဆင့်၊ ပါဝင်လှူဒါန်းတဲ့အဆင့်၊ ဝေယျာဝစ္စလုပ်တဲ့အဆင့်နဲ့ ပါဝင်ပြီးတော့ ပစ္စည်းအလှူ၊ တရားအလှူ၊ ဝေယျာဝစ္စဆိုတဲ့ လုပ်အားအလှူတွေကို လှူပါတယ်၊ အဲဒီကုသိုလ်

http://www.dhammadownload.com

တွေရဲ့ အကျိုးကို ရွေးယူလိုက်တော့ မင်္ဂဖိုလ် နိဗ္ဗာန်ပဲ ရွေးပါ၊ တခြားဘာမှ မရွေးပါနဲ့"

"နိဗ္ဗာန်မရောက်မီစပ်ကြားမှာလည်း ခုနကပြော ခဲ့တဲ့ အသရေ်ု အကျိုးတွေ ပေးမှာဆိုတော့ တောင်းစရာ လိုသေးလား၊ မလိုတော့ပါဘူး၊ မတောင်းပါနဲ့"

တောင်းချင်ရင်

"တောင်းချင်ရင် တကယ်တောင်းရမှာက ဆိုပါ တော့၊ လူတစ်ယောက်ရဲ့လက်ထဲမှာ ငွေတစ်ရာရှိပါတယ်၊ အဲဒီငွေတစ်ရာ ရှိတဲ့လူက 'ငါ့မှာငွေတစ်ရာရှိတယ်၊ အဲဒီ ငွေတစ်ရာဖြင့် တစ်ရာတန်ပစ္စည်းကို ဝယ်လို့ရရပါ လို့'လို့ ဆုတောင်းစရာလိုသေးလား၊ မလိုပါဘူး"

"ဘာဖြစ်လို့လဲဆိုတော့ တစ်ရာရှိရင် တစ်ရာတန် ပစ္စည်းကို အချိန်မရွေး ဝယ်လို့ရတဲ့အတွက်ပါ၊ တကယ် တောင်းချင်ရင်တော့ 'ငါ့မှာ ငွေတစ်ရာရှိတယ်၊ အဲဒီငွေ တစ်ရာဖြင့် ၁၅၀/-တန်ကို အချောင်ဝယ်လို့ ရရပါလို့၏၊ ၂၀၀/-တန်ပစ္စည်းကို ဝယ်လို့ရရပါလို့၏' လို့ တောင်း ချင်ရင် ဒါမျိုးပဲ တောင်းရမှာ၊ ငွေ ၁၀၀/-နဲ့ ၁၅၀/- တန်၊ ၂၀၀/-တန်ပစ္စည်းကို ရဖို့ရာ မခဲယဉ်းဘူးလား၊ ခဲယဉ်းတယ်"

"အေး... တောင်းတယ်ဆိုတာ ခဲယဉ်းတာကို တောင်းရမယ်၊ မတောင်းဘဲနဲ့အလိုလိုရမှာကိုဘာဖြစ်လို့

http://www.dhammadownload.com

တောင်းရမှာလဲ၊ အခုလည်း ဒီလိုပဲ၊ ယခု ၁၀-ရက်စခန်း တရားပွဲကြီးမှာ ကုသိုလ်ကောင်းမှုတွေ ပြုလိုက်တော့ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း အစရှိတဲ့ အကျိုး ဘဝအသရေပေးမှာတွေက ၁၀၀/- တန် ပစ္စည်းပမာတူ ပါတယ်၊ တောင်းစရာမလိုဘဲနဲ့ ရမှာတွေပါ။ နိဗ္ဗာန်က တော့ ၁၅၀/-၊ ၂၀၀/-တန်ပစ္စည်းပမာ တူပါတယ်၊ တောင်းယူပါ၊ တောင့်တလှူပါ"

တောင်းလို့ရတာလား

"ဒါဖြင့် နိဗ္ဗာန်ဟာ တောင်းယူလို့ရတာလားဆို တော့ မဟုတ်ပါဘူး၊ တောင်းတယ်ဆိုတာက သတ်မှတ် ချက် လုပ်လိုက်တာပါ။ တောင်းတယ်ဆိုတာ ဘာနဲ့တူလဲ ဆိုတော့ ဥပမာ မြစ်ကြီးတစ်ခုရှိတယ် ဆိုပါတော့ ဒီမှာ ဘက်မ်းကနေပြီး ဟိုမှာဘက်မ်းသို့ ကူးမယ်ဆိုရင် မိမိကူးလိုရောက်လို ဆိုက်ကပ်လိုတဲ့ ဆိပ်ကမ်းသို့ လှေ သဘော်ရဲ့ တက်မလို ထည့်မထားရင် မိမိ ကပ်လို ရောက်လိုတဲ့ ဆိပ်ကမ်းသို့ ရောက်ပါ ဆိုက်ပါမလား မရောက်ပါ၊ မဆိုက်ပါဘူး"

"ပြီးတော့ ဟိုမှာဘက်မ်းသို့ ရောက်တာ ဆိုက် တာက ဘာဖြစ်လို့ ရောက်တာ ဆိုတာလည်း လှော်လို့ ရောက်တာ ဆိုက်တာလား၊ သို့မဟုတ် တက်မကြောင့် ရောက်တာဆိုက်တာလား၊ ဆိုက်ချင်တဲ့ ရောက်ချင်တဲ့

http://www.dhammadownload.com

ဆိပ်သို့ တန်းတန်းမတ်မတ် ရောက်တာ ဆိုက်တာဟာ တက်မကြောင့်ပါ"

"ဒါဖြင့် တက်မကို တည့်ချင်သလောက် တည့်ထားပါ၊ မလှော်ဘဲနဲ့ ဟိုဘက်ကမ်းသို့ ရောက်မှာလား၊ မရောက်ပါဘူး။ ဟိုတက်ကမ်းသို့ ရောက်တာက လှော်လို့ ဆိုက်ချင်တဲ့ဆိပ်ကမ်းသို့ ဆိုက်တာက တက်မကြောင့်ပါ၊ အဲဒီ သဘောပါပဲ"

"နိဗ္ဗာန်ကို ဆုတောင်းတယ်ဆိုတာက တက်မ ကိုင်တဲ့ သဘောပါ၊ နိဗ္ဗာန်အရောက် ပို့တယ်ဆိုတာက ကုသိုလ်က ပို့တာပါ။ လှေမှာ လှော်တဲ့လူက လှော်မှ ဟိုဘက်ကမ်း ရောက်မယ်၊ လိုတဲ့ ဆိပ်ကမ်းသို့ရောက်တာ ကပ်တာက တက်မကြောင့်ပါ"

ကုသိုလ်ကပို့တယ်

"အခုလည်း ဒီလိုပါပဲ၊ နိဗ္ဗာန်အရောက်ပို့တယ် ဆိုတာက ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်တရား တွေက ပို့တာပါ၊ ဒါပေမယ့် နိဗ္ဗာန်အမြန်ရောက်ရေးက ဆုတောင်းခြင်းဆိုတဲ့ တက်မလေးကို ကိုင်ပေးလိုက်ပါ၊ တက်မကိုင်လိုက်တော့မှ အမြန်ရောက်ပါတယ်"

"ဒီလိုပဲ၊ တက်မက လူ့ဘဝချမ်းသာ၊ နတ်ဘဝ ချမ်းသာ၊ ဗြဟ္မာဘဝ ဗြဟ္မာချမ်းသာ၊ အကြိမ်ကြိမ် ခံစားပြီးမှဆိုတော့ ဆိပ်ကမ်းတွေ အကြိမ်ကြိမ်ဆိုက်ကပ်

http://www.dhammadownload.com

ပြီးမှ ဆိုတော့ နိဗ္ဗာန်ဆိပ်ကမ်းသို့ အရောက်ဟာ မကြာဘူးလား၊ ကြာသွားတယ်ပေါ့"

ဆိပ်ကမ်းများလို့ကြာ

"ဟောနေရင်း ခရီးသွားလာမှုတစ်ခုကို သတိသွားရတယ်၊ လွန်ခဲ့တဲ့တန်ဆောင်မုန်းလကပေါ့၊ ဓနုဖြူမြို့သို့ တရားသွားဟောပါတယ်၊ ဓနုဖြူကနေ ရန်ကုန်သို့ ကြားထဲမှာ မဆိုက်ကပ်ဘဲနဲ့ သဘော်ခုတ်မောင်းရင် ၆ နာရီလောက်နဲ့ ရန်ကုန်ရောက်ပါတယ်၊ ဘယ်မှာမှ မဆိုက်ကပ်ဘူးဆိုတော့ ခဏလေးနဲ့ပဲ ရောက်ပါတယ်"

"အေး...ဘုန်းကြီးက နံနက်ပိုင်းမှာပဲ သဘော်စီးပြီး ရန်ကုန်ပြန်ချင်တော့ ဓနုဖြူကနေ ရန်ကုန်မဆိုက်ဘဲ တိုက်ရိုက် ခုတ်မောင်းတဲ့ သဘော်က မရှိတော့ ဆိပ်ကမ်းတိုင်းကပ်တဲ့သဘော်ပဲစီးပြီး လိုက်ရပါတယ်"

"ဓနုဖြူကနေ နံနက် ၆ နာရီတိတိမှာ သဘော်ထွက်ပါတယ်၊ ည ၇း၃၀ နာရီမှာ ရန်ကုန်ဆိပ်ကမ်းသို့ ကပ်ပါတယ်၊ လမ်းမှာဆိုက်လိုက်တဲ့ ဆိပ်ကမ်းတွေ တော်ကြာ တစ်ဆိပ်ကမ်း၊ တော်ကြာ တစ်ဆိပ်ကမ်းနဲ့ မပြီးနိုင်တော့ဘူး"

"ကိုယ်ကလည်း အဲဒီဆိပ်ကမ်းတွေ ကပ်ချင်တာ မဟုတ်၊ ရန်ကုန်ဆိပ်ကမ်းပဲ ကပ်ချင်တာ၊ သဘော်က ဆိပ်ကမ်းရှိသမျှ ဆိုက်ကပ်တော့ ၆ နာရီလောက်

http://www.dhammadownload.com

ခုတ်မောင်းရတဲ့ ခရီးဟာ ၁၃ နာရီလောက် မောင်းရ တယ်၊ မောင်းတာကတော့ အတူတူပါပဲ၊ ဘာကွာသွားလဲ ဆိုတော့ ဆိပ်ကမ်းကပ်တာကွာသွားပါတယ်"

"အဲဒီသဘောပါပဲ၊ လူ့ဘဝတောင်းထားပေမယ့် ခံစားချင်တာက အကြိမ်ကြိမ်ဆိုတော့ နိဗ္ဗာန်သို့ တော် တော်နဲ့ ရောက်မှာလား၊ မရောက်ပါဘူး၊ အမြန် ရောက် ချင်တဲ့ ပုဂ္ဂိုလ်ကတော့ ဆိပ်ကမ်းမြင်တိုင်း မကပ်တဲ့ အတွက် အမြန်ရောက်ပါလိမ့်မယ်၊ ဒီတော့ မကပ်ချင်တဲ့ ပုဂ္ဂိုလ်က မြန်မယ်၊ ကပ်ချင်တဲ့ပုဂ္ဂိုလ်က ကြာမယ်ပေါ့"

နိဗ္ဗာန်ကိုပဲမှန်း

"ကဲ...စဉ်းစားကြည့်စမ်း၊ သံသရာ ဒုက္ခတွေ ကြည့်လိုက်တော့လည်း ကပ်ချင်စရာ ဘာမှမကောင်း ပါဘူး၊ တပည့်တော်တို့ သံသရာဝဋ်ဆိုတာလည်း တွေ့ပါပြီ၊ ဒုက္ခဆိုတာလည်း တွေ့ပါပြီ၊ အဲဒီ ဝဋ်တွေ ဒုက္ခတွေက ကျွတ်ချင်၊ လွတ်ချင်၊ သံသရာကထွက် မြောက်ချင်လို့ ဒီ ၁၀-ရက်စခန်း တရားပွဲကြီး ကျင်းပပြီး တရားအလှူ၊ ပစ္စည်းအလှူ၊ လုပ်အားအလှူ လှူတယ်ပေါ့"

"အဲဒီ ၁၀-ရက်စခန်း အလှူပွဲကြီးကြောင့် တပည့်တော် တို့ လိုချင်တဲ့ အရဟတ္တမဂ်-အရဟတ္တ ဖိုလ်-နိဗ္ဗာန်သို့ လျင်မြန်ထုတ်ချောက် ရောက်ရပါလိုင်၏လို့ နိဗ္ဗာန်ဆိပ်ကမ်းပဲ မှန်ပါ တမ်းပါ"

http://www.dhammadownload.com

ကုသိုလ်ရှင်အစုံ

"ဒီ ၁၀-ရက်စခန်း တရားပွဲကြီးမှာက ကိုယ်တိုင် လှူတဲ့အတွက် ဒါနကုသိုလ်ရှင်တွေ ပါပါတယ်၊ ကိုယ်တိုင် သီလ ဆောက်တည်တဲ့အတွက် သီလကုသိုလ်ရှင်တွေပါ ပါတယ်၊ သမာဓိဘာဝနာ၊ ဝိပဿနာဘာဝနာတွေ၊ ကိုယ်တိုင်ပွားများနေတဲ့အတွက် သမာဓိဘာဝနာကုသိုလ် ရှင်တွေ၊ ဝိပဿနာကုသိုလ်ရှင်တွေလည်း ပါပါတယ်၊ ဝေယျာဝစ္စကိုယ်တိုင်လုပ်နေတဲ့ လုပ်အားကုသိုလ်ရှင်တွေ လည်း ပါပါတယ်"

"ကုသိုလ်အစုံပါပဲ၊ ကိုယ့်ကုသိုလ်နဲ့ကိုယ် ပါကြ တယ်၊ အဲဒီကုသိုလ်တွေကို လှူတဲ့အခါမှာလည်း ကိုယ့် ကုသိုလ် ကိုယ်အာရုံပြုပြီးတော့ လှူပါ၊ ဆုတောင်းတော့ လည်း ကိုယ့်ကုသိုလ်ကြောင့် ကိုယ်ရချင်တဲ့ မဂ်-ဖိုလ်-နိဗ္ဗာန်ဆုပဲ တောင်းပါ"

"ကုသိုလ်ပြု ဆုတောင်းပြီးတော့ အမျှဝေတဲ့ အခါ မှာလည်း ကိုယ့်ကုသိုလ်ကို ကိုယ်အာရုံပြုပြီး အမျှဝေပါ၊ ကိုယ့်ကုသိုလ်ကို ကိုယ်က အမျှပေးဝေတာကို အမျှဝေ တယ်လို့ ခေါ်တာပါ၊ သာဓုခေါ်တော့ တခြား ကုသိုလ် ရှင်တွေက ဝေပေးတဲ့အမျှကို အာရုံပြုပြီး သာဓုခေါ်ပါ"

သာဓုခေါ်နည်း

"သာဓုတော့ ခေါ်နေကြတာပါပဲ၊ အများအားဖြင့် သာဓုခေါ်တတ်တဲ့ပုဂ္ဂိုလ် နည်းပါတယ်၊ သာဓုခေါ်တာ

http://www.dhammadownload.com

ကိုယ့်အမျှကိုယ်ပြန်ပြီးသာဓုခေါ်တာလား၊ ယူမျှားဝေတဲ့ အမျှကို သာဓုခေါ်တာလား၊ သေသေချာချာ စဉ်စားကြည့်ပါ'

'ဘုန်းကြီးတို့ တော်တော်များး တွေ့ဖူးပါတယ်၊ ကိုယ် တစ်ယောက်တည်း ဘုရားရှိခိုး၊ ဆွမ်းတော်ကပ်ကြ၊ ကြေးစည်ကလေးထုပြီးတော့ အမျှ အမျှ အမျှ ယူတော်မူ ကြပါကုန်လော လို့ ဝေပြီ သာဓု သာဓု သာဓု လို့ ခေါ်ကြတယ်မဟုတ်လား'

'မှန်ပါဘုရား'

'ကဲ... စဉ်းစားကြည့်စမ်း။ ဘယ်သူက ပေးတဲ့ အမျှကို သာဓုခေါ်နေတာလည်း၊ ကိုယ့်ဘာသာကိုယ် အမျှဝေတယ်၊ ကိုယ်ဘာသာကိုယ် ပြန်ပြီးယူတယ်၊ ဘယ်ဘက်က ပေး၊ ညာဘက်က ပြန်ယူသလို ဖြစ်မနေ ဘူးလား၊ အမျှဝေတယ်ဆိုတာ ကိုယ်က အပေးသမား လား၊ အယူသမားလား၊ စဉ်းစားကြည့်ပါ မျှဝေပေး တာဆိုတော့ အပေးသမားပါ၊ အယူသမား မဟုတ်ပါဘူး၊ ဘာဖြစ်လို့ ယူသောအားဖြင့် ကိုယ်ဝေမျှတဲ့အမျှကို သာဓုခေါ်ရမှာလဲ'

'အမှန်က သာဓုခေါ်တယ်ဆိုတာ သူများဝေတဲ့ အမျှကို ကိုယ်က သာဓုခေါ်ရမှာပါ၊ ဒီတော့ ကိုယ်က အမျှဝေပြီး သာဓုခေါ်ချင်ရင် ဒီအချိန်မှာ ကျွန်ုပ်ကဲ့သို့ ဒါန သီလ ဘာဝနာမှု၊ မြတ်ကောင်းမှုတွေပြုပြီး အမျှ

http://www.dhammadownload.com

ဝေကြတဲ့ သူတော်ကောင်း သူမြတ်လောင်းတွေက ဝေတဲ့ အမျှကို အကျွန်ုပ်က သာဓု သာဓု သာဓု ခေါ်ပါ၏လို့ ခေါ်ရမှာပါ'

'အခု သာဓုခေါ်တာက ကိုယ်ဝေတဲ့ အမျှကို ကိုယ်က ပြန်ပြီးတော့ သာဓုခေါ်တာ၊ အဲဒီလိုတော့ မလုပ်နဲ့၊ တစ်ယောက်တည်း အမျှဝေ တစ်ယောက်တည်းခေါ် မလုပ်နဲ့နော်'

'ယခု ၁၀ ရက်စခန်း တရားပွဲကြီးကို ထမြောက် အောင်မြင်လို့ မိမိတို့ရတဲ့ ကုသိုလ်အဖို့ဘာဂ်ကို အမျှ ဝေလို့ သာဓုခေါ်တာ အင်မတန်ဝမ်းမြောက်စရာကောင်း ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီအထဲမှာ ကုသိုလ်ရှင် အသီးသီးကလည်း တကယ့်စစ်မှန်တဲ့ ဒါန၊သီလ၊ဘာဝနာ ကုသိုလ်ရှင်တွေချည်းပဲ၊ ကုသိုလ်ရှင် တစ်ယောက်က ဝေတဲ့အမျှကို အများကဝိုင်းပြီး သာဓု ခေါ်ရတဲ့ သာဓု ခေါ်တာမျိုး မဟုတ်ပါဘူး'

ရိုးရိုးအလှူ

'ရိုးရိုး'မိမိတို့ အရပ်ထဲမှာလှူတဲ့ အလှူတွေမှာ အလှူရှင် တစ်ယောက်ကဝေတဲ့ အမျှကို ကိုယ်က သာဓုခေါ်ရတာဖြစ်လို့ တစ်ယောက်က ဝေတဲ့အမျှမို့ တစ်ယောက်စာပဲ သာဓုခေါ်ရတာမျိုး၊ အခု ၁၀ ရက် စခန်း တရားပွဲကြီးမှာ သာဓုခေါ်ရတာက ကိုယ်က

http://www.dhammadownload.com

ဝေလိုက်တဲ့အမျှကို ကိုယ်မှ တစ်ပါး ကျန်တဲ့ပရိသတ် အားလုံးက သာဓုခေါ်ရတယ်၊ ကျန်တဲ့ ပရိသတ် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ရှင်တွေက ဝေတဲ့အမျှကို မိမိက သာဓုခေါ် ရတယ်ဆိုတော့ တစ်ယောက်တည်း ဝေတဲ့အမျှကို သာဓုခေါ်ရတာ မဟုတ်ပါ၊ အများကြီးက ဝေတဲ့အမျှကို သာဓုခေါ်ရတာဆိုတော့ အကျိုးများစွာ ရှိပါတယ်'

'ကိုယ်က အမျှဝေလိုက်ပြန်တော့ သာဓုခေါ်တဲ့ ပုဂ္ဂိုလ်တွေ ကလည်း တကယ့်စင်ကြယ်တဲ့ ပုဂ္ဂိုလ်တွေ ရော ဆင်းရဲဒုက္ခရောက်နေတဲ့ ဒုက္ခိတသတ္တဝါတွေရော ဆိုတော့ အမျှဝေရတာ တကယ့်ကို အကျိုးရှိပါတယ်၊ အဲဒါကြောင့် ကိုယ်က အမျှဝေဉာဏ်မှာလည်း တကယ့်ကို ရစေချင်တဲ့ဆန္ဒ၊ ကိုယ်နှစ်သက်တဲ့ပစ္စည်းတစ်ခုကို ပေး လိုက်ရသလို ဝေပါ'

'သူများတွေဝေတဲ့အမျှကို ကိုယ်က သာဓုခေါ်ပြန် တော့လည်း ကိုယ်မြတ်နိုးတဲ့ ပစ္စည်းတစ်ခုကို လှမ်းပြီး ယူလိုက်ရသလို လိုလိုချင်ချင်နဲ့ သာဓုခေါ်ပါ၊ အမျှဝေ လို့သာ ဝေရတယ်၊ ဘာမှန်း ညာမှန်း မသိဘူး၊ သာဓု ခေါ်လို့သာ ခေါ်ရတယ်၊ ဘာမှန်း ညာမှန်း မသိဘူးလို့ ဒီလိုတော့ မဖြစ်ပါစေနဲ့ အဲဒီလို အမျှဝေ သာဓု ခေါ်ရရင် အကျိုးမကြီးပါဘူး၊ လိုလိုချင်ချင် မြတ်မြတ်နိုးနိုး ပေးဝေ ခေါ်ပါမှ အကျိုးကြီးပါတယ်'

http://www.dhammadownload.com

နားမလည်သူ

'အကျိုးရှိတဲ့ အကျိုးကြီးတဲ့အမျှဝေမှု သာဓုခေါ်မှုကို နားမလည်တော့ ဘာပြောလဲဆိုတော့ 'တို့ကတော့ လှူပြီးရင် အပြတ်ပဲ'တဲ့ ရေစက်တွေ ဘာတွေ မချတော့ဘူး အမျှတွေ ဘာတွေ မဝေတော့ဘူးတဲ့၊ အေး... အဲဒီပုဂ္ဂိုလ်ရဲ့ အပြတ်က အပြတ်သာ ပြောတယ် နားမလည်တဲ့ အပြတ်ကြီးပါ'

'အမှန်က မိမိရထားတဲ့ ဒါန သီလ၊ ဘာဝနာ ကုသိုလ် အစုမြတ်ကောင်းမှုကို အမျှဝေလိုက်ရင်၊ ပတ္တိဒါန ကုသိုလ်ရတယ်လို့ ကုသိုလ်တစ်မျိုး တိုးရသွားပါတယ်၊ အမျှဝေတဲ့အခါ သာဓု ခေါ်ရရင် ပတ္တာနုမောဒနကုသိုလ်'ရယ်လို့ ကုသိုလ်တစ်မျိုးတိုးသွားပါတယ်'

'ဒါဖြင့် ကုသိုလ်တိုးသွားတာလား၊ လျော့သွားတာလားဆိုတာ တိုးသွားတာပါ၊ မိမိအတွက်လည်း တိုးတယ်၊ သာဓုခေါ်သူ အတွက်လည်း တိုးတယ်၊ အဲဒါကို နားမလည်တဲ့အတွက် တို့ကတော့ အပြတ်ပဲ၊ အမျှမဝေတော့ဘူး၊ ရေစက်မချတော့ဘူး လုပ်တာပါ'

'အဲဒါကြောင့် နားမလည်ဘဲနဲ့ အပြတ်မလုပ်ပါနဲ့၊ အမျှဝေတယ်ဆိုတာ ကိုယ်လိုကုသိုလ်ကောင်းမှု မပြုနိုင်တဲ့ပုဂ္ဂိုလ်တွေ အမျှဝေလိုက်ရတော့ သာဓုအနုမောဒနာ ခေါ်ရရင် ကျွတ်လွတ်သွားရင် အကျိုးကြီးပါတယ်'

http://www.dhammadownload.com

'အဲဒီလို မကျွတ်မလွတ်သေးတဲ့ သတ္တဝါတွေ ကျွတ်လွတ်သွားတာ ကိုယ်က ကုသိုလ်ပြုပြီး အမျှဝေတဲ့ အတွက်ကြောင့်ဆိုတာ ထင်ရှားတဲ့အကျိုးပေါ့၊ ကိုယ့်မှာ တိုးတဲ့ ကုသိုလ်ပေါ့၊ ပြီးတော့ သူမှာ သာဓုခေါ်ရတဲ့ ပတ္တနာနုမောဒန ကုသိုလ်ဆိုတော့ သူမှာ တိုးတဲ့ ကုသိုလ်ပေါ့၊ အဲဒါကြောင့် ဘုန်းကြီးတို့ ပရိသတ်၊ ကိုယ့်ကုသိုလ်ကို အာရုံပြုပြီးတော့ ၁၀ ရက်စခန်းသိမ်းပွဲ ရေစက်ချကြ ဆုတောင်း အမျှဝေကြာစို့ အားလုံးပဲ ဆိုလိုက်ကြပါ။

ရေစက်ချ

'အရှင်မြတ်ဘုရား ရုပ်နာမ်နှစ်ဖြာ၊ ဟုတ်မှန်ရာကို သူငါ မှည့်ခေါ် ဘုရားတပည့်တော်တို့သည် ပစ္စုပ္ပန်လောက၊ တမလွန် လောက၊ ကံ ကံ၏ အကျိုး၊ ရတနာ ၃ ပါးတို့၏ ဂုဏ်ကျေးဇူး ကို ယုံကြည်ကြပါကုန်သည်ဖြစ်၍ လည်းကောင်း၊ ကုသိုလ်ကံသည် သာလျှင် ကောင်းကျိုးကို ပေးတတ်၍ မကောင်းကျိုးကို ဖျက်ဆီးတတ်သောကြောင့် ကိုယ်ပိုင်ဥစ္စာဖြစ်သော ကံ မည်ပါပေ၏။

'အကုသိုလ်ကံသည်ကား မကောင်းကျိုးကို ပေးတတ်၍ ကောင်းကျိုးကို ဖျက်ဆီးတတ်သောကြောင့် ကိုယ်ပိုင်ဥစ္စာဖြစ်သော ကံမဟုတ်ပါချေ'

http://www.dhammadownload.com

ဤသို့သိခြင်းငှာစွမ်းနိုင်သော ကမ္မဿကတာဉာဏ် ပညာ၌တည်ကြည်ကုန်သည်ဖြစ်၍ လည်းကောင်း၊

'အလုံးစုံသော ရုပ်နာမ်နှစ်ပါး သခါရ သဘော တရားတို့သည် ဆင်းရဲအမှန် ဒုက္ခသစ္စာတည်း၊ ထို ဆင်းရဲကို ဖြစ်စေတတ်သော လောဘသည် ဆင်းရဲ ဖြစ်ကြောင်းအမှန် သမုဒယသစ္စာတည်း၊ ထိုဆင်းရဲနှင့် ဆင်းရဲဖြစ်ကြောင်းတရားတို့ ချုပ်ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်သည် ချမ်းသာအမှန် နိရောဓသစ္စာတည်း၊ ချမ်းသာအမှန် နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ရှစ်ပါး အကျင့်တရားသည် မဂ္ဂသစ္စာတည်း။

ဤသို့ သစ္စာ ၄ ပါးကို သိခြင်းငှာ စွမ်းနိုင်သော သစ္စာနုလောမိကဉာဏ်ပညာ၌ တည်ကြပါကုန်သည်၍ လည်းကောင်း။

တပည့်တော်တို့သည် မအိုရာ၊ မနာရာ၊ မသေရာ၊ တစ်ဖန် ပဋိသန္ဓေ မနေရာဖြစ်သော နိဗ္ဗာန်သို့ လျင်မြန် ထုတ်ချောက် ရောက်ရပါခြင်း အကျိုးငှာ လည်းကောင်း၊ သာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားပါစေခြင်း အကျိုးငှာလည်းကောင်း၊ ရွှယ်ကိုး၍ ၁၁ ည ၁၀ ရက် တိုင်တိုင် 'ဓမ္မဒါနတရားအလှူ'အမတဒါန အမတဒါန အမြိုက်နိဗ္ဗာန်အလှူပွဲသဘင် ကျင်းပ၍ ကြွရောက် လာသော ယောဂီ သူတော်စင်တို့အား တရားအလှူ၊ အမြိုက်နိဗ္ဗာန်အလှူ ပေးလှူကြပါကုန်၏။

http://www.dhammadownload.com

'တရားအလှူ၊ အမြိုက်နိဗ္ဗာန်အလှူကို အလှူခံရာသို့ ချမ်းချမ်းသာသာ အလှူခံယူနိုင်၍ အမြိုက်နိဗ္ဗာန်ကို လျင်မြန်စွာရပါစေခြင်း အကျိုးကို မျှော်ကိုး၍ ဆွမ်း ခဲဖွယ် ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့ကို ရိုသေစွာ ဆက်ကပ်လှူဒါန်းကျွေးမွေးကြပါကုန်၏။

'အဘက်ဘက်က လိုအပ်သော ဝေယျာဝစ္စအဝဝ တို့ကို စေတနာသုံးတန် ပြဋ္ဌာန်း၍ ထက်သန်စွာလုပ်ကိုင် ဆောင်ရွက်ကြပါကုန်၏။

'တပည့်တော်တို့ ရည်မှန်းပိုင်းခြား သတ်မှတ်ထား သည့်အတိုင်း လှူဖွယ်ပစ္စည်းအသီးသီးတို့ကို ရိုသေစွာ လှူဒါန်းပါကုန်၏။

'တပည့်တော်တို့၏ ဆွမ်းဆေး စသော လှူဖွယ် ပစ္စည်း အသီးသီးတို့ကို ဘုဉ်းပေးသုံးဆောင်ကြရကုန် သော တပည့်တော် တို့၏ ဝေယျာဝစ္စအပြုကို ခံယူကြ ကုန်သော အလှူခံသော ယောဂီ သူတော်စင်တို့သည် တပည့်တော်တို့၏ အာဟာရ အထောက်အပံ့၊ တရား အထောက်အပံ့၊ ဝေယျာဝစ္စအထောက်အပံ့တို့ကိုရ၍ မိမိ တို့ အားထုတ်သော ဝိပဿနာတရားသည် မဂ်တရားသို့ ကျေးဇူးပြု၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ လျင်မြန်ထုတ်ချောက် ရောက်ကြပါစေကုန်သော်...'

'မဂ်ဖိုလ်၊ နိဗ္ဗာန်ကို ရည်မှန်း၍ ကျွေးမွေးဆက်ကပ် လှူဒါန်းဟောကြား၊ နာကြား၊ ဝေယျာဝစ္စ ပြုလုပ်ကြသော

http://www.dhammadownload.com

ကုသိုလ်ရှင်ဖြစ်ကြသော တပည့်တော်တို့လည်းပဲ တရား ရှင် ယောဂီ သူတော်စင်တို့ ရောက်ရလို မျက်မှောက်ပြု လိုသော မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်ထုတ်ချောက် တပည့် တော်တို့ ပြုအပ်သော ကုသိုလ်စွမ်းအင်ကြောင့် ရောက်ရ ရရမျက်မှောက်ပြုရပါလို၏ အရှင်ဘုရား"

"အရှင်ဘုရား... ဘုရားတပည့်တော်တို့သည် (၁၁) ည (၁၀)ရက် တိုင်တိုင် ဟောကြား၊ နာကြား၊ လှူဒါန်း၊ ဆောက်တည်ပွားများအားထုတ်ရသော အမျိုးမျိုးသော ဓမ္မဒါန၊ အမတဒါန၊ အာမိသဒါန၊ သီလသမာဓိ၊ ပညာ ဘာဝနာ ဝေယျာဝစ္စ စသော ကုသိုလ်ကောင်းမှုအစုစု တို့၏ အဖို့ဘာဂတို့ကို တပည့်တော်တို့၏ ကျေးဇူးရှင် ဖြစ်ကုန်သော အသက်ထင်ရှား၊ မထင်ရှားသော မိဘနှစ်ပါး၊ ဆရာသမားတို့အားလည်းကောင်း၊ ဤ သပိတ်အိုင်တောရအတွင်းသို့ ကြွရောက်လာကြသော မြင်အပ်၊ မမြင်အပ် နှစ်ရပ်သော ပရိသတ်တို့အား လည်းကောင်း၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ အရပ်စောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ သာသနာတော်စောင့်နတ်၊ လောကစောင့်နတ်၊ သိကြား မင်း၊ ဗြဟ္မာမင်း၊ ယမမင်း၊ ပြည့်ရှင်မင်းတို့ကို အစထား၍ (၃၁)ဘုံ ကျင်လည်ကုန်ကြား ဝေနေယျချမ်းသာသော

http://www.dhammadownload.com

သတ္တဝါ ဆင်းရဲသော သတ္တဝါအပေါင်းတို့အား အမျှ-အမျှ-အမျှ-ဟု ပေးဝေပါကုန်၏"

"ဆိုအပ်ပြီးသော သတ္တဝါအပေါင်းတို့သည် တပည့်တော်တို့ အမျှပေးဝေသောခဏ၌ ဝမ်းမြောက်၊ ဝမ်းသာသာဓု အနုမောဒနာ ခေါ်နိုင်၍ ကောင်းကျိုးချမ်းသာ အဖြာဖြာတို့ကို ရရှိပြီးလျှင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ဝမ်းသာကြသည် ဖြစ်ကြပါစေကုန်လော။

အမျှ-အမျှ-အမျှ ယူတော်မူကြပါကုန်လော၊
သာဓု-သာဓု-သာဓု
အမျှ-အမျှ-အမျှ ယူတော်မူကြပါကုန်လော၊
သာဓု-သာဓု-သာဓု
အမျှ-အမျှ-အမျှ ယူတော်မူကြပါကုန်လော၊
သာဓု-သာဓု-သာဓု

(မေမ္ဗဒူတ-အရှင်ပညာဇောတ)
မေမ္ဗဒူတတောရ၊ (၁၁-၃-၈၃)
၁၃၄၄-ခု၊ ပြာသိုလပြည့်ကျော် ၃ ရက်။

http://www.dhammadownload.com

နိဒ်ုံး

ရေးစ၊ ရေးပြီးချိန်

ဤအလှူခံတစ်ကျိပ်လေးစာအုပ်မှာ တရားတိပ်ခွေ ပေါ်မှ ပေါ်ထွက်လာသောစာအုပ်ဖြစ်ပါသည်။ မုတ္တမမှ မခင်မာလာထွန်းက တိပ်ခွေမှ စာမူအဖြစ်သို့ အရောက် ကူးပေးပါသည်။ မခင်မာလာထွန်း ကူးပေးသော စာမူ ကြမ်းကို သထုံမြို့ ဆရာမ ဒေါ်မူမူသွယ် (အ-ဆ-ပြ) က စာမူချောအဖြစ်သို့ ကူးပေးပါသည်။

ဒေါ်မူမူသွယ်ကူးပေးသော စာမူချောကို မိမိက တစ်ဖန်ပြန်၍ တရားဟော တရားပြရင်း အချောသတ် ရေးသားရာ (၃၁-၁-၈၃) နေ့၊ (၁၃၄၄ ခု၊ ပြာသို လပြည့်ကျော် ၃ ရက်နေ့) မွန်တို ၁၀-ရက်စခန်းအရောက် အပြီးရောက်ပါသည်။

စာကိုယ်အပြီးရောက်သွားသော်လည်း နိဒ်ုံးကိုမူ မရေးသေးဘဲ စိတ်ဝင်စားသော ဗုဒ္ဓဝမ္မပြဿနာများကို

http://www.dhammadownload.com

ရေးသားနေ ခဲ့ပါသည်။ ဤနိဂုံးကို ၁၇-၂-၈၃၊ ၁၃၄၄ ခု တပို့တွဲလဆန်း ၅ ရက်နေ့မှပင် ရေးနိုင်ပါသည်။

သို့ဖြစ်၍ ဤ**"အလွှဲခံတစ်ကျိပ်လေး"** စာအုပ်သည် ၁၃၄၄ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်နေ့ (၁၇-၂-၈၃) နေ့၊ ကျုပျော်မြို့နယ် သောင်ကြီး ၁၀-ရက်စခန်း အရောက် ပြီးမြောက်ပါသည်။

ကျေးဇူးဆပ်ပါ၏

ဤမှု ကြိုးစား၍ ရေးသားရသောကောင်းမှုများဖြင့် မိမိအပေါ်တွင် ကျေးဇူးဥပကာရ အထူးရှိကြပေကုန်သော မိဘနှစ်ပါး၊ ဆရာသမားများ၊ ရဟန်းဒါယကာ၊ ဒါယိကာမများ၊ ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမများ၊ ဆွေမျိုးညာတကာများ၊ မိတ်ဆွေသင်္ဂဟများတို့အား ကျေးဇူးတုံ့ပြန်ဆပ်ပါ၏။

အထူးအားဖြင့် ရောက်လေရာ တရားပွဲများ၊ ၁၀-ရက်စခန်းများ၊ ကျင်းပရာဌာနမှဒါယကာ ဒါယိကာမများက မိမိ၏စာပေရေးသားနိုင်ရေးအတွက် အကူအညီပေးသည်ကိုများစွာကျေးဇူးတင်၍ ကျေးဇူးသိကာ တုံ့ပြန်ဆပ်ပါ၏။

အမျှဝေပါ၏

ဤမှု ရက်လတို့ဖြင့် ဇွဲခိုင်ခိုင်နဲ့ ကြိုးစားရေးသားရသော ဤ**"အလွှဲခံတစ်ကျိပ်လေး"** စာအုပ်အတွက် ရရှိ

http://www.dhammadownload.com

သည့် ဓမ္မဒါန၊ အမတဒါနကောင်းမှု ကုသိုလ်၏ အဖို့ ဘာဂအဝဝကို-

"မြင့်မိုရ်စက္ကဝါ၊ ပမာမေရု၊ နွိုင်းမတုအောင်၊ ဗဟုပကာရ၊ ဂုဏ်ကြီးလှသား၊ မိဘနှစ်ဖြာ၊ မြတ်ဆရာ နှင့်၊ ရာဇာသနင်း၊ ရောင်းရင်းငယ်ဖော်၊ ဆွေတော်မျိုးစပ်၊ အရပ်နေစု၊ စတုပစ္စယာ၊ ဒါယကာ ဒါယိကာမ၊ ဂေါစရဂ်၊ နိယံမပြတ်၊ နိစ္စဗဒ်ဖြင့် ယုတ်မြတ် ကြည်ဖြူ။ ပေးလှူတတ်စွာ၊ မြို့ရွာပတ်လုံး၊ သိမ်းကြုံးလုံးစုံ၊ နိဂုံးဇနပါဒ၊ ဝေနိုးစသည့် ရှိကြထိုထို၊ များလူဗိုလ်ပါ၊ ကိုယ်က စောင့်တတ်၊ နတ်နှင့်တကွ၊ ဘုမ္မရက္ခာ၊ အာကာသစိုး၊ တန်ခိုး မဟိဒ်၊ ပညဇိဒ်နှင့် ဂုဏ်ဟိတ်မြင့်မား၊ သိကြားသက္ကဝါသဝန်၊ လောကစောင့်လျင်း၊ နတ်မင်းလေးဖြာ၊ သာထာဂိရု၊ ဟေမဝတ၊ ကုန္ဓစိတ္တ စသည်တွက်ဘွဲ့၊ နှစ်ဆယ့်ရှစ်ဦး၊ နတ်စစ်မှူးဟု အထူးမည်ရ၊ အဋ္ဌဝီသ၊ ယက္ခမဟာ၊ သေနာပတိ၊ ထိုပြိတတွေ၊ ရေပင်လယ်သွား သူတော်များအား စောင့်ငြားတတ်သည့် မဏိ မေခလာ၊ တဖြာထိုမှ ဒသက္ကဿရ၊ လောကသဟသ် ဝန်းပတ်ရံခြံ၊ မဟာပြုတို့ ပြောဟုန်ဆူဆူ၊ မိုးသူမိုးသား၊ မြေဖွားရေပေါက်၊ ထိုရွှေ့လောက်ထိ၊ ထက်အောက်ဝန်းကျင်၊ များပုံယင် အား၊ အကြင်ရှိသမျှ၊ မကျန်ရအောင် စေ့ငှ မသွေ 'အမျှ-အမျှ-အမျှ' ဝေသည် ရစေ ငဲ့နှယ် အတူတည်း။

http://www.dhammadownload.com

ဆုတောင်းလွှာ

ဤ **"အလှူခံတစ်ကျိပ်လေး"** စာအုပ်ကို ကြိုးစား ရေးသားရသော ကောင်းမှုတို့ကြောင့် အရဟတ္တမဂ် ဉာဏ် သဗ္ဗညုတ ရွှေဉာဏ်တော်ကို ချမ်းသာသော အကျင့် လျင်မြန်သော အသိဉာဏ် တို့ဖြင့် ထိုးထွင်း သိမြင်၍ ဘုံပြင်ဘုံသား ဝေနေယျ သတ္တဝါများကို တရား စည်ကြီး သောင်းထိုက်ဟည်းအောင် ရိုက်တီးနိုင်ဆော် ဟောဖော်ညွှန်ပြ၍ နိဗ္ဗာန်ထုတ်ချောက် အရောက် ပို့ဆောင် ကယ်တင်နိုင်သည့်ကိုယ် ဖြစ်ရပါလို၏။

တောင်းပန်တိုက်တွန်းလွှာ

ဤ **"အလှူခံတစ်ကျိပ်လေး"** စာအုပ်၌ ချွတ်ချော် မလျော်တန်ရာ အဖြာဖြာတို့ကို အကယ်စင်စစ် သတိလစ် ကာ ပါဝင်မိကုန်ငြားအံ့၊ ယင်းတို့ကို ပညာရှိအများ အပြစ်မထားဘဲ ပယ်ရှားနိုင်ကြပါစေကုန်သတည်း။

ဗုဒ္ဓမိန့်ဟ လမ်းစဉ်ကျသည့် အပြစ်ကင်းပ၊ လမ်းပြ ဒေသနာ ကျင့်စရာ အဖြာဖြာတို့ကိုလည်း စိတ်မှာစွဲကပ် သတိချပ်၍ မပြတ်ပုံသေ ကျင့်ကြံနိုင်ကြပါစေကုန် သတည်း။

ယင်းသို့ ကျင့်ကြံပြန်ိုင်သဖြင့် လောကီလောကုတ် မယုတ်မွားတိုး ကောင်းကျိုးချမ်းသာ အဖြာဖြာတို့

http://www.dhammadownload.com

ပြည့်ကာ ကြွယ်မောက် ဝမ်းမြောက်နိုင်ကြပါစေကုန်သတည်း။

(မေမဒူတ-အရှင်ပညာဇောတ)
၁၃၄၄-ခု၊ တပို့တွဲလဆန်း ၅ ရက်။
(၁၇-၂-၈၃)

http://www.dhammadownload.com

ရည်ရွယ်ချက်

ဤအလှူခံဓာတ်ကျိပ်လေး တရားတော် ကျမ်းစာအုပ်ကို ဓမ္မဒုတ–အရှင်ပညာဇောတ အရှင်မြတ် ပြုစုနေသော ရှင်တော်ဗုဒ္ဓ၏ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး အတွက် ရေးသူလျှက် ရန်ကုန်မြို့ ကုန်သည်လမ်း ရှာဝ–ဦးဝင်းအောင်ကျော် ဒေါ်ဒေစီလင်းနှင့် သားများက ဓမ္မဒါန တရားအလှူ အမတဒါန အမြိုက်နိဗ္ဗာန် အလှူအဖြစ် ထုတ်ဝေပါသည်။